
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၂၄၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၁၀၀၅၁၂

**မျက်နှာဖုံးဒီဇိုင်း**

မြင့်မောင်ကျော်

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - ဇူလိုင်လ ၂၀၀၂ခုနှစ်
ဒုတိယအကြိမ် - ဒီဇင်ဘာလ ၂၀၀၅ခုနှစ်

**မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်**

ဦးစိန်ဝင်း (စိန်ရတနာ)
၂၁/၁၆၂လမ်း၊ တာမွေ။

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်
(ချိုတေးသံစာပေ)
ပုလဲမြို့၊ အမှတ်(၃)၊ မင်္ဂလာဒုံ။

**အုပ်ရေ**

(၅၀၀)

၉၀၀ ကျပ်


# မင်းလူ

# သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့


ဧကို စာပေ

အမှတ် ၇၅ (ဒီ)၊ ဖိုးစိန်လမ်းနှင့် ဗျိုင်းခုရှစ်ဦးစင်လမ်းထိပ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၂၁၃၄၅၊ ၅၅၉၇၇၃
မှ
ထုတ်ဝေသည်။


www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုကို သုမောင်၏ အကြွေးဝတ္ထုနှင့် တွဲဘက်၍
၁၉၈၁ ခုနှစ်၊ မေလတွင် ထုတ်ဝေခဲ့ဖူးပါသည်။

Present by **Ngartoisarpay**

Distributed by **Shwe Eain Mhu**
31st, Upper Block, Yanogn.

BURMESE CLASSIC .com



# သူဆံပင်နှင်းဆီပွင့်တွေနဲ့

## (၁)

အပလေသည် ကျွန်တော့်ကို အူကြောင်ကြောင် ဖြစ်သွားစေသည်။ ထိုလေသည် ကျနြွေမရှုဟု ထင်၏။ လွတ်လပ်ပေါ့ပါးလွန်းစွာ နေရာအနှံ့ လှုပ်ခတ်ပြေးလွှားနေသည်။ ကျွန်တော်၏ တိုနံ့နံ့ဆံပင်ကြားသို့ တိုးဝင်လာသောအခါ မခံမရပ်နိုင် ဖြစ်လာသည်။ နားထင်ကြောတွေ စိမ့်လာ၏။ တိုက်ခတ်မှုနှုန်းသည် များပြား ပြင်းထန်လွန်းသည်ဟု ထင်နေမိလေသည်။ အထူးခြားဆုံးမှာ ထိုလေတွင် အနံ့မရှိခြင်းပင် ဖြစ်သည်။ ရှူရှိုက်ရသည်ကို အားမရ၊ လတ်ဆတ်လွန်းအားကြီးနေသည်။ တစ်ခုခု လိုနေသည်။ စိမ်းရွှေရွှေ အောက်သိုးသိုးအနံ့တစ်ခုလိုအပ်နေခြင်းပင် ဖြစ်တန်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အငွေ့အသက်' ဆိုသော စကားလုံးသည် အဓိပ္ပာယ် ကျယ်ဝန်းပြီး အနက်ဖွင့်ဆိုရ ခက်ခဲသည်။ အတတ်နိုင်ဆုံး ရှင်းပြရလျှင် ဆေးရုံဆေးခန်းတို့ကို ဝင်မိသောအခါ ပိုးသတ်ဆေးနံ့၊ အရက်ပြန်နံ့တို့ကို ရတတ်သည်။ တစ်ခါတစ်ရံ မန်းပင်ရေလောင်းရင်း ရုတ်တရက် ရေစိုသွားသော မြေကြီးမှ မြေသင်းနံ့ကို ရလိုက်သောအခါ မိုးဦးကျအချိန်ကို ဖျတ်ခနဲ သတိရသောအဖြစ်မျိုး ကြုံဖူးကြပါလိမ့်မည်။ ကျွန်တော်ကား ဆိုးရွားသော အငွေ့အသက်တွင် အနေကြာလာခဲ့သောကြောင့် သန့်ရှင်းလတ်ဆတ်သော အငွေ့အသက်ကို ရှုတ်ခြည်း ခံစားလိုက်ရသောအခါ နေမထိ ထိုင်မသာ ဖြစ်သွားခဲ့ရခြင်းပင် ဖြစ်လေသည်။ ထိုဆိုးရွားသော အနံ့အသက်များကိုပင် တမိးတနေမိသလို ဖြစ်ရသည်မှာ ထူးဆန်းလှပေသည်။

⁂

"ပေါ်ဦး၊ အဖေ့နာမည် ဦးထင်ပေါ်၊ ရှိရင် လက်ထုတ်"

လူကို မမြင်ရသေးဘဲ အသံကို အရင်ကြားရသည်။ အိပ်ဆောင်ထဲတွင် ဟိန်းထသွားသော ထိုအသံကြောင့် နံရံကို မှီ၍ ထိုင်နေရာမှ ဝေါက်ခနဲ ထလိုက်သည်။ ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယ ဖြစ်သွားမိ၏။ အခန်းထဲက လူများ လှုပ်လှုပ်ရှရှ ဖြစ်သွားသည်ကို တွေ့နေရတော့မှ အမှန်တကယ်ဖြစ်ကြောင်း သေချာသွားသည်။ အဘခေါ် ကိုမြင့်ထွန်းက "ဟော့ ကောင်၊ မင်းနာမည် ခေါ်နေတယ်" ဟု လှမ်းပြောသည်။ ကျွန်တော် လူးလဲထရပ်လိုက်ပြီး သစ်သားတိုင်များရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ လက်ကို တိုင်ကြားထဲ လျှိုပြီး ဆန့်ထုတ်ထားလိုက်၏။



ခပ်ပြင်းပြင်း နင်းလာသော ခြေသံများ တဖြည်းဖြည်း နီးကပ်လာသည်။ အခန်းထဲက လူများ ကျွန်တော့်ကို ဝိုင်းကြည့်နေကြသည်။ ထောင်ကြပ်နှစ်ယောက်နှင့် တန်းစီတစ်ယောက် ကျွန်တော့်အပြင်ဘက်မှာ လာရပ်သည်။

"နာမည်ပြော"

"ပေါ်ဦး"

"အဖေနာမည်"

"ဦးထင်ပေါ်"

"ပစ္စည်းသိမ်းထွက်ခဲ့"

'ဒိတ်ခနဲ' ရင်ခုန်သွားသည်။ လာခေါ်သော ထောင်ကြပ်တို့၏ မျက်နှာများကို ခဏမျှ စေ့စေ့ကြည့်နေမိသည်။

"သွားလေကွာ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တန်းစီကြီးက ပြောသည်။ သူ့မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခုကို မြင်လိုက်ရ၏။ ချာခနဲ လှည့်ထွက်ပြီး ကျွန်တော့်နေရာသို့ လာခဲ့သည်။ ပစ္စည်းတွေ အလျင်အမြန်သိမ်းသည်။ တကယ်တော့ သိမ်းစရာ ပစ္စည်းလည်း သိပ်များများ မရှိ။ ပုဆိုးနှစ်ထည်၊ ရှပ်အင်္ကျီနှစ်ထည်၊ စွပ်ကျယ်တစ်ထည်၊ မျက်နှာသုတ်ပဝါ အစုတ်တစ်ထည်၊ ပြီးတော့ အမှတ်တရ ပစ္စည်းကလေးတွေ။

"မင်းလွတ်ပြီကွ"

တင်မောင်က လာပြောသည်။ ကျွန်တော့်ဘေးနားမှာ လူလေးငါးယောက် ဝိုင်းအုံလာသည်။ တင်မောင်၊ ကိုမျိုးဦး၊ ဖေကြီး၊ မောင်ကျော်၊ အဘတာနှော စသူတို့။

"ပြီးပြီလားဟေ့. . ."

ထောင်ကြပ်၏ အသံကို ကြားရသည်၊ ကျွန်တော်သည် မျက်နှာတွေကို တစ်ယောက်စီ အလျင်အမြန်ကြည့်လိုက်သည်။ ဆေးပေါ့လိပ် နှစ်လိပ်ကို အင်္ကျီထဲ ထည့်သည်။ အမှတ်တရ ပစ္စည်းကလေးတွေ ထည့်ထားသော ပလတ်စတစ် အိတ်ကလေးကို ကောက်ယူသည်။

"အဝတ်အစားတွေ ထားခဲ့မယ်"

ကျွန်တော် ပြောပြီး ထရပ်လိုက်သည်။ တံခါး ကလန့်



ဖြုတ်သံ ကြားရသည်။ အခန်းအပြင်ကို ထွက်သည်။ အခန်းထဲကို တစ်ချက် ပြန်လှည့်ကြည့်သည်။

"သွားလေကွာ၊ ဘာလဲ မထွက်ချင်သေးဘူးလား"

ထောင်ကြပ်တစ်ယောက်က ပြောပြီး နောက်တစ်ယောက်က ရယ်သည်။ ကျွန်တော် သူတို့ရှေ့က လျှောက်သွားရသည်။ သစ်သားတိုင်တွေကြားထဲတွင် မျက်နှာတွေ ရိပ်ခနဲ၊ ရိပ်ခနဲ ကျန်ရစ်ခဲ့သည်။

ထောင်ဘူးဝရုံးခန်းတွင် ကျွန်တော့်ကို စစ်ဆေးသည်။ ထောင်ထဲ အဝင်တုန်းက မှတ်သားထားသော ကိုယ်ပေါ်က အမှတ်အသားများဖြင့် တိုက်ကြည့်သည်။ နာမည်၊ အဖေ့နာမည် ထပ်မံစစ်ဆေးသည်။ ထို့နောက် ထောင်းဘူးဝတံခါးမှ ငုံ့ထွက်လိုက်သည်။ လွတ်ပြီ။

အင်းစိန်လမ်းသည် ရှေ့တွင် ဖြောင့်ဖြူးစွာ ရှိနေသည်။ ကားသည် အရှိန်ဖြင့် သွားနေသည်။ သို့ရာတွင် ကျွန်တော့်စိတ်သည် ကားနှင့်အတူ ရှေ့ကို မတက်ဘဲ ဖြစ်နေ၏။

ထောင်ကြပ်များက နာမည်လာခေါ်သည်မှစ၍ ဘူးဝမှ ထွက်လာခဲ့သည့် အချိန်အထိ အတောအတွင်းတွင် ကိုယ့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဘာဖြစ်နေမှန်း မသိခဲ့။ ဘာလုပ်၍ ဘာကိုင်မိပြီး ဘယ်လို အမှုအရာ ရှိနေသည်ကို သတိမထားမိခဲ့။ ထိုအချိန်က ကျွန်တော် ဘာတွေ စဉ်းစားနေခဲ့သလဲဟု ပြန်တွေးကြည့်သည်။ ဘာမျှ မစဉ်းစား၊ စက်ရုပ်တစ်ခုလို ခေါ်သည့်နေရာ လိုက်သွား၊ မေးတာဖြေ၊ ဒီလောက်ပဲ ဖြစ်သည်။ ခုလောလောဆယ်မှာကော ကျွန်တော် ဘာတွေ စဉ်းစားနေသနည်း။ ဘာမျှ မစဉ်းစား၊ ဘာစဉ်းစားလျှင် ကောင်းမည်လဲဟု စဉ်းစားကြည့်သည်။ မရ။ တကယ်တော့ လောလောဆယ်အတွက်ကော ရှေ့အတွက်ကော ဘာကိုမျှ မစဉ်းစားမိဘဲ ရှိနေလေသည်။ ထောင်ဘူးဝ ရောက်သည့်အချိန်ထိ အကြောင်း ပြန်စဉ်းစားပြီးသောအခါ ရှေ့မဆက်တော့ဘဲ အတွေးစ ရပ်သွားသည်။ ဘာကိုထပ်၍ စဉ်းစားရမည်မှန်း မသိတော့။ ကျွန်တော့်စိတ်ထဲတွင် ဟင်းလင်းပြင်လို ဖြစ်နေသည်။ ဆုံးစ မရှိသော၊ တိကျရေရာခြင်း မရှိသော၊ အသိရ ခက်ခဲသော ကောင်းကင်ကို မော့ကြည့်နေရသလိုပင်။ သို့ရာတွင် ကျွန်တော်သည် ကောင်းကင်နှင့် လားရာဘက်ချင်း ထောင့်မတ်ကျသော မြေပြင်ပေါ်တွင် သွားနေခြင်း ဖြစ်လေ၏။

မြေနီကုန်းတွင် ကျွန်တော် ကားပေါ်မှ ဆင်းရသည်။ ဆန်းသီရိရုပ်ရှင်ရုံရှေ့တွင် တစ်ယောက်တည်း ယောင်လည်



လည် ကျန်ရစ်ခဲ့၏။ ကျွန်တော့်လက်ထဲတွင် အမှတ်တရ ပစ္စည်းကလေးတွေ ထည့်ထားသော ပလတ်စတစ်အိတ်နှင့် လိုလိုမယ်မယ် ယူလာခဲ့သော လုံချည်စုတ်တစ်ထည်၊ ပလတ်စတစ်အိတ်ကို လုံချည်စုတ်ဖြင့် ပတ်၍ ကိုင်ထားလိုက်သည်။

အိတ်ထဲတွင် ဆေးလိပ်တစ်လိပ်မှ လွဲ၍ ဘာမျှမရှိ။ နတ်သားတံဆိပ်ဆေးပေါ့လိပ် နှစ်လိပ် ယူလာခဲ့သော်လည်း ထောင်ဘူးဝမှ ထွက်လာခါနီး စောင့်နေရတုန်း တစ်လိပ် သောက်ခဲ့သည်။ အထဲမှာဆိုလျှင် ဒီဆေးလိပ်တစ်လိပ်သည် အတန်အသင့်သော အရာရောက်ပေလိမ့်မည်။ ယုတ်စွအဆုံး ရေတစ်ခွက် တစ်ဖလားတော့ ပိုချိုးခွင့်ရအောင် ကူညီနိုင်ပေလိမ့်မည်။ ခုတော့ ဒီလိုမဟုတ်၊ မီးရှို့ပြီး ရှိုက်ဖွာလိုက်ရုံက လွဲ၍ ဘာမျှ အသုံးမဝင်တော့။ ခုအချိန်တွင် အရေးကြီးဆုံးမှာ ဆေးလိပ်သောက်ဖို့ မဟုတ်ချေ၊ အိမ်ပြန်ဖို့ ဖြစ်သည်။ ကျွန်တော့်မှာ ပိုက်ဆံတစ်ပြားမျှ မရှိ။ လမ်းစရိတ် လိုသည်။

ဘတ်စ်ကားကို 'ပိုက်ဆံမပါဘူး ဟု ပြော၍ မစီးချင်။ သုံးဘီးကားငှားစီးသွားမည်။ အိမ်ရောက်မှ ပိုက်ဆံတောင်းပြီး ပေးလိုက်မည်ဟု စိတ်ကူးသည်။ သို့ရာတွင် ထိုအကြံကို လက်လျှော့လိုက်သည်။ အိမ်ရောက်မှ အိမ်ကလူတွေ အပြင်ထွက်နေကြလျှင် ခက်မည်။ ပြီးတော့ ကျွန်တော့်ပုံစံ၊ မညီမညာ

www.burmeseclassic.com

www.burmeseclassic.com



ညှပ်ထားသော ဆံပင်တိုနံ့နံ့ ထိုးထိုးထောင်ထောင်၊ ကော်လာကုပ်သားတွေ စုတ်ဖွာပြီး ဘာအရောင်မှန်း မသိနိုင်တော့သော အင်္ကျီ၊ အကွက်လား၊ အစင်းလား ခန့်မှန်းဖို့ ခက်ပြီး ဒေါင်လိုက်ကွဲထွက်နေသဖြင့် ရရာအပ်ချည်ဖြင့် သီထားရသော လုံချည်၊ ပြီးတော့ ဖိနပ်၊ ဖင်အမြီးတိုနေပြီဖြစ်သော ရာဘာအောက်ခံတွင် အုန်းဆံကြိုးကို ကျစ်၍ သဲကြိုးအဖြစ် တပ်ထားသည်။ ဒီလိုပုံစံမျိုးရှိသော သူက တစ်ဆယ်၊ ဆယ့်ငါးကျပ် အနည်းဆုံးတန်သော ခရီးကို ငှားရမ်းလျှင် သုံးဘီး၊ လေးဘီးဆရာတွေက ယုံကြည်စိတ်ချစွာ လိုက်ကြပါမည်လား။

လမ်းဘေးတွင် ချရောင်းသော ကုန်စုံဆိုင်ကလေးတွေကိုမြင်မှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။ မြေနီကုန်းဈေးထဲမှာ ကျွန်တော့်ဦးလေးတစ်ယောက်၏ ဆိုင်ရှိသည်။ ကုန်မျိုးစုံဆိုင်။

ရုတ်တရက် ဝမ်းသာသွားမိပြီး လမ်းဖြတ်ကူးလိုက်သည်။ လမ်းအလယ်ရောက်မှ ကြောက်ပြီး ရပ်သွားသည်။ ဟင်. . . ကားတွေ ကားတွေ။ ဘေးမှ 'ဝှီးခနဲ၊ ဝှီးခနဲ' ဖြတ်သွားနေသည်။ ကျွန်တော် လမ်းမကူးတတ်တော့။ ရှေ့ဆက်၍ မသွားရဲ။ သို့ရာတွင် ဒီအတိုင်း ရပ်နေ၍လည်း မဖြစ်။ ပွတ်ကာသီကာ ရှောင်သွားကြသော ကားတွေကြားမှာ လန့်လာ



ပြန်သည်။ ကားအနည်းငယ် ရှင်းသွားသောအခိုက် ကျွန်တော်စွတ်ပြေးသည်။ ဟိုဘက်ပလက်ဖောင်းကိုရောက်တော့ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေ၏။ မောလည်း မောနေသည်။ ခဏရပ်နေရပြီးမှ ဈေးထဲဝင်လိုက်သည်။

မြေနီကုန်း ညဈေးသည် များစွာ စည်ကားနေပြီ။ အရင်ကလို ညကျမှ စည်ကားခြင်း မဟုတ်တော့။ ညနေစောင်းအချိန်မှာပင် အတော် စည်ကားနေလေပြီ။ ဆိုင်တွေလည်း ပိုများလာ၏။ အပြင်တန်းတွင် ဆိုင်သစ်တွေ တိုးလာသည်။ မှတ်သားထားသော အနေအထားတွေ ပြောင်းကုန်သဖြင့် ဦးလေးဆိုင်ကို တော်တော်နှင့် ရှာမတွေ့။

ဆိုင်တန်းတွေကြားထဲ လျှောက်သွားနေရင်းက ဟိုဘက်အတန်းဆီမှ ဖျတ်ခနဲ အရောင်လက်သွားသောကြောင့် လှည့်ကြည့်မိသည်။ တွေ့၏။ ဦးလေး မဟုတ်ချေ။ ဦးလေး၏မိန်းမ အဒေါ်ဖြစ်သည်။ စောစောက အရောင်လက်သွားသည်မှာ အဒေါ်၏ စိန်နားကပ်က ဖြစ်ပေလိမ့်မည်။

ဆိုင်သည် ဟိုတုန်းကထက် ပို၍ ခမ်းနားနေသည်။ ပစ္စည်းတွေလည်း ပိုစုံ၏။

ဆိုင်ရှေ့တွင် ရပ်လိုက်သောအခါ သူ မော့ကြည့်သည်။ 'ဘာလဲ' ဆိုသောသဘောဖြင့် မေးကိုဆတ်၍ ငေါ့ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြုံးပြလိုက်၏။ အဒေါ်သည် ကျွန်တော့်ကို ကြောင်၍ ကြည့်နေသည်။ မှတ်မိဟန် မတူချေ။

"ဒေါ်ဒေါ် . . . ကျွန်တော် ပေါ်ဦးလေ"

အဒေါ်သည် ရုတ်တရက် မျက်မှောင်ကုပ်လိုက်သည်။ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးလောက်နီးပါး ကြည့်ပြီး . .

"ဩော် . . . အေး"

အေးစက်စက် ဖြေလိုက်သောကြောင့် စိတ်ထဲတွင် မနှစ်မြို့ဘဲ ဖြစ်သွားသည်။ ကျွန်တော် ထပ်ပြောပြန်သည်။

"ဟို . . . ဦးထင်ပေါ်ရဲ့သား"

"ဘယ်တုန်းက လွတ်သလဲ"

ကျွန်တော့်စကားကို ဖြတ်၍မေးသည်။ ကျွန်တော် ချက်ချင်း တက်ကြွစွာ ဖြေသည်။

"အခုပဲ ဒေါ်ဒေါ်၊ အိမ်တောင် မရောက်သေးဘူး"

ခေါင်းညိတ်သည်။ တစ်ခုခုမေးဦးမည်ထင်၍ စောင့်သေးသည်။ သူ မမေးတော့မှ ကျွန်တော် မေးရသည်။

"ဦးလေးကော ဒေါ်ဒေါ်"

"မရှိဘူး၊ ဩော် . . ဘာအလိုရှိပါသလဲရှင်"

ကျွန်တော့်ကိုဖြေရင်း ဝယ်သူရောက်လာသဖြင့် တစ်ဆက်တည်း လှမ်းမေးသည်။ ဝယ်သူက "ကြည့်တာပါ" ပြောပြီး



ထွက်သွားသည်။ အဒေါ်၏ အမူအရာကို စိတ်ထဲတွင် တစ်မျိုးဖြစ်မိသည်။ သို့ရာတွင် မတတ်နိုင်။

"ဒေါ်ဒေါ်"

သူ ဆတ်ခနဲ ဖြစ်သွားသည် ထင်၏။

"ကျွန်တော် အိမ်ပြန်ဖို့ လမ်းစရိတ် မရှိလို့ . . . အဲဒါ"

"ဩော် . . . အေးအေး"

ကျွန်တော့်စကားကို ဆုံးအောင်ပြောခွင့်မပေး။ ပိုက်ဆံသေတ္တာကို ဖွင့်နှိုက်ယူသည်။ ကျွန်တော့်ဆီ လက်ကမ်းပေးသည်။ ကျွန်တော် လက်ဖြန့်လိုက်သည်။ လက်ထဲသို့ ပိုက်ဆံကျလာသည်။ ရင်ထဲက ကျဉ်ခနဲ ဖြစ်သွားသည်။ ကျွန်တော့်လက်ဝါးပေါ်တွင် ငါးမူးခေါ် ပြားငါးဆယ်စေ့ တစ်စေ့။ အဒေါ့်မျက်နှာကို တစ်ချက် စိုက်ကြည့်သည်။ အဒေါ်က စေတနာထက်သန်စွာ ပြုံး၍ ခေါင်းညိတ်ပြသည်။

"ကျေးဇူးပဲ ဒေါ်ဒေါ် ကျွန်တော် ပြန်ပေးပါ့မယ်"

လှည့်ထွက်လာခဲ့သည်။ "အို . . . မဟုတ်တာကွယ်၊ ပြန်ပေးစရာ မလို . . ." ဆိုသော အသံကို ကြားလိုက်ရသေးသည်။

⊙ ⊙ ⊙

www.burmeseclassic.com

www.burmeseclassic.com



တတိယမြောက် အမှတ် (၁၆) ဘတ်စ်ကားကို တိုးဝှေ့တက်ရသည်။ အရင်ကားနှစ်စီးတုန်းက တက်လို့မရ။ တွယ်စီးလျှင် ဖြစ်နိုင်သော်လည်း ကျွန်တော် မစီးရဲချေ။ ခုတစ်စီးကျမှ တက်လို့ရသည်။ ကားအတွင်းသို့ ရောက်အောင် အတင်းတိုးဝင်ရသည်။ ကားစထွက်သည်။ လက်မှတ်ရောင်းသူကို 'တာမွေ' ဟုပြောပြီး ငါးမူးစေ့ ပေးလိုက်သည်။ ပြားသုံးဆယ်ကို လက်မှတ်နှင့်လုံး၍ ပြန်ပေးသည်။

ကားပေါ်မှာ နေသားကျသလို ရှိသွားတော့မှ ပြန်စဉ်းစားကြည့်သည်။ ဦးလေးသည် ငယ်ငယ်က အလွန်ဆင်းရဲသည်။ အဖေက ခေါ်ပြီး ပညာသင်ပေးသည်။ ကျောင်းပညာမဟုတ်၊ အသက်မွေးဝမ်းကျောင်းပညာ။ ထမင်းစားရသော စီးပွားရေးပညာ၊ ဦးလေးက ကြိုးစားသည်၊ တော်လည်း တော်သည်။ အဖေစိတ်ကြိုက်တွေ့သော တပည့်တွေထဲတွင် ပါဝင်သည်။ ဦးလေး အိမ်ထောင်ကျပြီးနောက် ကိုယ်ပိုင်စီးပွားရေး လုပ်ချင်သည်ဟု ဆိုသည်။ သူ စုထားသောငွေကို အဖေက ထပ်မံဖြည့်၍ ကုန်စုံဆိုင်ကလေး ထောင်ပေးသည်။ ဦးလေး၏ ကြိုးစားမှုကြောင့် ခဏအတွင်းမှာ တိုးပွားလာသည်။ ဆိုင်ကို တိုးချဲ့သည်။ ကမာရွတ်၊ လှည်းတန်းဈေးမှာ ဆိုင်ခွဲတစ်ဆိုင် ထပ်ဖွင့်နိုင်လာသည်။



စောစောတုန်းက ဦးလေးသာ ရှိခဲ့လျှင် ခုလိုဖြစ်မည်မဟုတ်ချေ။ ဝမ်းသာအားရ ဆီးကြိုမည်။ တစ်ခုခုကျွေးမည်၊ သူကိုယ်တိုင် အိမ်အထိ လိုက်ပို့မည်။ ခုတော့ ဦးလေး၏မိန်းမ၊ ထားပါတော့ အဒေါ်၊ အဖေတို့၊ အမေတို့ ကျေးဇူးကို သူမထောက်ထားတော့။ ငါးမူးတဲ့။

(မှတ်မှတ်ရရ အပေါက်ကလေးဖောက်၊ ကြိုးနှင့်သီ၍ လည်ပင်းမှာ ခမည်းပေးသည့်အနေဖြင့် ဆွဲပေး၊ နောက်သိုးစရာ မရှိ၍ အပေါက်ကလေးကို ထုံးဖြင့် ပြန်ပိတ်ပြီး သုံးလိုက်ဟန်တူသော ငါးမူးစေ့ အလေးစေ့) အရင်က စိတ်မျိုးနှင့်ဆိုလျှင် ထိုငါးမူးစေ့ကို အဒေါ်၏ မျက်နှာကိုဖြစ်စေ၊ မြေကြီးပေါ်သို့ဖြစ်စေ ပစ်ပေါက်လိုက်မိပေလိမ့်မည်။ ကျွန်တော် ဒီလိုမလုပ်မိခဲ့။ ထိုကိစ္စကို စိတ်ထဲ၌သာ စွဲစွဲမြဲမြဲ မှတ်ထားလိုက်သည်။

အေးလေ. . . အေးလေ၊ အရင်က အရင်၊ ခုက ခုပဲ။ တာမွေဈေးမှာ ဆင်းပြီး ကားတစ်ဆင့် ပြောင်းစီးရပြန်သည်။ ထိုအချိန်တွင် တခြားစိတ်တွေ မရှိတော့။ အိမ်ရောက်ချင်နေသည့်ဇောသာ ရှိတော့သည်။ ထွက်ခါစပြုနေပြီဖြစ်သော အမှတ် (၁၄) ကား၏ နောက်ပေါက်မှ ပြေးတက်ရန် ကြိုးစားလိုက်သည်။ နောက်ခြေနင်းခုံပေါ်တွင် ရပ်နေသော လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က လက်လှမ်းပေးသည်။ သူ့လက်ကို ဖမ်းဆုပ်လိုက်၏။ နောက်တစ်ယောက်က ကျွန်တော့်လက်မောင်းကို ကိုင်၍ ဆွဲတင်သည်။ ကျွန်တော့်ကိုယ်သည် မြောက်တက်သွားပြီး ခြေထောက်က ခြေနင်းခုံပေါ် အလိုက်သင့် ကျသွားသည်။ ငြိမ့်ခနဲ ဖြစ်သွား၏။

ကျွန်တော့်အဖို့ ပထမဆုံး ကြုံတွေ့ရသော ပျော်စရာအဖြစ်တစ်ခုပင်။

* * *

မေမေသည် အိမ်ပေါက်ဝမှာ ရပ်နေသော ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေသည်။ ပြီးတော့မှ ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လိုက်၏။ မျက်ရည်ဝဲလာသည်။ ဘာမျှ မပြောနိုင်၊ ပြောစရာလည်း မလိုတော့။ ဒီနေရာတွင် ကျွန်တော် ရောက်ရှိနေခြင်းသည် သူ့အဖို့ အားလုံးပြည့်စုံနေလေပြီ။ မေမေ့ပခုံးကို ဖက်လိုက်ပြီး အိမ်ထဲ ဝင်လာခဲ့သည်။

မေမေသည် အိမ်အတွင်းခန်းထဲသို့ လှစ်ခနဲ ဝင်သွား၏။ ညေ့ခန်းထဲတွင် ကျွန်တော် ရပ်လျက် ကျန်ခဲ့သည်။ ကြမ်းပေါ်ကို အလျင်အမြန် နင်း၍လာသော ခြေသံကို ကြားလိုက်ရသည်။ ခန်းဆီးကို ဖယ်၍ ထွက်လာသည့် ဖေဖေ။



“သား”

ဖေဖေသည် ကျွန်တော့်ကို တင်းကျပ်စွာ ဖက်ထားသည်။ ကျွန်တော့်ရင်ထဲက လှိုက်ခနဲ ဖြစ်သွားသည်။ ကျွန်တော် ထင်ထားခဲ့သည်နှင့် ခုတွေ့နေရသည်နှင့် တစ်မျိုး ဖြစ်နေသည်။ မေမေသည် စိတ်ထား နူးညံ့သည်။ ကျွန်တော့်ကို မြင်လျှင် အတင်းဖက်ပြီး ငိုလိမ့်မည်ဟု ထင်ခဲ့သည်။ ဖေဖေကမူ စိတ်ဓာတ် ကြံ့ခိုင်မာကျောသူ ဖြစ်သောကြောင့် တည်တည်ငြိမ်ငြိမ်ပင် ဆီးကြိုနိုင်လိမ့်မည်ဟု ထင်ခဲ့၏။

ထိုသို့မဟုတ်ချေ။ မေမေသည် မျက်ရည်ဝဲလာရုံမှ လွဲ၍ တည်တည်ငြိမ်ငြိမ် ရှိနေသည်။ ဖေဖေသည် စိတ်လှုပ်ရှားနေပုံ ရနေလေသည်။

ကျွန်တော် နားလည်လိုက်၏။ မေမေသည် ကျွန်တော် မရှိတုန်း ကြိမ်ဖန်များစွာ ငိုခဲ့ရပြီးသောကြောင့် ကျွန်တော့်ကို မြင်သောအခါ ငိုဖို့မလိုတော့ချေ။ ဖေဖေကမူ အိမ်၏ ဦးစီးခေါင်းဆောင်ဖြစ်သောကြောင့် စိတ်ထိခိုက်မှုကို ဖုံးကွယ်၍ အားပေးနှစ်သိမ့်ခဲ့ရလိမ့်မည်။ ကျွန်တော် ရောက်လာသောအခါကျမှ ဆက်လက် ဟန်မဆောင်နေတော့ဘဲ စိတ်ကို လွှတ်လိုက်ဟန် တူသည်။ မည်သို့ပင်ဖြစ်စေ ဖေဖေရော မေမေပါ ကျွန်တော် မရှိသော အချိန်အတွင်း လိုအပ်သည်ထက် ပို၍ အိုစာ

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့လေပြီ။

သားအဖသုံးယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်နေကြရာမှ ဖေဖေက စကားစသည်။

"ထိုင်လေ သား၊ မတ်တတ်ကြီး"

ကျွန်တော် ကုလားထိုင်ကို ခပ်စိမ်းစိမ်းကြည့်သည်။ ဪ. . . ကုလားထိုင် ကုလားထိုင်။ ကုလားထိုင်ပေါ်မှာ ထိုင်ခွင့်ရပြီ၊ ဒါ ငါ့အိမ်။

⁂

ဖေဖေက "ဘာစားမလဲ" ဟု မေးသည်။ ကျွန်တော်က အတောင့်တဆုံး အရာကို ဖြေသည်။

"လက်ဖက်ရည် မတ်ခွက်ကြီးနဲ့အပြည့် သောက်ချင်တယ်"

မေမေက "ထမင်းစားပါလားကွယ်" ဟုပြောသည်။ ကျွန်တော် ခေါင်းခါလိုက်၏။ "ခေါက်ဆွဲကြော် စားမလား၊ ဒီနားမှာ ဆိုင်သစ်တစ်ဆိုင် ဖွင့်နေတယ်" ဟု ဆိုပြန်သည်။ "မစားချင်ဘူး၊ ပေါင်မုန့်ထောပတ်သုတ်၊ ဟင့်အင်း၊ ဝက်ခြေထောက်စွတ်ပြုတ်၊ ဘူးသီးကြော်" စသဖြင့် ကျွန်တော့်တို့နားမှာ ရနိုင်သော အစားအစာတွေ လျှောက်ရွတ်ပြနေသည်။ ဖေဖေ



က ရယ်၍. . .

"လက်ဖက်ရည်သာ ဖျော်စမ်းပါကွာ၊ သားပြောသလို မတ်ခွက်နဲ့ အပြည့်သာဖျော်"

မေမေသည် သိပ်မကျေနပ်သေး။ စားစရာတစ်ခုခုကို ထပ်၍ စဉ်းစားနေပုံ ရသည်။ ကျွန်တော်က "မြန်မြန်ဖျော်ပါ မေမေ" ပြောမှ မီးဖိုချောင်သို့ ဝင်သွားသည်။

ဖေဖေနှင့် ကျွန်တော် စကားပြောရင်း ကျန်ခဲ့သည်။ ဖေဖေပေးသော ဒူးယားစီးကရက်ကို ခဲလိုက်ပြီး မေးသမျှ ဖြေသည်။ အနေအထိုင် အစားအသောက်ကိစ္စများ၊ ကျွန်တော်ကလည်း အိမ်၏အခြေအနေတွေကို ပြန်မေးသည်။ မမကြီး၊ မမလေးတို့အကြောင်းလည်း ပါသည်။

ဟို. . . အဒေါ်နှင့် ပိုက်ဆံငါးမူးကိစ္စကို ပြောပြမည် စိတ်ကူးသေးသည်။ မပြောသင့်ဟု ထင်သောကြောင့် မပြောလိုက်ချေ။

ကျွန်တော်စကားများထဲတွင် 'အထဲမှာ' ဆိုသော စကားလုံး မကြာခဏပါသည်။ ခုအချိန်တွင် ကျွန်တော့်အဖို့ 'ထောင်' ဆိုသော စကားလုံးကို မပြောလို။

'ထောင်ထဲမှာ' ဟု ပြောမထွက်။ ဒီနေ့ နေ့လယ်အထိ 'အပြင်မှာ'ဆိုသော စကားကို တွင်ကျွင်သုံးခဲ့သည်။ ခုတော့

www.burmeseclassic.com

www.burmeseclassic.com



'အထဲ'မှာဆိုတာကိုသာ မပြတ်သုံးနှုန်းနေပြီ။

မမေသည် ကျွန်တော့်ဆန္ဒအတိုင်း လက်ဖက်ရည်ကျကျ မတ်ခွက်ကြီးနှင့် အပြည့်ယူလာသည်။ အပူအအေးကို အနေတော် ဖြစ်အောင် ပြင်ဆင်လာပုံ ရလေသည်။ လက်ဖက်ရည်ခွက်ကို ကျွန်တော် ကောက်ကိုင်ပြီး အငမ်းမရ သောက်ချလိုက်သည်။ သုံးပုံတစ်ပုံလောက် ကျိုးကျသွား၏။ ထို့နောက် စီးကရက်ကို အားပါးတရ ရှိုက်ဖွာပြန်သည်။ မမေသည် ကျွန်တော့်ကို ပြုံးပြုံးကြီး ကြည့်နေရာမှ ကျွန်တော့်မျက်နှာကို တစ်လှည့် လက်ထဲမှ စီးကရက်ကို တစ်လှည့် ကြည့်လိုက်ပြီး. . .

"ဟင်း. . . မင်း. . . မင်း ဆေးလိပ်သောက်နေတယ်"

လက်ထဲမှ စီးကရက်ကို လွှင့်ပစ်လိုက်ရမလို ပြာခွက်ထဲ ထိုးချေရမလို ဖြစ်သွားသည်။ အရင်က မမေ့ရှေ့မှာ ကျွန်တော် ဆေးလိပ်မသောက်ရဲ။ သောက်ချင်လျှင် ခိုးကြောင် ခိုးဝှက် သောက်ခဲ့ရသည်။ အခုတော့ ကျွန်တော်သည် စီးကရက်ကို ပြောင်ပြောင်ပင် ကိုင်၍ တရှိုက်မက်မက် သောက်နေခဲ့မိပြီ။ မထူးတော့ပြီ ဖြစ်သောကြောင့် စီးကရက်ကို ကိုင်မြဲ ကိုင်ထားလိုက်သည်။

"ဟိုမှာတော့ ဒါပဲ အဖော်လုပ်နေရတာပဲ မမေရာ"



ဟု ပြောပြီး ရယ်လိုက်သည်။ ဖေဖေနှင့် မမေတို့သည် ကျွန်တော် ရယ်သည်ကို နားမလည်သလို ကြည့်နေကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ့်ဘာသာကို သံသယ ဖြစ်မိသည်။ ကျွန်တော်ရယ်တာ ဌာန်ကရိုဏ်းမကျဘူးဟု ထင်နေမိ၏။ ကျွန်တော်သည် ဟက်ဟက်ပက်ပက် ရယ်မောခြင်းကို မေ့နေပြီလော၊ မရယ်တတ်တော့ပြီလော၊ ရယ်ခြင်းကိုပင် ပြန်လည်၍ လေ့ကျင့်ရဦးအံ့ ထင်သည်။

ကျွန်တော့်အခန်းကလေးကို ကျွန်တော်ရှိစဉ်က အနေအထားအတိုင်း တွေ့ရသည်။ အခန်း၏ လက်ဝဲဘက်ထောင့်မှာ ခုတင်။ ခုတင်ခြေရင်းတွင် အဝတ်ဗီရိုကလေး၊ ခုတင်၏ ခေါင်းရင်းညာဘက်ကပ်လျက်တွင် စာရေးစားပွဲ၊ စာရေးစားပွဲဘေးတွင် စာအုပ်စင်၊ အထားအသို မပြောင်းလဲ။ အရင်တုန်းက အစဉ်အမြဲ ရှုပ်ပွနေတတ်သော စာရေးစားပွဲနှင့် စာအုပ်တွေ ဖရိုဖရဲ ဖြစ်နေတတ်သော စာအုပ်စင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြန်စီထားခြင်းသာ ထူးခြား၏။ နောက်တစ်ခုက အရင်တုန်းက ပြတင်းမှန်၏ အပြင်ဘက်မှာ လာလာကပ်နေတတ်သော တောက်တဲ့ကြီးကို မတွေ့ရတော့ခြင်းပင်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားခဲ့လေပြီလား မသိ။

အိပ်ရာကို သေသပ်လှပစွာ ခင်းကျင်းထားသည်။ ခြေရင်းဘက်တွင် ကျွန်တော် အလွန် နှစ်သက်သော အညာဂျပ်ခုတ်စောင်ကလေးသည် တိတိခေါက်လျက်သား။ ဆွတ်ဆွတ်ဖြူနေသော ခေါင်းအုံးကလေးသည် ဖောင်းဖောင်းအိအိ။ စန့်စန့်ရန့်ရန့် ရှိနေသော အိပ်ရာပေါ်တွင် ပစ်လှဲချလိုက်သည်။

ကျွန်တော့်ကိုယ်သည် မွေ့ရာထဲသို့ နစ်ဝင်သွားသည်ဟု ထင်ရ၏။ လက်သုံးလုံးခန့်သာ ထူသော မွေ့ရာ ဖြစ်သော်လည်း ကြမ်းပြင်နှင့်စာလျှင်တော့ ဖဲမွေ့ရာတမျှပေါ့။ ပြီးတော့ ခေါင်းအုံး။ ပျော့စိစိနိုင်လွန်း သည်။ ပြီးတော့ အိပ်ရာပေါ်တွင် ပက်လက်လှန်လှဲနေရင်း အပေါ်ကို စိုက်ကြည့်နေမိသည်။

အလို . . ခြင်ထောင်ကြီးပါကလား။ အဲဒါနဲ့ အိပ်လျှင် ခြင်မကိုက်ဘူးပေါ့။ ကြမ်းပိုးတွေ ကိုက်ချင်ကိုက်မည်။ ခြင်ထောင်သည် ကြမ်းပိုးကျတော့ မကာကွယ်နိုင်။ ကျွန်တော့်အိပ်ရာမှာတော့ ကြမ်းပိုးရှိမည် မထင်ချေ။ နားအနီးတွင် ခြေသံမဲ့စွာ ပျံသန်းလာသော ခြင်၏တောင်ပံခတ်သံ 'တဝီဝီ' ကို မကြားရသောအခါ၌ လည်းကောင်း၊ ဟိုမှ ဒီမှ ဆစ်ခနဲ ဆစ်ခနဲ ကြမ်းပိုးကိုက်သော အရသာကို မခံစားရသောအခါ၌ လည်းကောင်း၊ ထိုဝေဒနာတို့၌ အလေ့အကျင့်ဖြစ်နေသော



ကျွန်တော်သည် နေသာထိုင်သာမှ ရှိပါမည်လား မသိ။

ခုပဲကြည့်။

ခြင်ထောင့်ချလိုက်ပြီး ပြန်လှဲမည် ပြုသည်။ မီးခလုတ်ကို လှမ်းမြင်သည်။ မီးပိတ်ပြီးမှ အိပ်ရာမှာ ထင်သည်ဟု တွေးမိ၏။ မီးထပိတ်သည်။ အိပ်ရာထဲ ပြန်ဝင်သည်။ မွေ့ရာ၊ ခေါင်းအုံး စသည့် အတွေ့အထိ အားလုံးသည် ပျော့စိစိ ဖြစ်နေသည်။ ပြီးတော့ ကျွန်တော့်မျက်လုံးများသည် မှောင်ထဲတွင် အထာမကျ။ လူကို ခြင်ထောင်ကြီးဖြင့် အုပ်ထားသောကြောင့် မလွတ်လပ်ဟု ထင်နေသည်။ ခြင်ထောင်တဲ့။ 'ထောင်' ဆိုသော စကားလုံးနှင့် လွတ်ပဲ မလွတ်နိုင်ဟု ပေါက်ပေါက်ရှာရှာ တွေးမိသေးသည်။

အိပ်လို့ကားမပျော်၊ တစ်ခုခု စဉ်းစားနေဖို့ ကြိုးစားကြည့်သည်။ တွေးစရာတွေက များလွန်းသောကြောင့် ဘယ်ကစရမှန်း မသိ။ အတွေးစတွေ တစ်ခုနှင့်တစ်ခု ရှုပ်ထွေးစွာ ဝင်ရောက်လာသည်။ တစ်ခုခုကို ဆုံးခန်းတိုင်အောင် တွေးလို့မရ။ တွေးလက်စတွေ တစ်ပိုင်းတစ်စစီသာ ပြတ်တောက်သွားခဲ့ရသည်။ ထူးခြားသည်မှာ 'သူ'နှင့် ပတ်သက်၍ ဘာမျှ တွေးကြည့်လို့ မရခြင်းပင်။ တွေးချင်သောစိတ်လည်း မရှိဟု ထင်သည်။ တွေးနေလို့လည်း အကြောင်းထူးမည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ် ကျွန်တော်သည် တည်ငြိမ်ရင့်ကျက်သွားခဲ့ပြီလော။ စိတ်အနည်ကျခဲ့ပြီလော။ 'သူ'သည် ကျွန်တော့်ဘဝထဲ၌ မရှိတော့ပြီလော။

မီးတင်းတွေဆီမှ သံချောင်းခေါက်သံတွေ ကြားရသည်။ သုံးနာရီထိုးပြီ။ အထဲမှာတုန်းက ထုံးစံအတိုင်းဆိုလျှင် တစ်ချက်ခေါက်လျှင် ဆယ့်ငါးမိနစ်၊ နှစ်ချက်ဆိုလျှင် နာရီဝက်၊ သုံးချက်လေးဆယ့်ငါးမိနစ်၊ လေးချက်ခေါက်လျှင် တစ်နာရီပြည့်သည်။ လေးချက် အရင်ခေါက်ပြီးမှ သုံးချက် ခေါက်ရမည်။ ဒါမှ သုံးနာရီ ဖြစ်သည်။ ခုတော့ ဒီလိုမဟုတ်၊ သုံးချက်ဆက်တိုက် တစ်ခါတည်း ခေါက်သည်။

ထိုသံချောင်းသံသည် စဉ်းစားစရာ အသစ်တစ်ခုကို ပေး၏။ ဟိုမှာ ကျန်ရစ်ခဲ့သူတွေ ဘယ်လိုများ နေကြလေမလဲ။ မျက်နှာတွေကို တစ်ယောက်စီ မြင်ယောင်လာသည်။ ဪ. . မျက်နှာဆိုလို့ ကျွန်တော့်မျက်နှာကို သတိရလာသည်။ ဘယ်လိုပုံစံမျိုး ရှိနေမည်လဲ။ 'ဟိုမှာ' တုန်းက ကြည့်မှန်မရှိ။ ကိုယ့်မျက်နှာ ကိုယ်ကြည့်ချင်လျှင် စဉ့်အိုးထဲမှာ ရေမျက်နှာပြင်တွင်ဖြစ်စေ၊ ရေချိုးဆင်းရင်း လမ်းတစ်လျှောက်မှာရှိသော ပြတင်းပေါက်မှန်များတွင် ဖြစ်စေ။ မြေကြီးထဲမှ ရှာဖွေကောက်ယူထားရသော မှန်ကွဲစများ (ကျွန်တော်တို့အခေါ် ရေဒါ) တွင်



ဖြစ်စေ ကြည့်ရသည်။ ပီပီပြင်ပြင်ကား မြင်ရသည် မဟုတ်၊ အရာထင်သည် ဆိုရုံမျှသာ။

ခြင်ထောင်အပြင်ပြန်ထွက်သည်။ မီးဖွင့်သည်၊ မှန်ရှာသည်၊ မတွေ့၊ နောက်မှ သတိရသည်။ စားပွဲအံဆွဲထဲတွင် ထည့်ထားသော မှန်ကွဲကလေးတစ်ခု၊ အံဆွဲဖွင့်၍ ရှာကြည့်သည်။ မပျောက်မပျက် ပြန်တွေ့ရ၏။

တကယ့်ကြည့်မှန် အစစ်ထဲတွင် ကိုယ့်မျက်နှာကို ကိုယ်ပြန်ကြည့်ရမည့်ကိစ္စမှာ သိပ်အထူးအဆန်းတော့ မဟုတ်ပါ။ သို့ရာတွင် ကျွန်တော် ရင်တွေခုန်မိ၏။ မှန်ကလေးကို တဖြည်းဖြည်း မ,ပြီး မျက်နှာရှေ့တည့်တည့်တွင် ထားလိုက်သည်။

ပထမ အံ့သြသည်၊ နောက်ပြုံးမိသည်။ ကျွန်တော့်မျက်နှာသည် ဖောင်းကားပြီး ဝိုင်းစက်နေ၍ ဝ,လာတာလား၊ ပဲဖော ဖောတာလားမသိ၊ အသားအရေသည် ပွစိစိ ညိုညစ်ညစ် ဖြစ်နေသည်။ ငါးပိဒဏ်ကြောင့် ဝက်ခြံတွေ အများအပြား ပေါက်ခဲ့ဟန်တူသည်။ မျက်နှာပေါ်တွင် အမည်းစက်၊ အမည်းပြောက်တွေ အနှံ့အပြား။ ဆံပင်ပုံစံကတော့ ဘာပုံဟုပြောရမည် မသိတော့။ ခပ်တိုတို၊ မညီမညာ၊ ထိုးထိုးထောင်ထောင် ပုံပန်းမကျ။

အိပ်ရာပေါ် ပြန်လှဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရုပ်သွင်သည် ပြောင်းလဲ၍နေခဲ့လေပြီ။ အရင်က အလွန် နုနယ်ပြီး ကလေးလေးနှင့် တူသည်ဟု 'ဆိုသော' မျက်နှာသည် ရင့်ရော်နေသည်။ နှုတ်ခမ်းမွေး စိမ်းစိမ်းနုနုကလေးတွေက မည်းနက်လာခဲ့သည်။ မုတ်ဆိတ်မွေးဟူ၍ ရှိသည်ဟုပင် မဆိုသာတော့ မေးစေ့တွင် ကြမ်းတမ်း၍ ကျိုးတိုးကျဲတဲ ပေါက်နေသော မုတ်ဆိတ်မွေးများ။

ကျွန်တော်၏ စိတ်များသည်ကော. . .၊

ရုပ်ရည်နှင့်အတူ ပြောင်းလဲခဲ့ပါပြီလား မသိ၊ မသိ။ လောလောဆယ်၌ မိမိ၏ စိတ်အခြေအနေ ပြောင်းလဲသည်၊ မပြောင်းလဲသည်ကို မိမိကိုယ်တိုင် မည်သို့ သိရှိနိုင်ပါမည်နည်း။ ခဲယဉ်းသည်။



(၂)

နွေနံနက်ခင်း၏ လတ်ဆတ်သောလေတွင် ကျွန်တော့်ကိုယ်ခန္ဓာသည် ယဉ်ပါးစပြုလေပြီ။ အလွန်တောင့်တခဲ့ဖူးသော နေရောင်ခြည်သည် အသားအရေပေါ်သို့ ဖြာကျနေသည်။ စောလွန်းနေသေးသောကြောင့် ပူပြင်းခြင်း မရှိ။

ညက တစ်မေးမျှ မအိပ်ခဲ့ရဘဲ အိပ်ရာမှ ထလာခဲ့သည်။ လုံးဝ မအိပ်နိုင်ခဲ့။ အလင်းရောင်ရသည်နှင့် အပြင်သို့ လမ်းလျှောက်ထွက်လာခဲ့သည်။ အိမ်မှာ လက်ဖက်ရည်ဖျော်သောက်မည် စိတ်ကူးပြီးမှ အတွေးတစ်မျိုး ပေါက်လာသည်။ လက်ဖက်ရည်ဆိုင် မှာ ထိုင်လိုခြင်းပင် ဖြစ်လေသည်။ နံနက်စောစောတွင် လက်ဖက်ရည်ဆိုင်မှာ ထိုင်၍ နံပြားပူပူနွေးကို လက်ဖက်ရည်နှင့် တို့၍ တို့၍ မစားခဲ့ရသည်မှာ ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . .

ကိုကြီးကောင်းနှင့် တွေ့ချင်သည်။ သူသည် ကျွန်တော့် အချစ်ဆုံး သူငယ်ချင်း၊ အစ်ကိုဆိုလည်း ဟုတ်သည်။ ကျွန်တော်၏ ပညာရေးကိစ္စမှစ၍ အချစ်ရေးကိစ္စအထိ သူ့ကို တိုင်ပင်သည်။ သူ့အကြံဉာဏ်ကို တောင်းသည်။ သူပြောနေကျ စကားတစ်ခွန်း. . . "မင်းက ငါ့ဆီက အကြံဉာဏ်တွေတောင်း၊ နောက်တော့လည်း မင်းလုပ်ချင်တာ ဇွတ်တရွတ်လုပ်တာပဲ မဟုတ်လား" ဆိုသည်ကို သတိရ၍ လမ်းလျှောက်ရင်း ပြုံးမိသေးသည်။

သူသည် ခုချိန်မှာ ကျွန်တော် အတွေ့ချင်ဆုံး လူတစ်ယောက်။ ဘာကြောင့် တွေ့ချင်သည်ကို မစဉ်းစားချင်။ တကယ်တော့လည်း စဉ်းစားစရာ မလိုပါ။ အချိန် အတော်ပင် ကြာအောင် ကွဲကွာနေခဲ့သော၊ အစ်ကိုလိုချစ်သော သူငယ်ချင်း တစ်ယောက်ကို ခုနေခါ တွေ့ချင်နေသည်မှာ သဘာဝကျပါသည်။ ထိုအကြောင်းပြချက်နှင့်ပင် လုံလောက်တန်ရာပါသည်။

ကိုကြီးကောင်းကို တွေ့လျှင် ကျွန်တော်တို့ ထိုင်နေကျ မိုးကျော်နိုင် လက်ဖက်ရည်ဆိုင်မှာထိုင်မည်။ စကားတွေ အားရအောင် ပြောမည်။



ပြည်သာယာလမ်းအတိုင်း လျှောက်လာခဲ့သည်။ ကျွန်တော်နေသော ဆယ့်ခြောက်ရပ်ကွက် ကံ့ကော်ရိပ်သာလမ်းနှင့် ကိုကြီးကောင်းတို့ ဇဝနရပ်ကွက်သည် ဘတ်စ်ကား တစ်မှတ်တိုင်ခြားသည်။ အရင်က ညနေတိုင်းလိုလို ကိုကြီးကောင်း အိမ်ဘက်သို့ လမ်းလျှောက်ဖြစ်သည်။

ခုတော့ နှံ့နှံ့နက်စောစော။ မနေ့တုန်းက စိတ်လှုပ်ရှားမှုဖြင့် ယောင်ချာချာ ဖြစ်နေခဲ့သော ဘာကိုမျှ မှတ်မှတ်သားသား သတိမပြုမိခဲ့။ ခုမှ သတိထားကြည့်ရတော့သည်။ မမြင်ရတာ ကြာပြီးဖြစ်သော မိန်းမ၊ ကလေးနှင့် ခွေး။

မနက်ဈေးဝယ် ထွက်လာကြသော မိန်းမကြီးငယ် အားလုံးတို့သည် ကျွန်တော့်မျက်စိထဲတွင် လှပနေကြသည်။

အစောကြီးနိုးနေပြီး အိမ်ရှေ့တွေမှာ ထွက်ဆော့နေကြသော ဖုန်အလိမ်းလိမ်း နှပ်ချေးတွဲလောင်းနှင့် ကလေးနှစ်ယောက်စ၊ သုံးယောက်စကို တွေ့ရ၏။ စိတ်ထဲတွင် ချစ်စရာကလေးတွေဟု ထင်သည်။

အမှိုက်ပုံနားတွင် ရစ်သီရစ်သီလုပ်နေကြသော ခွေးလေခွေးလွင့် ခွေးဝဲစားတို့ကိုပင် ခဏမျှရပ်၍ စိတ်ဝင်တစား ကြည့်မိသည်။

ဩော်. . . ခွေးတို့ကိုပင် ဒီလောက် အမှတ်တရ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လျှင်. . . ဝင်ရောက်ကျူးကျော်မည့်ဆဲဆဲ ဖြစ်နေသော
အတွေးကို ဖွတ်မှိတ်၍ မောင်းထုတ်ပစ်လိုက်သည်။

သုမင်္ဂလာလမ်းဆုံသို့ ရောက်လာ၏။ လမ်းကို ဖြတ်ကျော်ပြီး မြေနီလမ်းကလေးအတိုင်း သွားသည်။ နောက် သီရိဇေယျာလမ်း ကိုကြီးကောင်းတို့အိမ်။ နှစ်ခန်းတွဲ အိမ်ကလေးရှေ့ရောက်သောအခါ တံခါးကိုဖွင့်၍ ဝင်သွားသည်။ ညာဘက်ကအခန်းသည် ကိုကြီးကောင်း၏ အခန်း။ တံခါးတစ်ခြမ်း ဖွင့်ထားသည်။ လှေကားငယ်ပေါ် နင်းတက်ရင်း "ကိုကြီးကောင်း' ဟု အော်မည်ပြုစဉ်. . .

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ခေါ်သံကြား၍ လှည့်ကြည့်သည်။ အိမ်ရှေ့ရေစည်ပိုင်းနားတွင် ထိုင်နေရာမှ ထရပ်လိုက်သော အမျိုးသမီးတစ်ယောက်ကို ခုမှတွေ့ရသည်။ စိတ်ထဲတွင် တစ်မျိုးထင်မိ၍ အတန်ငယ် ပြုံး၍. . .

"ဩော်. . . ကိုကြီးကောင်း ရှိလား"

"မရှိဘူးရှင့်၊ ဒီမှာ အိမ်မှားနေပြီ ထင်တယ်"

"ခင်ဗျာ"

"ဟုတ်ကဲ့၊ ဒါ ကိုစိန်ဝတို့အိမ်ပါ"

"ဩော်. . . ဒါဖြင့် ဟိုဘက်ခန်းက အိမ်ရှင်. . ."



"ဒေါ်တလုတ်မကို ပြောတာလား"

"မဟုတ်ဘူး ခင်ဗျ. . . ဒေါ်ပဲ"

"အဲဒါတော့ မသိဘူးရှင်"

ဆိုပြီး ကြောင်တောင်တောင် ကြည့်နေသည်။ ဘာတွေဖြစ်ကုန်ကြပြီးလဲ မသိ။ တကယ်ပဲ အိမ်မှားနေပြီလားဟု သေသေချာချာ ပြန်ကြည့်ရသည်၊ မမှား။

ထိုအချိန်တွင် 'ဘာကိစ္စရှိလို့ပါလဲကွယ်' ဟု မေးရင်း မိန်းမကြီးတစ်ယောက် ရောက်လာပြန်၏။

"ဟို. . . ဒီက အိမ်ရှင်"

"ဒေါ်ဒေါ်ပါပဲကွယ်"

"ဒေါ်ပဲတို့ မရှိကြဘူးလား ခင်ဗျား"

"အေးကွယ်၊ ဒေါ်ဒေါ်တို့က ဒီအိမ်ကို ဒေါ်ပဲဆီက ပြန်ဝယ်လိုက်တာပါ"

"ဒါနဲ့ခင်ဗျား ဒေါ်ဒေါ်တို့ ဒီအိမ်ကို ဝယ်တုန်းက ဟိုဘက်ခန်းက ကိုကြီးကောင်း၊ အဲ. . . ကိုအေးကောင်းဆိုတာများ ရှိနေတုန်းပဲလား"

"အင်း. . . ရှိတယ်ကွယ့်၊ ဒေါ်ဒေါ်တို့ရောက်ပြီး တစ်လလောက်နေမှ ပြောင်းသွားတာ"

"ဘယ်ကိုပြောင်းတာလဲ မသိဘူးလား ဒေါ်ဒေါ်"

www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာတော့ မသိဘူး၊ သူ့အလုပ်က နယ်ကို ပြောင်းရမှာမို့လို့တော့ ပြောသွားတာပဲ၊ ဘယ်နယ်ရယ် ဘာရယ်တော့ ပြောမသွားဘူး"

"ဩော်. . . ကျေးဇူးပါပဲ ခင်ဗျား"

ကျွန်တော် ပြန်လှည့်ထွက်မည့်ပြုပြီးမှ မေးလိုက်သည်။

"ဒေါ်ပဲတို့ကော ဘယ်ကို ပြောင်းသွားတာလဲဟင်"

"၁၂၃-လမ်းလို့တော့ ပြောတယ်၊ အိမ်နံပါတ်တော့ မသိဘူးကွယ်"

❋ ❋ ❋

ရေချိုးသည်။ ခိုက်ခိုက်တုန် ချမ်းသွားအောင် ချိုးပစ်လိုက်မည်ဟု စိတ်ကူးသည်။ ရေဝအောင် မချိုးရတာ ကြာပြီ။ ခေါင်းလည်း လျှော်ရမည်။

တွင်းရေကို ရေပုံးကြီးဖြင့် ငင်ယူရသည်။ ပုံးဝိုင်းထဲက ရေသည် ကြည်လင်နေ၍ ရေထဲကို လက်နှိုက်ကြည့်သည်။ အေးမြသော အတွေ့အထိ။ စိတ်ထဲတွင် 'ခပ် တစ်ခွက်လောင်းမယ်၊ ခပ် တစ်ခွက်လောင်းမယ်၊ ခပ် တစ်ခွက်လောင်းမယ်၊ ခွက်ချ နောက်ဆုတ်' ဆိုသော အသံများကို ကြားယောင်မိသည်။ သစ်သားပြားများကို စပ်၍ ပြုလုပ်ထားသော လေး



ထောင့်ခွက်။ အနားတစ်ဖက်ကို တစ်ထွာခန့် ရှိမည်။ ထိုခွက်ဖြင့် ရေချိုးခဲ့ရသည်။ ရေသိပ်မပါ။ တစ်ခါတလေ ကံဆိုးသော အခါ အောက်ခံပျဉ်ပြားကွာဟနေသော ခွက်ကို ရတတ်သည်။ ခပ်လိုက်တိုင်း ရေက ယိုကျကုန်သည်။ ပုံစံဖြင့် ချိုးရသောကြောင့် ထပ်ခပ်ခွင့် မရှိ။ ငါးခွက်ဆို ငါးခွက်၊ ခြောက်ခွက်ဆို ခြောက်ခွက်။

"ဟော့ကောင်. . . ပေါ်ကြီး"

ကိုမင်း၊ မောင်လတ်နှင့် အေးဖေတို့ ဝမ်းသာအားရ ပြေးလာကြသည်။ ကျွန်တော့်ပခုံးကို ကိုင်သူက ကိုင်၊ လက်ဆွဲနှုတ်ဆက်သူက နှုတ်ဆက် ရှုပ်ယှက်ခတ်သွား၏။

"မင်း ညကတည်းက ရောက်တာဆို"

"ငါတို့ ခုမှသိလို့ လာတာကွ"

"အေးကွ၊ မမတို့တောင် မနက်ကမှ သိတယ်"

ကျွန်တော်က ကိုကြီးကောင်း အိမ်မှ ပြန်လာသော အခါ အိမ်မှာ မမကြီးတို့၊ မမလေးတို့ ရောက်နေကြပုံ၊ ကျွန်တော့်ကို မြင်သောအခါ ဖက်၍ ငိုကြပုံ ပြောပြသည်။ သူတို့သည် ကျွန်တော်ပြောပုံကို ငေးကြည့်နေရာမှ ကိုမင်းက. . .

"မင်း တော်တော် ဝလာတယ်ကွာ၊ ဒီအိမ်မှာတွေ့လို့သာ လမ်းမှာဆိုရင် ချက်ချင်း မှတ်မိမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ခဏလေးကွာ. . . ရေချိုးလိုက်ဦးမယ် ဆိုပြီး ရေတစ်ပုံးထပ်ခပ်သည်။ ရေပုံးကြီး ဆွဲတင်နေသည်ကို သူတို့ ဝိုင်းကြည့်နေ၏။ မောင်လတ်က ကျွန်တော့်နား တိုးလာပြီး. . .

"ငါ ခပ်ပေးမယ်ကွာ"

ကျွန်တော် သူ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ ကျွန်တော့်လက်ထဲက ကြိုးကို လာကိုင်၏။

"ရပါတယ်၊ ငါ့ဘာသာ ခပ်ချိုးမှာပေါ့"

"ပေးစမ်းပါကွာ"

"ဟဲ. . ဘယ်လိုဖြစ်တာလဲကွ၊ ငါက ကလေးမှ မဟုတ်တာ"

"မဟုတ်ဘူးကွ၊ ခုန မင်းရေခပ်တာ ငါ ကြည့်နေတယ်၊ မင်းက ဝလာတာမှ မဟုတ်တာ၊ မင်းအသားတွေ ပွစိစိ ဖြစ်နေတာကွ၊ မင်းရေပုံးကြိုးကို ဆွဲတင်နေတဲ့အခါ အသားတွေ သိပ်လှုပ်တာပဲ ပျော့ဖပ်ဖပ်နဲ့"

အေးဖေက ဝင်ပြောသည်။ မောင်လတ်သည် ကျွန်တော့်လက်ထဲက ကြိုးကို အတင်းလုပြီး ရေခပ်ပေးသည်။ ကျွန်တော်က ပုံးထဲမှ အဆင်သင့် ခပ်ချိုးရသည်။ မေမေသည် နောက်ဖေးရေကပြင်မှာ ထွက်ရပ်ရင်း ကျွန်တော်တို့ လူသိုက်



ကို ပြုံးကြည့်နေလေသည်။

⊙ ⊙ ⊙

"မင်း ကျောင်းပြန်တက်ဖို့ ကိစ္စ ဘယ်လိုလုပ်မလဲ"

ဖေဖေက မေးသည်။ ကျွန်တော်နှင့် ပတ်သက်၍ အိမ်မှာ အစည်းအဝေး လုပ်ကြသည်။ ဖေဖေ၊ မေမေ၊ မမကြီး၊ မမလေးနှင့် ကျွန်တော်။ မမတို့၏ ယောကျ်ားများ (ကျွန်တော့် ယောက်ဖများ)ကား မပါကြ။ သူတို့က သိပ်အရေးမကြီးပါ။ သဘောကောင်းသူများ ဖြစ်၍ မမတို့ ဆုံးဖြတ်ချက်အတိုင်း ဖြစ်သည်။

"လျှောက်လွှာ ပြန်တင်ရမယ် ဖေဖေ။ အထက်တန်းပညာ ဦးစီးဌာနမှာ သမီး စုံစမ်းကြည့်ပြီးပြီ၊ လိုအပ်ရင်တော့ ပညာရေးဝန်ကြီးဌာနကို သွားချင် သွားရလိမ့်မယ်တဲ့"

မမကြီးက ပြောသည်။ ဖေဖေက ခေါင်းတညိတ်ညိတ် လုပ်နေ၏။ မမလေးက ဝင်ပြောပြန်သည်။

"မမကြီး ပြောသလိုဆိုရင် ဖြစ်နိုင်တာပေါ့။ တကယ့်ကို ဟိုအထိ သွားပြောရမယ် ဆိုရင်လည်း အိမ်ကလူရဲ့ သူငယ်ချင်းရဲ့ ဦးလေးတစ်ယောက်ရှိတယ်၊ ဝန်ကြီးဌာနမှာတော့ လူကြီးထဲကပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝင်ပြောမည်ကြံသည်။ ဖေဖေက ဦးအောင်ပြောဖြစ်သွားသည်။

"လုပ်ရိုးလုပ်စဉ်အတိုင်း သွားတာပေါ့ကွယ်၊ ကိုယ့်ကိစ္စအတွက် သူများကို အကူအညီတောင်းရမှာ အားနာစရာကောင်းပါတယ်"

မေမေက ဖေဖေကို ဆတ်ခနဲ ကြည့်လိုက်ပြီး. . .

"အို. . . ကိုထင်ပေါ်ကလည်း သား ကျောင်းပြန်တက်ရဖို့က အရေးအကြီးဆုံးပဲဟာ"

ဖေဖေက ပြုံးလိုက်သည်။ "အေးကွာ၊ ကြည့်လုပ်တာပေါ့' ဟု ပြောလိုက်၏။ ကျွန်တော်သည် တစ်ချိန်လုံး ထိုင်နားထောင်နေရာမှ စကားစပြောသည်။

"ကျွန်တော် တစ်ခု စဉ်းစားမိတယ်"

အားလုံး ကျွန်တော့်ကို ဝိုင်းကြည့်သည်။

"ကျွန်တော် ကျောင်းပြန်မတက်တော့ဘဲ အလုပ် တစ်ခုခု ဝင်လုပ်ရင် ကောင်းမလားလို့"

ရုတ်တရက် တိတ်ဆိတ်သွားသည်။ ခဏမျှကြာမှ မေမေ့အသံ ပထမဆုံး. . .

"အို. . . မဟုတ်တာ"

မမကြီးနှင့် မမလေးတို့က ပြိုင်တူ. . .



"ဟယ်. . ဘယ်ဖြစ်မလဲ"

ဖေဖေကမူ စီးကရက်ကို ရှိုက်ဖွာနေဆဲ ဖြစ်သောကြောင့် အသံချက်ချင်း ထွက်မလာ။ ပြီးတော့လည်း ကျွန်တော့်ကို ခဏမျှ စိုက်ကြည့်နေပြန်သည်။ နောက် ခပ်အေးအေးပြော၏။

"မင်းအသက် နှစ်ဆယ့်နှစ်နှစ်ဆိုတာ ငယ်သေးတယ်ကွာ၊ ကျောင်းပြန်တက်ဦး"

"ဟုတ်တာပေါ့" ဟု မမကြီး ဝင်ပြောသည်။ ကျွန်တော်က. . .

"သိပ်ထူးမယ် မထင်ဘူး ဖေဖေ၊ အချိန်တွေ အလဟဿ ကုန်ပြီးခဲ့ပြီ၊ ကျွန်တော် အိမ်ကို ဆက်ပြီး ဒုက္ခမပေးချင်ဘူး၊ အိမ်ရဲ့ စီးပွားရေးကလည်း သိပ်ကောင်းနေတာမှ မဟုတ်တာ"

"မောင်ဦး" ဟု မေမေ ခေါ်သည်။ ကျွန်တော် ထူးသည်။

"ဒီမှာသား မောင်ဦး၊ စီးပွားရေးကိစ္စတို့ ဘာတို့ ပြောမနေနဲ့၊ အိမ်စီးပွားရေးက အရင်ကလောက် မကောင်းဘူးဆိုတာ မှန်တယ်၊ ဒါပေမယ့် မင်းကို ကျောင်းဆက်မထားနိုင်လောက်အောင် ဆိုးနေတာတော့ မဟုတ်ဘူးဆိုတာ"

"ဟာ. . . ကျွန်တော် ဒီသဘောပြောတာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး မေမေရဲ့ ဟို... ကျွန်တော့်အနေနဲ့ အိမ်နဲ့ပတ်သက်ပြီး"

"နေဦး မေမေ့စကား မဆုံးသေးဘူး၊ ခုဝင်ငွေအရဆိုရင် အိမ်စရိတ်အတွက်တော့ ပူစရာ မလိုဘူး။ ကျောင်းအတွက် ဖွဲ့သုံးမယ်ဆိုရင် နည်းနည်း ကသီမယ်"

ကျွန်တော် ဝင်ပြောဖို့ ဟန်ပြင်သည်ကို မေမေက လက်ကာပြပြီး...

"အဲဒါ မင်းကျောင်းစရိတ်အတွက် အခွဲလကို မကြီးက ငါးဆယ်၊ မလေးက ငါးဆယ် ထောက်ဖို့ အားလုံး သဘောတူပြီးပြီ"

"ဟာ... မဟုတ်တာဘဲ"

ကျွန်တော် ဖေဖေ့ကို လှမ်းကြည့်သည်။ ဖေဖေက ဘာမျှမပြောဘဲ ကျွန်တော့်ကိုသာ ပြန်စိုက်ကြည့်နေ၏။

"အဲဒါက သူတို့ကိုယ်တိုင်ရှာတဲ့ ပိုက်ဆံမှ မဟုတ်ဘဲ"

ပါးစပ်မှ လွှတ်ခနဲ ထွက်သွား၏။ မမကြီးနှင့် မမလေးတို့သည် ကျွန်တော့်ကို ပြိုင်တူဝိုင်းကြည့်လိုက်ကြသည်။

"ဘာပြောတယ် မောင်ဦး"

မမလေး ပြောသည်။

"ဟုတ်တယ်လေ မမလေးရဲ့၊ ဒီငွေတွေက မမတို့ တိုက်ရိုက်ပိုင်တဲ့ငွေမှ မဟုတ်ဘဲ"



"တိတ်စမ်း မောင်ဦး၊ မင်း မပါ မမှတ်သေးဘူးလားဟင်"

"ဘာမှတ်ရမှာလဲ"

"ပြောချင်တာ စွတ်ပြော၊ လုပ်ချင်တာစွတ်လုပ်၊ ဒီမှာ မင်း မမတို့ စေတနာကို စော်ကားဖို့ မကြံနဲ့ သိလား၊ မင်းအစ်ကိုအေး... ရှင်းရှင်းပြောရင် မင်းယောက်ဖတွေက ဘယ်လောက်သဘောကောင်းကြတယ်ဆိုတာ မင်းအသိပဲ။ အဲဒီတော့ လူကြီးတွေက ကောင်းသလို စီမံတာကို မင်းနာခံပါပဲ"

မမလေးကို ကျွန်တော် ဘာမျှပြန်မပြောမိတော့။ မမကြီးကတော့ ထုံးစံအတိုင်း မျက်ရည်ဝဲလာသည်။ ဖေဖေသည် အပြီးသတ်စကားကို ဝင်၍ပြောလေ၏။

"ကဲ... ခုန မင်းတို့အမေ ပြောတဲ့အတိုင်း အားလုံးသဘောတူပြီးကြပြီပဲ၊ ဟိုဘက်ကလည်း ကျေကျေနပ်နပ်ထောက်ပံ့ဖို့ သဘောတူကြတယ်လို့ သိရတယ်၊ ဒီတော့ ကျောင်းပြန်တက်ဖို့ အစီအစဉ်ကို မောင်ဦး လက်ခံလိုက်တော့။ မင်းအနေနဲ့ ကိုယ့်အားကိုယ်ကိုးပြီး အလုပ်လုပ်ချင်တယ် ဆိုတာကို ဖေဖေ ချီးကျူးပါတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ ကျောင်းပြန်တက်တာဟာ အသင့်တော်ဆုံးပဲ၊ တကယ်လို့ကျောင်းကိစ္စ အဆင်မပြေဘူးဆိုရင်တော့ အလုပ်ဝင်လုပ်သင့်

www.burmeseclassic.com

www.burmeseclassic.com



ရင် ဝင်ပေါ့၊ ဟုတ်လား၊ ကဲ . . ဒီတော့ အားလုံး ကျေနပ်ပြီ နော်၊ ပြီးပြီနော်"

"မပြီးသေးဘူး မေမေ။ မောင်ဦးက ဟိုထဲမှာ အနေ ဆင်းရဲ၊ အစားဆင်းရဲ နေခဲ့ရတာ၊ ပြီးတော့ လူပေါင်းစုံနဲ့ ရောရောနှောနှော နေခဲ့ရတာ။ သူ့ကျန်းမာရေးက စိတ်မချရဘူး၊ ရောဂါတွေ ဘာတွေ ဟိုက ကူးချင်းကူးလာနိုင်တယ်၊ ဆေးစစ် ကြည့်မှ ဖြစ်မယ်၊ မယ်ဒီကယ်ချက်အပ် လုပ်စေချင်တယ်"

မမကြီးက ငိုသံပါကြီးဖြင့် ဝင်ပြောသည်။ ကျွန်တော့် ရင်ထဲက နင့်ခနဲ ခံစားလိုက်ရသည်။ မမကြီးကို ဆန့်ကျင် သော စကားမျိုး ပြောမထွက်နိုင်တော့။



(၃)

သိပ်နေသားမကျသေးဟု ထင်၏။ ရုပ်ပိုင်းအရကော စိတ်ပိုင်းအရကော ပုံမှန်အခြေအနေကို ပြန်မရောက်သေး ချေ။

ကျွန်တော်သည် အရင်က ပိန်ပိန်သွယ်သွယ်။ ခုတော့ ဝဝပြဲပြဲ ဖြစ်နေသည်။ ဒါတော့ ကိစ္စမရှိ၊ မကြာခင် အရင်လို ပြန်စစ်သွားလိမ့်မည်။

ခက်တာက စိတ်။ ကျွန်တော့်စိတ်တွင် အရင်လို ဂွစ် တစ်တစ် ဇွတ်တရွတ် လုပ်ချင်သော ညာဉ်တွေ လျော့ပါးလာ သည်။ လွယ်လွယ်ကူကူ အလျှော့ပေးချင်လာသည်။ ယတိ ပြတ် ကြံ့ခိုင်သော စိတ်ဓာတ်ချို့တဲ့လာသည်။ ကျွန်တော် ပျော့ညံ့သွားပြီလားဟု ကိုယ့်ကိုယ်ကို သံသယ ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျောင်းပြန်တက်ဖို့ ကိစ္စ၊ ကျန်းမာရေးအတွက် ဆေးစစ်ဖို့ကိစ္စကို ကြည့်လျှင် သိတတ်သည်။ ဟိုတုန်းကဆိုလျှင် ထိုကိစ္စသည် အကောင်အထည် ပေါ်လာလိမ့်မည် မဟုတ်။ ကျွန်တော် ဇွတ်ငြင်းလိမ့်မည်သာ။ ကျွန်တော် လုပ်ချင်တာကိုသာ လုပ်မည်။ မလုပ်ချင်တာကို မလုပ်။

ကျွန်တော် ဆယ်တန်းအောင်တုန်းက ဘယ်တက္ကသိုလ်လျှောက်မည်ဆိုသော ကိစ္စတွင် ကျွန်တော့်သဘောနှင့် ကျွန်တော် လုပ်ချင်တာ လုပ်ခဲ့သည်။

ခုတော့ဖြင့် ဒီလို မဟုတ်ခဲ့ပါ။ ထုံးစံအတိုင်းမိုးလို့သာ စောဒက တက်ခြင်း၊ အိမ်ကို ဆန့်ကျင့်ဖို့ ကြိုးစားခြင်းတို့ကို သဘောလောက် ပြုလုပ်မိသည်။ မေမေ့ဆန္ဒကို ငုံ့ညွှတ်လိုက်သည်။ ဖေဖေ့ဆုံးဖြတ်ချက်ကို သဘောတူလိုက်သည်။ မမလေး ပြောသော စကားကို တလေးတစား နားထောင်လိုက်ရသည်။ မမကြီး မျက်ရည်ဝဲသည်ကို မြင်သောအခါ ဝင်နည်းသလို ဖြစ်သွားခဲ့ရသည်။

ဟိုတစ်ချိန်က ခုလိုမျိုးဆန်ဆန် ကျွန်တော် နေကြည့်ခဲ့ဖူးသည်။ သို့ရာတွင် ဟိုဟာက တမင်ဟန်ဆောင်ပြီး နေကြည့်ခြင်း ဖြစ်သည်။ အရွဲ့တိုက်ပြီး ပြုလုပ်ခဲ့ခြင်းဖြစ်၍ ခုဖြစ်နေသည်မှာ ကျွန်တော်ကိုယ်တိုင်က စိတ်ပါနေသလိုလို



ပင်။ ကြိုးစား၍ ထိန်းထားသည့်ကြားထဲက လွှတ်ခနဲ၊ လွှတ်ခနဲ ဖြစ်ဖြစ်သွားတတ်သည်။ အလိုက်အထိုက် ပြောဆိုခြင်း၊ လိုက်လျောညီထွေဖြစ်အောင် ကြိုးစားလိုခြင်း၊ သဟဇာတဖြစ်အောင် နေထိုင်လိုခြင်းတို့ကို တစ်ခါတစ်ရံ ထိန်းသိမ်းမရဘဲ ပြုလုပ်မိ၏။ ဤသည်ပင် ကျွန်တော်၏ ပင်ကိုစိတ်ထား ဖြစ်လာပြီးလား မသိ။

ထိုကဲ့သို့သော စိတ်မျိုးသည် ကျွန်တော့်ထံတွင် ဘယ်လောက်ကြာအောင် ဆက်ရှိနေဦးမည်နည်း။ ဖျောက်ဖျက်၍ မရတော့အောင် တည်နေမည်လော၊ အရိုးစွဲသွားမည်ကို စိုးရိမ်လှသည်။

အိမ်ကိုရောက်ခါစက အခေါ်အဝေါ်တွေကို စိမ်းနေခဲ့သည်။

ကျွန်တော့်နာမည်ရှေ့ မောင်တပ်၍ ခေါ်ကြသောအခါ နားယဲတွင် တစ်မျိုးကြီး ဖြစ်နေသည်။ ဖေဖေတို့၊ မေမေတို့က 'မောင်ဦး' ဟု ခေါ်သောအခါတွင်လည်းကောင်း၊ မမတို့က 'မောင်လေး' ဟု ခေါ်သောအခါတွင်လည်းကောင်း၊ သူငယ်ချင်းအပေါင်းအသင်းတွေက 'ပေါ်ကြီး' ဟု ခေါ်သောအခါတွင်လည်းကောင်း ကိုယ့်ကို မခေါ်သလို ကြောင်တက်တက် ဖြစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ညဆိုလျှင် အိပ်မက်တွေ မက်တတ်သည်။ အိပ်မက်ထဲတွင် ကျွန်တော်သည် 'အထဲကို' ပြန်ပြန်ရောက်နေတတ်၏။ 'အထဲမှာ' တုန်းကလည်း အပြင်က အကြောင်းတွေကို မကြာခဏ အိပ်မက်မက်ခဲ့သည်။ ထိုအိပ်မက်များထဲတွင် ကျွန်တော်သည် အပြင်မှာ လည်ပတ်သွားလာနေရသော အကြောင်းတွေ၊ အိမ်ကလူကြီးမိဘများ၊ သူငယ်ချင်းများနှင့် တွေ့ဆုံစကားပြောရသော အကြောင်းတွေ ပါသည်။ အထူးသဖြင့် အစားအသောက် အကြောင်းတွေ မကြာခဏ မက်သည်။ ဒံပေါက်ထမင်း၊ ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါး၊ ပေါင်မုန့်ထောပတ်သုတ်၊ ရေခဲမုန့်၊ လက်ဖက်ရည် စသည်တို့ တစ်မျိုးပြီးတစ်မျိုး တဝတပြစားရပုံ၊ စားစရာတွေ များနေ၍ ဘယ်ဟာစားရမှန်း မသိ ဖြစ်နေပုံတွေ ပါဝင်သည်။ အကြီးအကျယ်နေမကောင်း ဖြစ်နေသောကြောင့် ထမင်းမစားရ၊ အချဉ်အစပ် မစားရ ဖြစ်နေသောအခါမျိုးတွင် အိပ်မက်ထဲ၌ ထိုအစားအသောက်တွေ စားရကြောင်း မက်တတ်သည့်သဘောမျိုးပင်။ ထူးခြားသည်မှာ 'အထဲက' အိပ်မက်များမှာ သွားလာလည်ပတ်စားသောက်ပြီးနောက် အထဲကို ပြန်ဝင်ရကြောင်း အဆုံးသတ်လေ့ ရှိခြင်းပင် ဖြစ်သည်။

ခုမက်သော အိပ်မက်များတွင် ကျွန်တော် အထဲကို



ပြန်ရောက်သွားကြောင်း မက်နေစဉ်မှာပင် လန့်နိုးလာတတ်သည်။ ထိုအခါကျမှ တကယ်မဟုတ်မှန်း သိ၍ စိတ်သက်သာရာရသည်။ အိမ်ပြန်ရောက်ခါစကဆိုလျှင် မနက်အစောကြီးမှာ 'တန်းစီ' ဆိုသော အသံကို ကြားရသည် ထင်ပြီး ဝေါက်ကနဲထ၍ စောင့်ကြောင့်ထိုင်မိခြင်းမျိုး ဖြစ်ခဲ့သေးသည်။

ထမင်းစားသောအခါတွင်လည်း တစ်မျိုး။ ထမင်းဖြူကို မစားနိုင်ဘဲ ဖြစ်ခဲ့သည်။ နီကျင့်ကျင့် အရောင်ကို မျက်စိထဲစွဲနေသောကြောင့် ထမင်းဖြူနှင့် အဆီနှင့် အနှစ် မရှိဟု ထင်သည်။ ကျားနံ့နှင့် ဖွဲနံ့မပါသဖြင့် တစ်ခုခု လိုနေသည်ဟု ထင်သည်။ ပါးစပ်ထဲ ရောက်သည်နှင့် ဝါးစရာ မလိုလောက်အောင် ပျော့စိစိနိုင်သည်ဟု တွေးမိ၏။ ဟင်းတွေက ဆီများနေသည်။ ချက်နိုးချက်စဉ် အတိုင်းချက်သော ဟင်းတွေကို ငန်လွန်းသည်၊ ချိုလွန်းသည်၊ ချဉ်လွန်းသည်၊ စပ်လွန်းသည်ဟု ပြောမိသည်။ ပဲဟင်းကိုမူ မစားချင်အောင် မုန်းသွားခဲ့လေပြီ။

တဖြည်းဖြည်းတော့ ပြုပြင်လို့ ရကောင်းပါရဲ့။ နေ့သားကျသွားကောင်းပါရဲ့ဟု စိတ်ကိုဖြေ၍ နေရသည်။ လောလောဆယ်တွင်မူ နေသာထိုင်သာ မရှိသေးသည်တော့ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာရှင် ရှာမတွေ့ပါ။

စာအိတ်ပေါ်တွင် သက်ဆိုင်ရာမြို့၏ စာတိုက်မှ မှတ်ချက်ဖြင့် ကျွန်တော့်ဆီ ပြန်ရောက်လာသည်။ ကိုကြီးကောင်းဆီကို ထည့်လိုက်သောစာပင် ဖြစ်သည်။

ကိုကြီးကောင်း နယ်ပြောင်းသွားပြီဟု သူငှားနေသော အိမ်မှ သိခဲ့ရပြီးသည့်နောက် ဖေဖေတို့ မေမေတို့ကို မေးကြည့်သည်။ ကိုကြီးကောင်း နယ်ပြောင်းခါနီး လာရောက် နှုတ်ဆက်သွားသည်ဟု သိရသည်။ ထိုစဉ်က ဖေဖေ အိမ်မှာမရှိ၍ ဘာမျှ မသိလိုက်။ မေမေက မြိတ်လား၊ ထားဝယ်လား မသိဘူး၊ ပြောင်းမယ်လို့ ပြောသွားတယ်ဟု ပြောသည်။ မောင်လတ်တို့ကို မေးကြည့်တော့ မြိတ်လို့ ပြောတယ်ဟု ဆိုပြန်သည်။ ထို့ကြောင့် 'မြိတ်မြို့နယ်သမဝါယမအသင်းမှတစ်ဆင့်' ဟူ၍ လိပ်စာကပ်ပြီး ပို့လိုက်သည်။ ခုလို စာပြန်ရောက်လာခြင်း ဖြစ်သည်။ ကိုကြီးကောင်းသည် မြိတ်မြို့မှာ မဟုတ်ဘူးလား၊ မြိတ်မြို့ ဟုတ်သော်လည်း သမဝါယမမှာ မဟုတ်တော့ဘူးလား။ သမဝါယမဆိုသော်လည်း အသင်းနှင့် ဌာန မတူဟု သိရသည်။ သို့ရာတွင် ယင်းလိပ်စာ တပ်လိုက်သော်လည်း အကယ်၍ ဌာနမှား ဖြစ်နေလျှင် သူတို့အချင်းချင်း လွှဲပြောင်းပေးပို့နိုင်လိမ့်မည် ထင်ပါသည်။ သို့မဟုတ်လျှင် ကိုကြီးကောင်းသည်



လူသစ်ဖြစ်နေသောကြောင့် မသိကြဘဲ ရှိလေသလား။ ခရီးထွက်နေရသောကြောင့် စာကို လက်ခံမည့်သူ မရှိလို့လား၊ မဖြစ်နိုင်၊ မှတ်ပုံတင်စာ ဖြစ်သော်လည်း တခြားတစ်ယောက်ယောက်က လက်မှတ်ထိုးယူထားလျှင် ဖြစ်နိုင်သည်။

စာနှစ်စောင် ထပ်ရေးရမည်။ သမဝါယမအသင်းသို့ တစ်စောင်၊ ဌာနသို့တစ်စောင်၊ ထိုစာများနှင့် ပူးတွဲ၍ ကိုကြီးကောင်းအတွက် စာများကို ထည့်ပေးလိုက်မည်။ အကယ်၍ ကိုကြီးကောင်းရှိလျှင် ထိုစာများ ပေးပေးရန်၊ မရှိလျှင် ကျွန်တော့်ထံ ကျေးဇူးပြု၍ ကိုကြီးကောင်းဆိုသူ မရှိကြောင်း ပြန်ကြားရန် ထည့်ရေးရမည်။

ဆီးစစ်ရသည်၊ ဝမ်းစစ်ရသည်၊ သွေးစစ်ရမည်၊ ကာလသားရောဂါ ရှိမရှိ စစ်ဆေးခြင်းနှင့် ငှက်ဖျားရောဂါအတွက် စစ်ဆေးခြင်း ဖြစ်သည်။ နောက် ဓာတ်မှန်ရိုက်ရမည်။ မြောက်ဥက္ကလာပဆေးရုံကြီး၊ ဘားလမ်း မွတ်ဆလင်ဆေးရုံ၊ ကူးစက်ရောဂါကုဆေးရုံ၊ တံတားလေး ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန၊ အဆုတ်ရောဂါကုဆေးရုံတို့ကို သွားရသည်။ ဆေးစစ်ချက်အားလုံးကပင် ရောဂါမရှိဟု ထွက်ဆိုကြသည်။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



သဘောအရဆိုလျှင် ဒီလောက်ဆို လုံလောက်ပြီ။ သို့ရာတွင် မေမေနှင့်မမတို့က ရောဂါရှာဖွေရေး ပါရဂူဆရာကြီးဆီ သွားစေချင်သည်။

ထိုကြောင့် ဆေးစစ်ထားသော စာရွက်စာတမ်းများ၊ ဓာတ်မှန်များကို ယူ၍ ဆရာဝန်ကြီးဆီ သွားရသည်။ လွယ်လွယ်ကကူ တွေ့ခွင့်ရသည်ကား မဟုတ်။ ပထမတစ်ရက် 'တိုကင်' သွားယူထားရသည်။ နောက်တစ်ရက်ကျမှ ဆရာဝန်ကြီးနှင့် တွေ့ခွင့်ရသည်။

ရှေ့က လူလေးငါးယောက် ပြီးသောအခါ ကျွန်တော့်အလှည့်ကျလာသည်။ ဆရာဝန်ကြီး အခန်းထဲသို့ ဝင်သွားသည်။ ဆရာဝန်ကြီးက ကျွန်တော့်ကို ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့် စမ်းသပ်သည်။ ကျွန်တော် ယူသွားသော ဆေးစစ်ချက်တွေကို ကြည့်ရှုစစ်ဆေးသည်။ မေးခွန်းလေးငါးခွန်းမေးသည်။ ထိုနောက်. . .

"မောင်ရင့်မှာ ရောဂါရယ်လို့တော့ မယ်မယ်ရရ မရှိပါဘူး။ ဒါပေမယ့် အဆုတ်ကို အားမရဘူး၊ အားနည်းနေတယ်ရောဂါဖြစ်နေတာတော့ မဟုတ်ဘူးပေါ့၊ ဂရုမစိုက်ဘဲ ပစ်ထားလိုက်ရင်တော့ ရောဂါဝင်လာနိုင်တယ်၊ ပြီးတော့ မောင်ရင့်မှာ တချို့ဗိုက်တာမင်တွေ ချို့တဲ့နေတယ်၊ အထူးသဖြင့် အက်ကောတစ်၊ အဲ. . . ဗိုက်တာမင်စီပေါ့ကွယ်၊ ပြီးတော့ အေ၊ ဒီ၊ အေးကွယ့်၊ အန်ကယ်ဆေးစာရေးပေးလိုက်မယ်၊ ထိုးဆေးရော စားဆေးရောပေါ့၊ နီးရာဆရာဝန်တစ်ယောက်ယောက်ဆီမှာ ဖြစ်ဖြစ်၊ ဒေသန္တရကျန်းမာရေးဆေးခန်းမှာ ဖြစ်ဖြစ် သွားထိုးပေါ့"

"ဟုတ်ကဲ့ ဆရာ"

ဆရာဝန်ကြီးသည် ဆေးစာရင်းတွေ ရေးနေသည်။ ရေးရင်းကလည်း ဆေးနာမည်တွေကို ခပ်တိုးတိုး ရွတ်နေ၏။ နောက် ဘာစိတ်ကူးရမည်မသိ၊ ဘောလ်ပင်ကို ဆတ်ခနဲ ပစ်ချပြီး ကျွန်တော့်ကို မော့ကြည့်သည်။ အောက်ကို ငိုက်ကျနေသော မျက်မှန်ကို ပင့်တင်လိုက်ပြီး. . .

"ဒါနဲ့ မေးရဦးမယ်၊ မောင်ရင်က ဒီဆေးတွေကို မှန်မှန်သောက်၊ မှန်မှန်ထိုးမှာ သေချာရဲ့လား"

မေးခွန်းကို ကျွန်တော် သဘောကျသွား၏။ ပြုံးပြီးခေါင်းညိတ်ပြလိုက်ရသည်။

"မရဘူးနော်. . . ပေါ့ပေါ့ဆဆတော့ မနေနဲ့။ မောင်ရင် ကိုယ်ခံအားနည်းနေတယ်။ ကြပ်ကြပ်မတ်မတ် လုပ်စေချင်တယ်၊ မဖြစ်ခင် ကြိုတင်ကာကွယ်တာ အကောင်းဆုံးပဲ၊ ရောဂါဝင်လာမှဆိုရင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးသည် စကားကို မဆက်တော့ဘဲ ဆေးစာရင်းကို ဆက်ရေးသည်။ ပြီးမှ ထပ်မေးပြန်၏။

"ဒါနဲ့ မောင်ရင် ဘယ်မှာနေလဲ"

"ဆယ့်ခြောက်ရပ်ကွက်ပါ ဆရာ"

"ဘယ်မြို့နယ်လဲ"

"သင်္ဃန်းကျွန်းလို့ ပြောလည်းရတယ်၊ တောင်ဥက္ကလာပဆိုရင်လည်း ရပါတယ်၊ ကြားမှာ ဆရာ"

"ဆယ့်ခြောက်ရပ်ကွက်ဆိုတော့. . ."

စားပွဲကို ဘောလ်ပင်နှင့် ခေါက်၏။

"ဆယ်ရပ်ကွက်ဈေးနဲ့ နီးလား"

"ဟုတ်ကဲ့၊ သိပ်မဝေးပါဘူးခင်ဗျား"

"အိုကေ၊ အန်ကယ်လ် စာတစ်စောင် ရေးပေးလိုက်မယ်၊ ဆယ်ရပ်ကွက်ဈေးနဲ့ မျက်နှာချင်းဆိုင်လောက်မှာ အဲ. . ပဒေသာရုံနဲ့ တည့်တည့်လောက် ကျမယ့် ထင်တယ်၊ အဲဒီမှာ ကုသဆေးခန်းဆိုတာ ရှိတယ်၊ အဲဒါ အန်ကယ်လ်တပည့်ပဲ၊ သိပ်တော်တယ်၊ သူ့ဆီသွား အန်ကယ်လ်စာသာ ပြလိုက်၊ သူ အကုန်ဆောင်ရွက်ပေးလိမ့်မယ်"

ဆရာဝန်ကြီးသည် စာတစ်စောင်ထပ်ရေး၍ကျွန်တော်ကိုပေးသည်။ ကျွန်တော်လည်း စာရွက်နှစ်ရွက်ကို ခေါက်၍



အိတ်ထဲထည့်ပြီး ထွက်လာခဲ့သည်။ ထိုစာရွက်နှစ်ရွက်ကို အသုံးပြုဖြစ်မဖြစ်ဆိုသည်ကို ကျွန်တော် တစ်ယောက်တည်းသာ သိလိမ့်မည်။

အိမ်ရောက်သောအခါ မေမေက ဆီး၍မေးသည်။ ကျွန်တော်က "ဘာမှမဖြစ်ဘူးလို့ ပြောတယ်" ဟုသာ ပြန်ပြောလိုက်သည်။ ဖေဖေကမူ "ဘာမှမဖြစ်ဆိုပေမယ့် အားဆေးတော့ ထိုးဖို့ ကောင်းတယ်၊ စားရင်လည်း စားပေါ့" ဆိုသည်။ ကျွန်တော်သည် လူကြီးတွေ မမြင်အောင် ကျိတ်၍ ပြုံးလိုက်လေသည်။

⊛ ⊛ ⊛

နောက်တစ်ခါ
လာချင်ဘူး ဒီအထဲ။
မှန်နိုင်လွှန် ဟင်းရည်ကျဲနဲ့၊
သဲငါးပိ ဆန်လုံးတီး၊
(. . . . . . .) လိုမှပဲ။

'အထဲမှာ' တုန်းက အိပ်ထောင်နံရံမှာ ခဲတံဖြင့် ကျွန်တော် ရေးခဲ့သော ကဗျာကလေး ဖြစ်ပါသည်။ ဟိုက ယူခဲ့သော အမှတ်တရ ပစ္စည်းကလေးများကို ထုတ်ကြည့်နေတုန်း

www.burmeseclassic.com

www.burmeseclassic.com



သွားသတိရမိခြင်း ဖြစ်၏။

ပလတ်စတစ်အိတ်ဖြင့် ထည့်လာခဲ့သော အမှတ်တရ ပစ္စည်းကလေးတွေ။

မိလ္လာဘုတ်မှ ဖိုးတွမ်တီး ထိပ်ပြောင်ဆီကရသော ကြိုးပုတီးတစ်ကုံး ကျွန်တော့်နိုင်လွန်စွပ်ကျယ် လက်စကနှင့် လဲလိုက်ခြင်း ဖြစ်သည်။

အိပ်ထောင်ရှေ့က ပိန္နဲပင်မှ အကိုင်းဖြင့် ကျွန်တော်ကိုယ်တိုင်ထုလုပ်ခဲ့သော ဆုပ်ထားသော လက်သီးပုံ ပန်းပုရုပ်ကလေး။

သွားတိုက်ဆေးဘူးအခွံကို ဖြန့်၍ စူးဖြင့် ဖိခြစ်ပြီး ပုံဖော်ထားသော အမျိုးသမီး မျက်နှာပုံဖောင်းကြွအရုပ်။

တင်မောင်၏လက်ရာဖြစ်သည်။

ဘောလ်ပင် မင်ချောင်းဖြင့် ရရာစက္ကူပေါ်တွင် ကိုမျိုးဦး ဆွဲပေးသည့် ကျွန်တော့်ပုံတူပန်းချီ။

နတ်သားဆေးလိပ်တစ်လိပ်။

ထိုဆေးလိပ်ကိုမြင်မှ ကျွန်တော့်မှာ ဆေးလိပ်ကုန်နေကြောင်း သတိရသည်။ ကုလားထိုင်နောက်မှီမှာ ချိတ်ထားသော ရှပ်အင်္ကျီအိတ်ကို စမ်းကြည့်သည်။ အကြွေ မရှိတော့။ ကျပ်တန်ကို ဆွဲထုတ်သည်။ လက်ထဲတွင် စာရွက်ခေါက်ကလေး



တစ်ခု ပါလာ၏။ ဆရာဝန်ကြီး ပေးလိုက်သော ဆေးစာတွေ။ မေမေတို့ မြင်သွားမည်စိုး၍ အံဆွဲထဲ ထည့်လိုက်မည် စိတ်ကူးပြီးမှ ဘာဆေးတွေများလဲဟု သိချင်လာသဖြင့် စာရွက်ကို ဖြန့်လိုက်သည်။

အပေါ်က စာရွက်သည် ဆရာကြီးညွှန်ကြားလိုက်သော ကုသဆေးခန်းမှ ဆရာဝန်ထံ ရေးပေးလိုက်သောစာ၊ အင်္ဂလိပ်လို ရေးထားသည်။ ထိပ်ဆုံးက စာကြောင်းသည် -

ဒိတ်ခနဲ ရင်ခုန်သွားသည်။ လက်ထဲက စာကို စူးစူးစိုက်စိုက် ကြည့်သည်။ သေသေချာချာ တစ်လုံးချင်း ဖတ်သည်။

ဒေါက်တာ သက်ဆိုင်တဲ့။ တမင်တကာ မေ့ဖျောက်ထားခဲ့သော အမည်နာမများသည် ဦးနှောက်ထဲသို့ တိုးဝှေ့ဝင်ရောက်လာသည်။ စိတ်အစဉ်သည် အချိန်ကာလတို့ ဆန့်ကျင်၍ နောက်ကြောင်း ပြန်လှည့်လေပြီ။

လွန်လေပြီးသောအခါက ခုလိုပင် ကျွန်တော် တရိုတသေ စုဆောင်းထားခဲ့ဖူးသော အမှတ်တရ ပစ္စည်းကလေးများအကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



(၆) ဘတ်စကား လက်မှတ် ၁၄၈-စောင်ကိစ္စ

"မိန်းမတွေဟာ တစ်မျိုးပဲကွ" ဟု ကိုကြီးကောင်း ပြောတာအလွန်မှန်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် မမခင်လေးခင်ကို သေသေချာချာ ကြည့်မိသောအခါ စိတ်ထဲက တစ်မျိုးကြီး ဖြစ်သွားသောကြောင့်ပင် ဖြစ်လေသည်။

မမခင်လေးခင်ကို ကျွန်တော် စိတ်ဝင်စားသွားမိခြင်းမှာ သူ၏စကားတစ်ခွန်းကြောင့် ဖြစ်သည်။ ထိုစကားတစ်ခွန်းသည်လည်း ကျွန်တော်၏ 'ထော်လော်ကန့်လန့်' လုပ်လိုသော စိတ်ကြောင့်ဆိုလျှင် မမှားချေ။

သူတို့အိမ်သည် သုဒဿနလမ်းပေါ်မှာ။ ကျွန်တော်တို့လမ်းကို ကန့်လန့်ဖြတ်ထားသောလမ်း ဖြစ်သည်။ သုဒဿနလမ်းသည် လမ်းရှည်ကြီးဖြစ်သောကြောင့် သူတို့အိမ်နှင့် ကျွန်တော်တို့အိမ်သည် နည်းနည်းလှမ်းသည်ဟု ပြောနိုင်၏။ သို့ရာတွင် တစ်ရပ်ကွက်တည်း ဖြစ်သောကြောင့် သူတို့ဘက်သည် ကျွန်တော် သွားလာနေကျ။

သူတို့၏ အိမ်နောက်ဘက်တွင် ကွက်လပ်တစ်ခု ရှိသည်။ နွေဘက်ဆိုလျှင် ခြင်းလုံးကစားကွင်း ဖြစ်၍ ဆောင်းဦးပေါက်အချိန်ကစပြီး ထိုကွင်းမှာ ကြက်တောင်ရိုက်ကြသည်။ ကွင်း၏အနီးပတ်ဝန်းကျင် အိမ်များတွင် အပျိုကလေးတွေ ရှိကြသည်။ သူတို့သည် မိမိ၏ အိမ်ပြတင်းပေါက်များမှနေ၍ ကြက်တောင်ပွဲကို ရှုစားကြလေသည်။



ဒီတော့ကာ သိတဲ့အတိုင်းပဲ၊ ယောကျ်ားသားတွေဆိုတာ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖက်နဲ့တစ်ဖက် အနိုင်မခံ အရှုံးမပေး ရိုက်လိုက်ကြတာ ဘာပြောကောင်းမလဲ၊ မိန်းကလေးတွေရဲ့ အထင်သေးတာကို မခံချင်တာ၊ မခံနိုင်တာဟာ ယောကျ်ား မပဲ့ုတ်လား။

သူတို့ကြားထဲမှာ ကျွန်တော်က ထူးထူးခြားခြား ဖြစ်နေသည်။ သူများတွေက ကိုယ့်ကို အထင်မကြီးကြီးအောင် တမင်တကာ လုပ်ပြနေခြင်းကို ကျွန်တော်မုန်းသည်။ အထင်ကြီးမှုကို ဖန်တီးယူရခြင်းသည် သဘာဝမကျဟု ကျွန်တော် ထင်သည်။ သူတို့သည် သူတို့ကိုယ်သူတို့ အောက်တန်းကျနေကြကြောင်း မသိကြ။ မိန်းမတွေက ကြက်တောင်ပွဲကို ကြည့်ရှုကြခြင်း၊ အားပေးကြခြင်းမှာ တကယ့် ရိုးရိုးအားကစားစိတ်ဓာတ်မျိုးဖြင့် ဟုတ်ချင်မှ ဟုတ်မည်။ အပျင်းပြေသဘောမျိုး ထားချင်ထားမည်။ ရှေ့တွင်တော့ 'ဟယ်ခနဲ၊ 'ဟေးခနဲ' အားပေးသယောင်ပြုကြသော်လည်း ကွယ်ရာတွင် သူတို့အချင်းချင်း ပြော၍ ခိုးခိုးခစ်ခစ် ရယ်ချင်ရယ်ကြမည်။ ဘယ်သူကတော့ ဘယ်လောက်ကြောင်တာပဲ၊ ဘယ်ကောင်ကြီးကတော့ 'မြှောက်နေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် မရိုက်နိုင်ကြောင်း ကျွန်တော် သိသည်။ ကိုကြီးကောင်းကလည်း တစ်ခါတစ်ရံ လာရိုက်တတ်သူ ဖြစ်သောကြောင့် ကျွန်တော်သာလျှင် ဒီကွင်းမှာ ဗိုလ်ဖြစ်သည်။ တကယ့်တကယ် ရိုက်မယ်ဆိုလျှင်ပေါ့။

သို့ရာတွင် ကျွန်တော် ဘယ်တော့မှ တကယ် နင်လားငါးလား ရိုက်လေ့ မရှိ၊ အထူးသဖြင့် 'ဖိုးနိုင်ချင်' တွေနှင့် ရိုက်သောအခါ သူတို့ကလည်း သူတို့အကြောင်းနှင့် သူတို့။ သူတို့နှင့် ကြိုက်နေသော ကောင်မလေးတွေ၊ သူတို့က တစ်ဖက်သတ် ကြိုက်နေကြသော ကောင်မလေးတွေရှေ့တွင် အနိုင်ရလိုကြသည်။ ထို့ကြောင့် အပြင်းအထန် ကြိုးစားကစားကြသည်။

တကယ့်တကယ်ကျတော့ ကြက်တောင်ရိုက်ခြင်းတွင် အသေအလဲ ပြေးလွှားကစားဖို့ မလို၊ နေရာယူတတ်ဖို့သာ အရေးကြီးသည်။ ကွင်းကို စီးမိနေအောင် ချုပ်နိုင်လျှင် သိပ်လိုက်နေစရာ မလိုတော့။ ရှေ့နောက်ဝဲယာ လက်တစ်ကမ်းအတွင်းမှ ကြက်တောင်ကို မလွတ်တမ်း ပြန်ရိုက်နိုင်သည်။ အမှန်းအဆယက် နည်းနည်းလွန်သွားလျှင် မလိုက်နဲ့တော့။ စည်းကို လွန်ထွက်သွားတာ သေချာပြီ။

ဒီအချက်ကို သူတို့ နားမလည်ကြ၊ ကြက်တောင်ကျ



ရင် အူတက်အောင် ကတာပဲ စသည်ဖြင့် ပြောချင်ပြောကြမည်။

တချို့ မိန်းကလေးတွေကျတော့လည်း တစ်မျိုး၊ တကယ့်ကို စိတ်ပါလက်ပါ အားပေးကြတာ၊ အားနွဲ့သော မိန်းမသားတို့သည် အင်အားကြီးမား၍ အောင်မြင်စွမ်းဆောင်နိုင်သော ယောကျ်ားသားတို့ကို အထင်ကြီးတတ်သည့် အစဉ်အလာ စိတ်မျိုးရှိသည့် မိန်းမများ၊ ဒီတော့ ဟိုလူတွေ အကြိတ်အနယ် ဖြစ်နေတာ ဘာဆန်းသလဲ။

ဒီနေရာမှာ သူတို့နဲ့ ကျွန်တော်နဲ့ ခြားနားသွားပြီ။ ကျွန်တော်က မိန်းမတွေ အထင်ကြီးတာတို့၊ အထင်သေးတာတို့ကို ဂရုစိုက် မနေနိုင်၊ ကြက်တောင်ရိုက် ဝါသနာပါလို့ ရိုက်သည်။ အားကစားတစ်ရပ်အနေဖြင့် ရိုက်သည်၊ ဒါပဲ။

ကြက်တောင်ရိုက် အားကစားနည်းတွင် ကိုယ်ကာယကြီးမားသန်စွမ်းခြင်းထက် လျင်မြန်ဖျတ်လတ်ခြင်းက ပို၍ အရေးပါသည်။ ပြီးတော့ ကိုယ်ခန္ဓာအချိုးအစား ပါးပါးလျားလျား ရှိသောသူက ကစားပုံ ပိုလှသည်။ ကျွန်တော်က ခပ်ပိန်ပိန်၊ ခပ်သွယ်သွယ်၊ ဒီတော့ ကျွန်တော်ကစားပုံ ကစားကွက် လှပသည်ဟု တချို့က ဆိုသည်။ ဒီကွင်းမှာ ရိုက်နေကြသူတွေထဲတွင် ကိုကြီးကောင်းမှလွဲ၍ ဘယ်သူမျှ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



သည့် နေရာကို လူက လျှောက်လိုက်နေတတ်သည်။ ဟိုပြေး ဒီပြေး ရှာဆော်ကြီးခွေးလို လိုက်ကစားနေသောကြောင့် ပင်ပန်းသည်။ ကစားကွက် မလှမပ၊ နေရာလွတ်တွေ ဟာကွက်တွေ ဖြစ်လာသည်။

သူတို့ကိုကြည့်ပြီး ကျွန်တော် သနားလာသည်။ သူများတကာရဲ့ အထင်ကလေး ကြီးခံရဖို့အတွက်နဲ့များ ဒီလောက်တောင် အသေအလဲ ကြိုးစားကြရှာပါကလား ဆိုပြီး။

ကျွန်တော်ကတော့ ခပ်မှန်မှန်ပဲ ရိုက်လေ့ရှိသည်။ နိုင်ရမှုရယ်လို့လည်း မဟုတ်၊ ရိုက်နေရင်းက စိတ်ပေါက်ပေါက်ရှိလျှင် ခပ်ပေါ့ပျက်ပျက် လုပ်ပစ်တတ်သည်။ အလျှော့ပေးပြီး ကစားချင် ကစားပစ်လိုက်သည်။ တော်ရုံတန်ရုံ ရိုက်တတ်သူလောက်ကိုပင် ကျွန်တော် အရှုံးပေးချင် ပေးလိုက်သည်။ အေးလေ အေးလေ၊ ကျွန်တော့်အတွက်တော့ ချေးထွက်ဖို့သာ ပမာနပဲ။

တစ်ခါကလည်း ကျွန်တော်တို့ လမ်းထဲက ကျားကြီးနှင့် ကျွန်တော်တစ်ယောက်ချင်း ကစားသည်။ သူ ကျွန်တော့်ကို ဘယ်နည်းနှင့်မျှ မနိုင်နိုင်ကြောင်း သိသည်။ သူကတော့ ရေရှည်လည်းကို ကြိုးစားကစားနေ၏။ နောက်မှ သိရသည်။ ပွဲကြည့်ပရိသတ်ထဲတွင် သူ့ကောင်မလေး ပါသတဲ့၊ သူ့ကောင်



မလေးဆိုသော်လည်း ရေရေရာရာ မဟုတ်သေး။ အောင်ဝင်းဆိုတဲ့ကောင်နဲ့ သူနဲ့ ပြိုင်လိုက်နေကြတာ၊ ကောင်မလေးကလည်း ဟိုဘက်လိုလို ဒီဘက်လိုလိုတဲ့။ ဒီတော့ သူ ကျွန်တော့်ကို သိပ်နိုင်ချင်နေသည်။ ကျွန်တော်က အောင်ဝင်းကို နိုင်ထားဖူးတာကိုး၊ ကျွန်တော် လျှော့ပေးလိုက်သည်။ ကျားကြီး နိုင်သွားသည်၊ ပြီးရောပေါ့။

မပြီးချေ။ ကြက်တောင်ကွင်းကို ကျောပေးထားသော အိမ်မှာ အစ်မကြီး တစ်ယောက် ရှိသည်။ သူက အရင်ကြက်တောင်ပွဲတွေကို တစ်ခါမှ မကြည့်ဖူးချေ။ ကျွန်တော်နှင့် ကျားကြီးတို့ပွဲကျမှ အိမ်နောက်ဖေးဘက် ထွက်ပြီး စပါးလုံး ရွေးနေတုန်း ကြည့်မိခြင်း ဖြစ်သည်ဟု ဆိုသည်။ ထိုအချိန် သူ့အေးနားမှာ ကောင်မလေးတစ်ယောက် ရှိသည်။ ထိုကောင်မလေး၏ ကောင်လေးဖြစ်သော ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှိသည်။ ဒီကောင်က ပြန်ပြောပြသောကြောင့် ကျွန်တော် သိရခြင်း ဖြစ်သည်။

ကျားကြီးကို ကျွန်တော် ရှုံးသွားသောအခါ ကျွန်တော့်သူငယ်ချင်းရဲ့ ကောင်မလေးက "ပေါ်ဦးက တော်ရက်သားနဲ့ ရှုံးရတာ" လို့ ပြောလိုက်သည်။ ဒီတော့ အဲဒီအစ်မကြီးက "ကောင်လေး သနားပါတယ်" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ(ခေါ်) သူတို့ကလည်း ဘယ်လိုမှန်း မသိ။ နိုင်တဲ့လူကို အထင်ကြီးပြန်တော့လည်း သူတို့ပဲ၊ ခုတစ်ခါ ရှုံးတဲ့လူကျပြန်တော့လည်း သနားသတဲ့ဗျာ၊ ကြိုက်ရဲ့လား။

အောင်မြင်သော သူရဲကောင်းကို အားကိုးလိုသော စိတ်နှင့် တစ်ပြိုင်နက်တည်းတွင် တစ်ဖက်ကလည်း မိခင်စိတ်ဖြစ်သော ကရုဏာတရားရှိနေခြင်းလည်း ဖြစ်ချင် ဖြစ်မည်။ သို့တည်းမဟုတ် အဲဒီအစ်မကြီးကိုက တခြား မိန်းကလေးတွေနှင့် မတူဘဲ ရှုံးသူကိုမှ အားပေးလိုသော ထူးထူးခြားခြားထဲက ဖြစ်ချင်ဖြစ်မည်။

များသောအားဖြင့် ယောကျ်ားတို့သည် ယောကျ်ားအချင်းချင်းပေါ်တွင် အနိုင်မခံ အရှုံးမပေးလိုကြသော်လည်း မိန်းမတွေနှင့် တွေ့သောအခါ အလျှော့ပေးလေ့ ရှိကြသည်။ မိန်းမတို့၏ သနားခြင်းကို ခုံမင်စွာ ခံယူလိုတတ်ကြသည်။

ကျွန်တော်ကတော့ တစ်မျိုးပဲလေ။ မိန်းမတို့၏ အားပေး ချီးမြှောက်ခြင်းကိုလည်း ဂရုမစိုက်။ သူတို့သနားတာကိုလည်း မခံလို။ ကျွန်တော့်ဘာသာ ရှုံးရှုံးနိုင်နိုင်၊ သူတို့အပူဘဲ့လား။ ခုလို 'သနားဘယ်'ဟု အပြောခံရသောအခါ ကျွန်တော်သည် နောက်တစ်ခါကျလျှင် ဘယ်သူ့ကို ဖြစ်ဖြစ် နိုင်အောင် ရိုက်မည်ဟု ဆုံးဖြတ်လိုက်မိပြန်သည်။



ကစားမယ့် ကစားရတော့လည်း ပွဲကြီးပွဲကောင်း။ ကျွန်တော်တို့ ရပ်ကွက်ထဲမှ မြို့ထဲသို့ ပြောင်းနေသူ ကိုခင်မောင်တင့် သူ့မိဘအိမ်လာလည်သည်။ သူနှင့်အတူ ဧည့်သည် တစ်ယောက်ပါလာသည်။ ဒီမှာ ညနေတိုင်း ကြက်တောင်ရိုက်ကြသည်ဆိုသောကြောင့် ကစားကြည့်ချင်လို့ လိုက်လာတာတဲ့၊ သူနှင့် ကျွန်တော် ကစားရမည်။ သုံးပွဲ။

သူက နိုင်လွန်စပို့ရှပ်အဖြူ၊ ဘောင်းဘီအနီ၊ ကင်းဗတ်ဖိနပ်နှင့်။ ပြီးတော့ သူကိုင်ထားသော ရက်ကက် (ဘက်တံ)က အကောင်းစား။ ဒန်းလော့အမျိုးအစား။

ကျွန်တော်က စွပ်ကျယ်အကျႌ၊ ပုဆိုးကို တိုတိုဝတ်ထားသည်။ ဖိနပ်မပါ၊ ပြီးတော့ ကျွန်တော့်ရက်ကက်ကလည်း ဘာအမျိုးအစားမှန်းပင် မသိ။ တွေ့ရာတစ်ချောင်း ကောက်ဆွဲလာခြင်း ဖြစ်သည်။

သို့ရာတွင် ကျွန်တော်တို့ကွင်းလို နေရာမျိုးကို ခုလို ဂိုက်ဆိုက်မျိုး ထုတ်ပြီးလာကတည်းက ဒီလူသိပ်မဟန်ဘူးဟု ကျွန်တော် သိသည်။

ပထမပွဲတွင် ကျွန်တော် ခပ်ပေါ့ပေါ့ ကစားလိုက်၏။ သူက နှစ်မှတ်အသာဖြင့် ကပ်နိုင်သွားသည်။

ဒုတိယပွဲ။ ကျွန်တော် သေသေချာချာ ကစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သုံးနေကျနည်းဖြင့် သူ့ကို နှိပ်စက်သည်။ တစ်ဖက်လူကို အရှူးဖြစ်အောင် လုပ်သည့်နည်း။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် 'ဖုံးထိုင်း . . . ဖုံးထိုင်း' ရိုက်နေရာမှ ပိုက်တန်းနားကို ကပ်ကျရုံလောက် 'ဖတ်ခနဲ' တို့ပေးလိုက်၏။ သူ ဒရောသောပါး ပြေး၍ဆယ်သည်။ သူဟန်ချက် ပျက်သွားသောအခါကျမှ ဟိုးနောက်စည်းထောင့်သို့ ပင့်တင်ပေးလိုက်သည်။ သူ နောက်သို့ပြေးရပြန်သည်။ ထိုအခါ ရှေ့နားကို ကပ်ချပေးလိုက်ပြီး အမှတ်တစ်မှတ်ယူသည်။ တစ်ခါတစ်ရံ ပိုက်တန်းနားတွင် ကပ်၍ ဟိုဘက်ထောင့် ဒီဘက်ထောင့် လှမ်းတို့ပေးပြီး သူ့ကို ယက်ကန်ယက်ကန် ဖြစ်စေသည်။ တစ်ခါကျတော့ သူလှမ်းထောင်လိုက်သော ကြက်တောင်သည် ကျွန်တော့်အထက်တွင် အနေတော်မြောက်နေသည်။ စမက်ရှ် ဆွဲချလိုက်၏။ ရက်ကက်ကို နည်းနည်းကလေး ရွှေစောင်းထားသောကြောင့် သူက ညာဘက်သို့ ပြေပြီး ကြက်တောင်က ဘယ်ဘက်မှာ သွားကျသည်။ လက်ခုပ်သံတွေ ဆူညံသွား၏။ နောက်ဆုံးရိုက်ချက်မှာ နက်ရှော့ဟု ခေါ်သော ရိုက်ချက်ဖြစ်သည်။ ကြက်တောင်သည် ပိုက်တန်းကို ထိရုံကလေး ထိ၍ ဆတ်ခနဲခုန်သွားပြီး တစ်ပတ်လည်ကာ သူ့ဘက်သို့ ကျသွား၏။ ဒုတိယပွဲတွင် သူ့ကို အမှတ်ထက်ဝက်လောက် အပြတ်ဖြင့် နိုင်လိုက်သည်။



သူတစ်ပွဲ၊ ကျွန်တော်က တစ်ပွဲနိုင်ထားပြီး ဖြစ်သောကြောင့် တတိယပွဲသည် အနိုင်အရှုံး အဆုံးအဖြတ်ပေးမည့်ပွဲဖြစ်သည်။ ခုပုံစံအတိုင်းဆိုလျှင် သူ့ကို ကျွန်တော်ကျိန်းသေနိုင်မည်ဟု သိနေသည်။

ထိုပွဲမစခင် ခဏ နားသည်။ သူက ဖိနပ်ကြိုး ပြင်ချည်ခြင်း၊ အကြောလျှော့အောင် လုပ်ခြင်း၊ ရက်ကက်ကို လက်ထဲတွင် ချိန်ဆကြည့်နေခြင်း၊ ဗိုးခနဲ ရိုက်ဟန်ပြုခြင်းတို့ဖြင့် အလုပ်များနေသည်။ ဒီတစ်ပွဲကို သူအသေအလဲ ရိုက်လိမ့်မည်။ စောစောကပွဲတွင် အမှတ်အပြတ် ရှုံးသဖြင့် သူနည်းနည်း ရှက်သွားဟန် တူ၏။

ကျွန်တော်က ကွင်းခလယ်မှာ ရပ်ရင်း သူ လုပ်သမျှကို ခပ်အေးအေး ကြည့်နေလိုက်သည်။ ထိုအချိန်တွင် ကျွန်တော့်အနားသို့ ကိုခင်မောင်တင့် ရောက်လာသည်။ သူ ကျွန်တော့်ပခုံးကိုဖက်ပြီး ခပ်တိုးတိုးပြောသည်။

"ပေါ်ဦးကလဲကွာ၊ ငါခေါ်လာတဲ့ ညွှန့်သည်ကို . . ."

"ဘာဖြစ်လို့လဲဗျ"

"ဒီလိုလေကွာ၊ ညွှန့်သည်ဆိုတော့ အားနာဖို့ ကောင်းတယ်"

"ဘာဆိုင်လို့လဲ ကိုခင်မောင်တင့်ရဲ့၊ ကစားတာပဲဟာ၊

www.burmeseclassic.com

www.burmeseclassic.com



သူနိုင်ချင်လည်း နိုင်မှာပေါ့။ ကျွန်တော် နိုင်ချင်လဲ. . ."

"မဟုတ်သေးဘူးကွ ပေါ်ဦးရဲ့"

သူက လေသံကို ပို၍ တိုးလိုက်ပြီး. . .

"သူ့အဖေက လူကြီးကွ"

ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ ကျွန်တော့်ကို ပြုံးပြသည်။

"အဲဒါတော့ ဘာလည်း သိတာပေါ့ဗျ၊ သူတောင် ဒီအရွယ်ကြီး ရောက်နေမှ သူ့အဖေက လူကြီးဆိုတာ ပြောနေဖို့တောင် မလိုတော့ဘူး"

သူသည် ကျွန်တော့်ပခုံးကို ပို၍ တင်းကျပ်အောင် ဖက်လိုက်ပြီး. . .

"မင်းကလဲကွာ. . . သိရက်သားနဲ့"

"ဘာသိရမှာလဲ"

ကျွန်တော် မရယ်မိအောင် ထိန်းသိမ်းနေရသည်။ သူသည် ကျွန်တော်က အမြင်ကပ်ကပ်နှင့် လျှောက်နောက်နေသည်ကို မသိသေး။

"ဒီလိုလေ ငါ့ညီရဲ့၊ ကစားနေတဲ့အခါကျရင် အလျှော့ပေးပြီးတော့. . . ဟဲ. . . ဟဲ. . ."

"ဗျာ. . ."



သူက ရယ်မောနေလျက်ကပင် ကျွန်တော့်လက်မောင်းကို ရင်းနှီးသည့်သဘောမျိုးဖြင့် ပုတ်လိုက်သည်။ ထို့နောက် ကျွန်တော့်နားနားသို့ ကပ်၍. . .

"မြို့ထဲက တို့နေတဲ့ မြို့နယ်မှာ သူ့အဖေက လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်ကွ"

ကျွန်တော် ဘာမျှပြန်မပြောနိုင်ခင် သူက နောက်သလိုလို ပြောင်သလိုလို မျက်စိမှိတ်ပြပြီး ကွင်းဘေးသို့ ထွက်သွားသည်။ ကွင်းစပ်ကို ရောက်မှ ကျွန်တော့်ကို လှမ်းကြည့်ပြီး "ကိုင်း. . . ဖိုင်းနယ်ပွဲနော်၊ အကြိတ်အနယ်သာ ဆော်ကြပေတော့" ဟု အသံ ခပ်ကျယ်ကျယ်ပြောသည်။

မြို့ထဲ လူသည် ကျွန်တော့်ကို ကြည့်၍ မေးဆတ်ပြပြီး. . .

"ယူ ရယ်ဒီ" ဟု လှမ်းမေးသည်။ ကျွန်တော်က ဘာမျှ ပြန်မပြောသေးဘဲ ကိုခင်မောင်တင့်ဘက်သို့ လှည့်ကြည့်သည်။ ပြုံးပြီး ခေါင်းညိတ်ပြသည်။ ထိုနောက် ပိုက်တန်းနားသို့ လျှောက်သွားသည်။ မြို့ထဲကလူကို ကျွန်တော် စကားလှမ်းပြောလိုက်လေသည်။

"တော်ပြီဗျာ၊ ဒီပွဲ မကစားတော့ဘူး၊ ကျွန်တော် အရှုံးပေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ရက်ကတ်ကြီးကိုင်၍ ကြောင်ကြည့်နေတုန်း ကျွန်တော်လှည့်ထွက်လာ၏။ ကိုခင်မောင်တင့်သည် ကျွန်တော့်နောက်ကို အူးယားဖားယား ပြေးလိုက်လာပြီး. . .

"ပေါ်ဦး မင်း. . . မင်း. . . ဒါ ဘာလုပ်တာလဲ"

"ခင်ဗျားဆန္ဒအတိုင်း ကျွန်တော် အရှုံးပေးလိုက်တာလေ"

ကိုခင်မောင်တင့်သည် ဘာမျှပြန်မပြောနိုင်ဘဲ ကျွန်တော့်ကို မျက်လုံးကြီး ပြူးကြည့်နေသည်။ ကျွန်တော်သည် အလွန်ရင်းနှီးသည့်ဟန်ဖြင့် သူ့လက်မောင်းကို ကိုင်ပြီး ပြုံး၍ ပြောလိုက်သည်။

"ဒါတောင် ကိုခင်မောင်တင့်ကို ခင်လွန်းလို့ဗျာ၊ သိလား"

သူ့မျက်နှာထားသည် ဘယ်လိုဖြစ်နေသည်ဟု ကျွန်တော် မပြောတတ်တော့ချေ။

⁂

"လူတွေဟာ သူ့နည်းသူ့ဟန်နဲ့ ပေါ်နေကြတာပဲနော် ကိုကြီးကောင်း"

ကျွန်တော့်စကားကို ကြားသောအခါ ကိုကြီးကောင်းသည် "မင်း ဘယ်သူတွေနဲ့ ဂျီကျလာပြန်ပြီလဲ" ဟူသော



သဘောမျိုးဖြင့် ကြည့်သည်။

"ဆိုစမ်းပါဦးကွ"

ညနေက ကြက်တောင်ရိုက်သည့်အကြောင်းကို ကျွန်တော် ပြောပြသည်။ ကျွန်တော့်စကားဆုံးသောအခါ ကိုကြီးကောင်းသည် အတော်ကြာအောင် ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

"ဘာလဲဗျ၊ ကျွန်တော့်ကို လှောင်တာလား"

"မဟုတ်ပါဘူးကွာ၊ မင်းလုပ်ပုံ သဘောကျလို့ပါ"

"အေးဗျာ. . .၊ ဒီ ကိုခင်မောင်တင့်ဆိုတဲ့ လူကလည်း ဟိုလူကို အရေးပေးလိုက်ရတာ၊ သူ့ထက် ငယ်တဲ့လူကိုပဲ သူ့ဘကြီးကျနေတာပဲ"

"အရေးပေးရမှာပေါ့ကွ၊ သူ့အဖေက လူကြီးဆို" ကိုကြီးကောင်း ရယ်ပြန်သည်။ ကျွန်တော်လည်း လိုက်ရယ်ပြီး. . .

"ကျွန်တော်တို့ အဖေတွေကတော့ ကလေးတွေလိုလိုဗျာ သူပြောပုံက အစတော့ သိပ်သဘောမပေါက်ဘူး၊ ဘာလို့ ဒီလောက်တောင် ရိုသေနေရတာလဲဆိုတာ နောက်မှ စဉ်းစားကြည့်မိတယ်"

"ဘာလဲကွ"

"ဒီလိုလေ. . . မြို့ထဲက သူတို့နေတဲ့မြို့နယ်မှာ ဟိုလူ့

www.burmeseclassic.com

www.burmeseclassic.com



အဖေက လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင် မဟုတ်လား၊ ဟဲ ဟဲ . . . ကိုခင်မောင်တင့်က အဲဒီလူနေတဲ့ ရပ်ကွက်မှာ သမဝါယမ ဥက္ကဋ္ဌကိုဗျ"

ကိုကြီးကောင်း ရယ်ပြန်လေသည်။ ရယ်ရလွန်း၍ သူ့ မျက်ရည်များပင် လည်လာသည်။ ပြီးမှ ဣန္ဒြေဆယ်ပြီး ပြော၏။

"အေးကွ၊ မင်းလုပ်လိုက်ပုံက ကောင်းတော့ ကောင်း တယ်။ ဒါပေမယ့် မြို့ထဲကဆိုတဲ့ လူကတော့ ဘာမဆိုင် ညာ မဆိုင် ခံလိုက်ရတာပဲ၊ မင်းကတော့ ကိုခင်မောင်တင့်ကို အမြင် ကပ်လို့ တွယ်လိုက်တာပဲ။ ဒါပေမယ့် ဟိုလူကိုပါ သွားထိခိုက် တယ်၊ သူက ရိုးရိုးသားသား လူတစ်ယောက်ဆိုရင် မင်းလုပ်ပုံ မှားသွားတယ်လို့ ဆိုရမည်ကွ"

"သူ့ပုံစံကလည်း ခပ်ကြောင်ကြောင်ပါပဲလေ"

"ပုံစံကိုကြည့်ပြီး ပြောလို့ ဘယ်ဖြစ်မလဲ၊ သူ့စိတ်ထားက ကောင်းချင် ကောင်းနေမှာပေါ့"

ကိုကြီးကောင်းသည် အမြဲတမ်း မျှမျှတတ နေဖို့ ကြိုး စားနေသူ ဖြစ်ကြောင်း သိသောကြောင့် သူ့ကို စောဒက မတက် မိတော့။ သူသည် တစ်ခုခုကို စဉ်းစားနေသလို ရှိပြီးမှ အတန် ငယ် ပြုံး၍ . . .



"ဒါနဲ့ နေစမ်းပါဦး၊ မင်းခုနပြောတဲ့ထဲမှာ အမျိုးသမီး တစ်ယောက်က မင်းကို သနားတယ်ပြောလို့ မင်း မခံချင် ဖြစ်ပြီး ကြက်တောင်ရိုက်ပွဲမှာ အနိုင်ရိုက်ဖို့ ဆုံးဖြတ်လိုက်တယ် ဆိုတာ ပါတယ် မဟုတ်လား"

ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါဆိုရင်တော့ မင်းလည်း ကြောင်တာပဲ"

"ဘာဖြစ်လို့လဲဗျ"

"ဒီလိုကွ၊ အဲဒီအမျိုးသမီးက မင်းကို သနားတယ်လို့ ပြောတာကို မင်း မခံမရပ်နိုင်ဖြစ်သွားတယ် ဆိုကတည်းက အဲဒီအမျိုးသမီးကို မင်းအလေးအနက် ထားတယ်ဆိုတဲ့ သဘောပဲ မဟုတ်လား၊ တကယ်လို့ မင်း ခဏခဏပြောသလို မိန်းမတွေကို ဂရုမစိုက်ပါဘူးဆိုရင် မင်း ဘာမခံနိုင်စရာ ရှိ လဲ၊ လျစ်လျူရှုပြီးနေလိုက်ရုံပေါ့၊ ခုတော့ မင်းက သူ့စကား ကြောင့် အနိုင်ကစားမယ်လို့ ဆုံးဖြတ်လိုက်တော့"

ကျွန်တော် ရုတ်တရက် ရှက်သွားသည်။ "ကိုကြီးက ကျွန်တော့်ကို တွယ်တာပေါ့လေ" ဟု ပြောလိုက်၏။ ကိုကြီး ကောင်း ပြောတာ မှန်သလားဟု ပြန်စဉ်းစားကြည့်သည်။

ညနေက ကြက်တောင်ကွင်းထဲမှ ထွက်လာပြီး လမ်း ကြားလေးကို ဖြတ်၍ သုဒဿနလမ်းပေါ်သို့ ချိုးကွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်တွင် ကျွန်တော့်ကို သနားတယ်ဆိုသော ဟိုအစ်မကြီး သူ့အိမ်ထဲက ထွက်လာသည်ကို တွေ့ရ၏။ သူသည် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။ ဘယ်သူပါလိမ့် ဆိုပြီး လှမ်းကြည့်သော အကြည့်မျိုးသာ ဖြစ်သည်။ ယောကျ်ားကလေးတစ်ယောက်ကို စိတ်ဝင်တစား ကြည့်ခြင်းမျိုး မဟုတ်ချေ။ သူ့ဟန်ပန်တွင် ပေါ့တန်ခြင်းကို မတွေ့ရ။ သူ့မျက်လုံးများသည် အရောင် တဖျပ်ဖျပ် တောက်ပ၍ မနေ။ သူလိုငါလို မျက်လုံးမျိုးမျှသာ ဖြစ်သည်။ သို့ရာတွင် ထိုမျက်လုံးများဖြင့် ခဏတာမျှ သာမန်သဘော၊ အမှတ်တဲ့သဘော အကြည့်ခံလိုက်ရသောအခါ ကျွန်တော့်စိတ်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရလေတော့သည်။

ကျွန်တော်၏ သက်တမ်းနှင့် အတူတူ ဖြစ်သော ဆယ့်ခုနစ်နှစ်တာကာလအတွင်း တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူးသော ခံစားမှုမျိုး ဖြစ်သည်။ ထို 'တစ်မျိုးကြီး' သည်ပင် အချစ်၏အစ ဖြစ်တန်ရာသည်။

◉ ◉ ◉

ကျွန်တော်အဖို့ ပထမဆုံး ဂရုစိုက်ကြည့်မိသော မိန်းမပင် ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် မမခင်လေးခင်သည် ကျွန်တော် ပထမဦးဆုံး စိတ်ဝင်စားမိသော အမျိုးသမီးတစ်



ယောက်ပင် ဖြစ်ပါသည်။

သူသည် အသက်နှစ်ဆယ်ကျော်လောက် ရှိမည်။ ထို့ကြောင့် ကျွန်တော့်ထက် သုံးနှစ်လောက်ကြီးပေလိမ့်မည်။ အသားလတ်သည်။ မျက်နှာဝိုင်းသည်။ မျက်နှာတစ်ခု၏ အလှအပနှင့် ပတ်သက်၍ ပဓာနအစိတ်ပိုင်းများ ဖြစ်သော မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်းတို့တွင် ပြောစမှတ်ပြုရလောက်အောင် လှပမှုကို မတွေ့ရချေ။ သာမန်မျှသာ ဖြစ်သည်။ သို့ရာတွင် ထိုသာမန်များ စုပေါင်းလိုက်သောအခါ သူ့မျက်နှာသည် ကြည့်လို့ ကောင်းနေသည်တော့ အမှန်ပင်။

ထူးခြားတာ တစ်ခုတော့ ရှိသည်။ မျက်ခုံး။ မျက်ခုံးမွေး ပါးပါးသေးသေးကလေးတွေ စေတ်စားနေသော အချိန်တွင် သူ့မျက်ခုံးများသည် နဂိုအတိုင်း ထူထူထဲထဲ။ ခဲတံဖြင့် ဆွဲထားခြင်း မရှိ။ မူလအရောင်အတိုင်း ညိုညိုမှိုင်းမှိုင်း။ ပြီးတော့ မျက်လုံးတွင် လိုင်နာမဆွဲ၊ နှုတ်ခမ်းနီ မဆိုး၊ မိတ်ကပ်မလိမ်း၊ သနပ်ခါးနှင့် ပေါင်ဒါကိုသာ ရောစပ်၍ လိမ်းဟန်ရှိသည်။

သူ့ကိုယ်ခန္ဓာ အချိုးအစားကိုကား ပြောမပြတတ်။ အကျီထူထူ ခပ်ပွပွ ဝတ်တတ်ခြင်း၊ သူများတကာတွေလို ထဘီနဲ့ ကိုယ်တင်းနေအောင် ဝတ်၍ နောက်ဘက်က ဆွဲဆန့်ချထားမှု မရှိခြင်းတို့ကြောင့် ခန့်မှန်းရခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ပြောလျှင်ပင် ကျွန်တော်သည် သူ့ကို လေးငါးရက်လောက် ဆက်၍ ခိုးကြည့်ပြီးပြီဖြစ်ကြောင်း ထင်ရှားပါပြီ။ သူ မနက်ရုံးသွားချိန်တွင် မှောင်ကြိုင် လက်ဖက်ရည်ဆိုင်မှာ ထိုင်၍ နှစ်ရက်လောက် စောင့်ကြည့်ဖူးသည်။ နောက်နှစ်ရက်လောက်က ဘတ်စ်ကားမှတ်တိုင်က စောင့်သည်။ တစ်ရက်ကျတော့ သူစီးသော ဘတ်စ်ကားနှင့် မသိမသာ လိုက်သွားဖူးသည်။

ရှူးတယ်ပဲဆိုဆို ထိုနေ့မှစ၍ သူနှင့်ပတ်သက်သောနေ့များတွင် ရရှိသော ဘတ်စ်ကားလက်မှတ်များကို တရိုတသေ သိမ်းဆည်းထားသည့် အလေ့အထကို စွဲခဲ့လေတော့သည်။

● ● ●

## (၅) စာသုံးစောင်၏ ရှေ့ရေး

"သူ့နာမည်က မခင်လေးခင်တဲ့"

ကိုကြီးကောင်းကို သူ့အကြောင်း ပြောပြသည်။ ကျွန်တော် စုံစမ်းသိရှိထားသမျှ။

သူ့မှာ အဖေမရှိ၊ သူ့အမေသည် သိပ်မကျန်းမာချေ။ အိမ်မင်းမွှမ်းရှိသော အဖေကြီးနှင့်အတူနေ၍ လုပ်ကျွေးနေသူဖြစ်သည်။ သူ့အစ်ကိုကြီးက လူပျိုကြီး၊ တပ်မတော်သားဖြစ်၍



ရှေ့တန်းမှာပင် အနေများသည်။ အစကတော့ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်မှာ တက်သည်။ သူ ဒုတိယနှစ်ရောက်သောအခါ သူ့အဖေ ပင်စင်ယူလိုက်ရသည်။ အိမ်၏ဝင်ငွေကို လျော့သွားသည်။ ကျောင်းထွက်၍ အလုပ်ဝင်သည်။ နေ့စားဖြစ်သောကြောင့် လုပ်သားကောလိပ် တက်ခွင့်မရ။ တစ်နှစ်ကြာပြီးမှ လခစား ဖြစ်သည်။ ထို့ကြောင့် ခုနှစ်မှ လုပ်သားကောလိပ် တတိယနှစ် တက်ခွင့်ရသည်။ ခုလယ်စိုက်ရှင်းမှာ အောက်တန်းစာရေး ဖြစ်သည်။

"ဒါနဲ့ မွေးသက္ကရာဇ်ကကောကွာ၊ ပြီးတော့ ဘာနေ့ သမီးလဲ"

"အဲဒီလောက်အထိတော့ မသိ... ဟာ ကိုကြီးကောင်းက ကျွန်တော့်ကို လောင်တာပေါ့လေ"

"မဟုတ်ပါဘူးကွာ၊ မင်း စုံစမ်းထားတာက စေ့စေ့စပ်စပ် ရှိလွန်းလို့ မေးတာပါ"

"သူများပြောလို့ သိတာဗျ၊ ဟိုဟာလေ... တင်မောင်ဝင်းရဲ့ ကောင်မလေးလေ၊ အဲဒီအစ်မကြီးက ကျွန်တော့်ကို သနားတယ်ဆိုတာ ပြန်ပြောပြတဲ့ ကောင်မလေးပေါ့။ သူ့ကို မေးကြည့်တာ သိပ်မမေးရပါဘူး၊ ကျွန်တော်က စကားစပ်မိလို့ မေးသလိုလို မေးတာ၊ မြို့ထဲက လူနဲ့ ကစားတဲ့ ပွဲအနီး

www.burmeseclassic.com

www.burmeseclassic.com



ကကော သနားတယ် ပြောသေးလားလို့၊ နောက်သလို ပြောင်သလို မေးတာ၊ အဲဒါပဲ ပြောရသေးတယ်၊ သူက ခုနပြောတာတွေ အကုန်လျှောက်ပြောပြတော့တာပဲ"

"ဒါနဲ့ နေပါဦးကွ၊ မင်းပြောတဲ့ စကားထဲမှာ အစ်မကြီး၊ အစ်မကြီးဆိုတာ ဘာလဲ မင်းထက် အသက်ကြီးလို့လား"

"သိပ်တော့ မကြီးပါဘူး၊ နှစ်ဆယ်ကျော်လောက်ပဲ ရှိဦးမယ်"

"မင်းနဲ့ သုံးလေးနှစ်လောက် ကွာတာပေါ့"

"အင်း"

"ဖြစ်ပါ့မလားကွာ"

"ဘာလဲ ကိုကြီးက အသက်ချင်း သိပ်ကွာတယ်လို့ ပြောမလို့လား"

"အဲဒါလည်း ပါတာပေါ့"

"မဆိုင်ပါဘူးဗျာ"

"ဆိုင်တယ် ငါ့ညီ၊ အသက်တစ်နှစ်၊ နှစ်နှစ်လောက်ကွာတာက ကိစ္စမရှိဘူး၊ သုံးလေးနှစ် ကွာရင်တော့ မတူတော့ဘူး။ အတွေးအခေါ် အယူအဆချင်း ကွာဟတာမျိုးတွေ ဖြစ်လာတတ်တယ်"

"ဒါနဲ့ ကိုကြီးကောင်း၊ ကျွန်တော်နဲ့ ကိုကြီးကောင်းနဲ့



ရှစ်နှစ်ကွာတယ်နော်"

"ခွေးကောင်လေး၊ မင်းပြောမယ့်ဟာ ငါသိတယ်"

"ဟုတ်တယ်လေ၊ အစ်ကိုကြီးနဲ့ ကျွန်တော်နဲ့ဆို အသက်ရှစ်နှစ်တောင် ကွာပေမယ့် ပေါင်းလို့သင်းလို့ ရတာပဲ မဟုတ်လား"

"ဒါက သူငယ်ချင်းပေါင်း ညီအစ်ကိုပေါင်း ပေါင်းတာကွ၊ ဟိုဟာက တစ်မျိုးလေ၊ မင်းနားမလည်သေးပါဘူးကွာ"

"ဟား. . . ဟား၊ ကိုကြီးကတော့ နားလည်ပြီပေါ့"

"မင်းနဲ့စာရင်တော့ နားလည်တာပေါ့၊ ငါ့မှာ အဲဒီလို အတွေ့အကြုံမျိုး မရှိသေးပေမယ့် ကြားဖူးနားဝတော့ ရှိတာပဲ။ အေး. . . ဘာပဲဖြစ်ဖြစ် ခုပဲကြည့်လေ မင်းနဲ့ငါ ပေါင်းလို့သင်းလို့ ရတယ်ဆိုပေမယ့် ခုကိစ္စကျတော့ ဘာလို့ သဘောထားချင်း မတိုက်ဆိုင်တာလဲ၊ အဲဒါ အသက်ချင်းကွာလို့ အယူအဆချင်း ကွာလို့ပေါ့"

"ကိုကြီးရာ လူ့စိတ်ဆိုတာကတော့ တစ်ယောက်နဲ့ တစ်ယောက် ထပ်တူထပ်မျှဘယ်ဖြစ်နိုင်ပါ့မလဲ။ ညီအစ်ကို မောင်နှမအရင်းအချာတွေတောင် တစ်ယောက်နဲ့ တစ်ယောက် စိတ်သဘောထားချင်း တူချင်မှ တူတာ မဟုတ်လား။ နာရီပြင်ဆိုင်က နာရီတွေလို့ပေါ့ဗျာ။ တစ်လုံးနဲ့ တစ်လုံး ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ အချိန်ချင်းတူကြတာမှ မဟုတ်ဘဲ"

ကိုကြီးကောင်းက ကျွန်တော့်စကားကို သဘောကျသွားသောကြောင့် ရယ်သည်၊ ပြီးတော့။

"ဒီမှာ မောင်ဦး၊ မင်းက ငါ့ကို တိုင်ပင်စရာ ရှိတယ်လို့ ပြောခဲ့တယ်နော်။ ခုဟာက တိုင်ပင်ဆွေးနွေးတာမှ မဟုတ်ဘဲကွ၊ မင်းလုပ်ချင်တာကို အကျိုးအကြောင်းပြပြီး ထောက်ခံခိုင်းနေတာပဲဟာ၊ ဘာလုပ်သင့်သလဲလို့ မေးတာမှ မဟုတ်ဘဲ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ မေးတာပဲ မဟုတ်လား"

"ကိုကြီးကလည်း သိရက်သားနဲ့ လျှောက်ပြောနေတယ်၊ အဲဒီတော့ ပြောပါဦးဗျ၊ ဘယ်လိုလုပ်ရမလဲ"

"စဉ်းစားပါဦးကွာ"

"ကျွန်တော် စဉ်းစားတယ် ကိုကြီး၊ ညတိုင်း စဉ်းစားတယ်၊ သူ့အကြောင်းကို စဉ်းစားကြည့်ရတာ ကျွန်တော် ပျော်တယ်"

ကိုကြီးကောင်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်၏၊ ဦးခေါင်းကို ဖြည်းညင်းစွာ ခါသည်။ ကျွန်တော်ကား သူ့ကို ကြည့်၍ ရယ်ချင်သွားမိလေသည်။

* * *



ဆယ်တန်းစာမေးပွဲ ဖြေမပြီးမချင်း 'အဲဒီကိစ္စ'ကို ထည့်သွင်း မစဉ်းစားပါဟု ကိုကြီးကောင်းကို ကတိပေးခဲ့ရသည်။ ကိုကြီးကောင်းက မင်းငယ်သေးတယ်ဟု ပြောသည်။ ကျွန်တော်က လာမည့် ဇွန်လတွင် အသက် ဆယ့်ရှစ်နှစ် ပြည့်ပြီဟု ပြန်ပြောသည်။ ကျွန်တော်သည် လုပ်ချင်တာရှိလျှင် ဇွတ်တရွတ် လုပ်တတ်ကြောင်း၊ ထိုသို့ ဇွတ်တရွတ် လုပ်ခြင်းများသည် သုံးခုတွင် နှစ်ခုလောက်က အမှားဖြစ်တတ်ကြောင်း သူက ထပ်ပြောပြန်သည်။ ကျွန်တော်က သုံးခုမှာ နှစ်ခုမှားတယ်ဆိုတော့ တစ်ခုတော့ မှန်တာပေါ့။ ခုကိစ္စဟာလည်း မှန်တဲ့တစ်ခုမဖြစ်နိုင်ဘူးလားဟု ပြန်မေးလိုက်၏။ သူ ဘာမျှ မပြောတော့ချေ။ ကျွန်တော့်ကို သူ တားလို့ မရကြောင်း လုပ်ချင်တာ လုပ်မည့်သူ ဖြစ်ကြောင်း သူ သိသွား၍ ထပ်မပြောတော့ခြင်း ဖြစ်မည်။ စာမေးပွဲ မတိုင်ခင်အတွင်း ဆိုင်းငံ့ထားရန်ကိုမူ ကျွန်တော် သဘောတူခဲ့သည်။

သို့ရာတွင် ထိုအတိုင်း မဖြစ်ခဲ့။ အရေးပေး ဆောင်ရွက်မှ ဖြစ်မည့်အခြေအနေတစ်ခု ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်လေသည်။

ကြုံဖူးကြလိမ့်မည် ထင်ပါသည်။ ဘစ်စုံတစ်ယောက်သောသူနှင့် အကြောင်းတစ်ခုခုကြောင့် ပတ်သက်ခဲ့ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှင့်ပင် မမျှော်လင့်ဘဲ ဆက်၍ ဆက်၍ ပတ်သက်ရတတ်သည့်အကြောင်း။

ခုလောက်ပြောလျှင် သိလောက်ပါပြီ။ ဟုတ်ကဲ့၊ ကိုခင်မောင်တင့်ပါပဲ၊ သူကလည်း မမခင်လေးခင်ကို ကြိုက်နေကာတဲ့၊ စဉ်းစားကြည့်ပါဗျာ၊ သူ့ပုံစံကြီးနဲ့များ၊ အသက် သုံးဆယ့်ငါးနှစ်လောက်ရှိပြီ။ ဗိုက်ရွဲကြီးနဲ့။ ငပေါကြီးပါ။

ငပေါကြီးက အရေးမကြီး၊ သူ့ခြေလှမ်းက အရေးကြီးသည်။

သူ့မိဘတွေအိမ်က သုမနလမ်းမှာ၊ သူ့အဖေနှင့် မမခင်လေးခင်တို့၏ဖခင်က ခမ်မိတ်ဆွေတဲ့၊ မမခင်လေးခင်တို့ အိမ်မှာ တရားလာလာပြီး ဆွေးနွေးလေ့ ရှိသည်။ ပြီးခဲ့သော တနင်္ဂနွေနေ့က သူ့အဖေနှင့်အတူ မမခင်လေးခင်တို့အိမ်သို့ လိုက်လာသည်။ သူ့ကိုယ်သူ မိတ်ဆက်ပြီး စပါးရော ဖွဲရောဝင်လုပ်သတဲ့။ ပြီးတော့ မြို့ထဲက သူ့သမဝါယမဆိုင်မှာ ငကျွဲဆန်တွေကောင်းကြောင်း၊ တစ်အိတ်လောက် ယူထားပါလားလို့ ပြောသည်။ မမခင်လေးခင်ကတော့ အလိုက်အထိုက်လောက်ပဲ စကားပြန်ပြောသည်ဟု ဆိုသည်။ ထိုအချိန်က အဲဒီအိမ်မှာ အေးအေးဝင်းဆိုသော ကောင်မလေး ရှိနေသည်။ သူက မမလေးဆီလာပြီး 'အဲဒီလူကြီးက ဘယ်လောက်ပေွသလဲဆိုရင်



အစချီပြီး ကိုခင်မောင်တင့်၏ အတင်းလာပြောသဖြင့် ကျွန်တော် ကြားသိလိုက်ရခြင်း ဖြစ်သည်။

ဒီတော့ကာ ကိုကြီးကောင်းကို ပေးခဲ့တဲ့ကတိ ဖျက်ပေါ့၊ နောက်မှ အကျိုးအကြောင်း ရှင်းပြပြီး ကိုကြီးကောင်းကို တောင်းပန်ရတော့မည်။ ခုလောလောဆယ်မှာတော့ ကျွန်တော် စာတစ်စောင် ရေးလေသည်။ ကိုကြီးကောင်းကို တိုင်ပင်ပြီးရေးမည် စိတ်ကူးသေးသည်။ သူ့စကား နားမထောင်လုပ်ရမည့်ကိစ္စ ဖြစ်နေသောကြောင့် ကိုယ့်ဘာသာပင် ကြိုးစားရတော့သည်။

သိပ်ခက်ခက်ခဲခဲကြီးတော့ မဟုတ်ပါ၊ ညတစ်ဝက် အချိန်ကုန်ခံ၍ ရေးလိုက်သောအခါ စာတစ်စောင် ဖြစ်လာသည်။ တကယ့်တကယ်တော့ ရည်းစားစာ ရေးရသည့် အလုပ်သည် နည်းနည်းကြောင်သည် အမှန်။ ချစ်တယ်ဆိုတာ စကားကလေးတစ်ခွန်းအကြောင်းကိုပင် ရှည်ရှည်ဝေးဝေး လှည့်ပတ်ပြီး ရေးနေရတာ မဟုတ်လား။ အမှန်က စာပေးတယ်ဆိုကတည်းက ချစ်လို့ ပေးတာဖြစ်ကြောင်း သိသာပြီးသား။

ကျွန်တော် အကြံတစ်ခုရသည်။ ရေးပြီးသားစာကို ဆုတ်ဖြဲမစ်လိုက်သည်။

နောက်တစ်နေ့တွင် ဘတ်စ်ကားမှတ်တိုင်က ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စောင့်သည်။ မမခင်လေးစီးသော ဘတ်စ်ကားနှင့် လိုက်သွားသည်။ သူတို့ရုံးနားက မှတ်တိုင်တွင် ကျွန်တော်ပါ လိုက်ဆင်းသည်။ သူ့နောက်က လျှောက်လိုက်သွားသည်။ ရုံးနှင့် ခပ်လှမ်းလှမ်းအရောက်တွင် သူ့ဘေးသို့ ဝင်ကပ်လိုက်သည်။ သူ ကျွန်တော့်ကို လှည့်ကြည့်သည်။ "ကျွန်တော် စာတစ်စောင် ပေးချင်လို့ပါ" ဟု ပြောပြီး သူ့ခြင်းတောင်းထဲသို့ စာထည့်ပေးလိုက်သည်။ ချက်ချင်း လှည့်ထွက်လာခဲ့သည်။ ကျွန်တော် ပေးလိုက်သော စာအိတ်ထဲတွင် စာရွက်တစ်ရွက်သာ ပါသည်။ စာရွက်ပေါ်၌ ဘာစာမျှ ရေးမထားချေ။

❋ ❋ ❋

နောက်တစ်ခါ သူနှင့်တွေ့သောနေ့တွင် ကျွန်တော့်ထံတွင် တွေ့ရခဲ့သော အမူအရာများ ဖြစ်ပေါ်လာကြောင်း ဝန်ခံရပါမည်။ ကြောက်စိတ်ဝင်လာခြင်းပင် ဖြစ်ပါသည်။

ဘယ်လိုမှန်းလည်း မသိ၊ ဘတ်စ်ကားမှတ်တိုင်သို့ သူ လျှောက်လာသည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရင်ထဲက အရာတစ်ခုခု ဆောင့်တက်သွားသလို ခံစားလိုက်ရသည်။ ရင်ခုန်သံ တဒုတ်ဒုတ် မြည်လာ၏။ ကတုန်ကယင်ကြီး ဖြစ်နေလေတော့သည်။



သူအနားရောက်လာသောအခါ ကျွန်တော် လှည့်ပြီး ထွက်ပြေးချင်စိတ်ပင် ပေါ်လာသည်။ စိတ်ကို အတင်းဖမ်းဆိန်းပြီး နေမးရသည်။

"ကျွန်တော့်စာကို ဘယ်လိုသဘောရလဲ"

သူကမူ ဘာမျှထူးထူးခြားခြား ဖြစ်ဟန်မတူ။

သူ့မျက်လုံးများကဲ့သို့ပင် တည်ငြိမ်အေးဆေးသော လေသံဖြင့်။

"ဘယ်လိုမှ သဘောမရပါဘူး"

"ခင်ဗျား"

ကျွန်တော် ကြောင်သွားသည်။ သူ ပြုံး၍. . .

"မင်း နောက်တာ မဟုတ်လား"

"မဟုတ်ဘူး" ဆိုပြီး ဘာဆက်ပြောရမှန်း မသိတော့၊ သူကသာ ထပ်ပြောသည်။

"မဖြစ်နိုင်ပါဘူး"

ထို့နောက် ထိုးဆိုက်လာသော ဘတ်စ်ကားပေါ် တက်သွားသည်။

ကျွန်တော့်အဖို့ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပထမဆုံးအကြိမ် ဝမ်းနည်းခြင်း ဖြစ်သွားရလေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩသည်။ သူကားပေါ်တက် ထွက်ခွာသွားသောအခါ ရင်ထဲက ဟာပြီး ကျန်ရစ်ခဲ့ရသည်။ ထိုနေ့တစ်နေ့လုံး နေမထိ ထိုင်မသာ ဖြစ်နေခဲ့၏။ ကိုယ့်ကိုယ်ကို ဘာလုပ်လို့ ဘာကိုင်မိမှန်း မသိ။

လမ်း၏ ဟိုဘက်သို့ ကူးသွားသည်။ ဆယ့်လေးကားတစ်စီး ရောက်လာသည်။ မြို့ထဲဘက်မှ တောင်ဥက္ကလာပသို့ ပြန်ဆင်းလာသော ကား၊ ကားပေါ်သို့ ယောင်ယမ်းပြီး တက်လိုက်၏။ လက်မှတ်ရောင်းသူကိုမြင်မှ ကျွန်တော် ဘယ်ကိုသွားမှန်းမသိ ဖြစ်နေကြောင်း သိရလေသည်။ ကိုကြီးကောင်းကို သတိရလာသောကြောင့် ဇဝနမှတ်တိုင်မှာ ဆင်းလိုက်သည်။ ပြီးမှ သတိရသည်။ ဒီအချိန် ကိုကြီးကောင်း မရှိတော့၊ ရုံးသွားပြီ။ အေးလေ မရှိတာပဲ ခပ်ကောင်းကောင်း၊ သူနှင့်တွေ့ ခုကိစ္စကို ပြောဖြစ်တော့မည်။ သူ့စကား နားမထောင်ရကောင်းလားဆိုပြီး အဆူခံရဦးမည်။

အိမ်သို့ လမ်းလျှောက်ပြန်လာခဲ့သည်။ ကျောင်းသွားရမည့် အချိန်နီးပြီ ဖြစ်သောကြောင့် ရေချိုးသည်။ ထမင်းစားသည်။ မနက်ကတည်းက ဘာမျှမစားရသေးသဖြင့် ဆာနေကြောင်း သိသည်။ သို့ရာတွင် သိပ်မစားနိုင်။

ဘာတွေဖြစ်ကုန်ကြပြီနည်း။ ထူးဆန်းလှသည်၊



ကျောင်းအုပ်ဆရာကြီးနှင့် မျက်နှာချင်းဆိုင် စကားပြောရာ၌ပင် ကြံ့ကြံ့ခံ၍ ရရ ပြောနိုင်ခဲ့သော ကျွန်တော်၊ ဆရာမက စာမေးသောအခါ၌ပင် တုန်ခါ ထစ်ငေါ့ခြင်း မရှိဘဲ ခပ်အေးအေး လေသံဖြင့် ဖြေကြားနိုင်ခဲ့သော ကျွန်တော်။ အစိုးရစစ် စာမေးပွဲဖြေရတော့မည်ကိုပင် စိုးရိမ်ပူပန်ခြင်း မရှိဘဲ ခေါင်းအေးအေးထား၍ စောင့်နေနိုင်ခဲ့သော ကျွန်တော်။

သူနှင့်ကျမှ။ အေးလေ. . . အေးလေ။ သူက ကျောင်းအုပ်ဆရာကြီးတို့၊ ဆရာမတို့၊ အစိုးရတို့မှ မဟုတ်ဘဲ။

တုန်လှုပ်ခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းတို့ကို တစ်ပြိုင်နက်တည်း သူပေးသည်။ ပြီးတော့လည်း မိန်းကလေး တွေ သနားတာ၊ အလိုမရှိဟု ကြွေးကြော်ခဲ့သော ကျွန်တော်သည် သူ့ထံသို့ အသနားခံစာတစ်စောင် ရေးသားတင်သွင်းရန် အဘယ်ကြောင့် ထပ်မံ ကြိုးစားခဲ့ပြန်သနည်း။

ကျွန်တော်သည် 'အချစ်' ဆိုသော အရာနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေရပါပြီလား မသိ။

. . . . . မဖြစ်နိုင်ပါဘူးလို့သာ မမပြောတာနော်၊ မချစ်နိုင်ပါဘူးလို့ ပြောတာ မဟုတ်ဘူး၊ ဘာလို့ မဖြစ်နိုင်ရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ မမရယ်။

တခြားလူတွေက ကလေးကို မုန့်ပေးပြီး ကြိုက်တယ်လို့ ပြောမှာ စိုးလို့လား၊ ဒီတော့လည်း ပြောလိုက်တာပေါ့ မမရယ်၊ ကလေးက မုန့်ကို အတင်းလိုက်တောင်းတာပါလို့။

လူတွေဟာ ကိုယ့်အတွက် တစ်ခုခုကို လိုချင်တဲ့အခါကျမှ သူတစ်ပါးကို တောင်းပန်ခယကြတတ်ကြတာပါ။ ကျွန်တော်ကတော့ ကိုယ်က ပေးရဖို့အတွက် မမကို တောင်းပန်ခယ နေပါတယ်။ မမကို ကြင်နာမှုတွေ၊ ယုယမှုတွေ၊ သစ္စာတရားတွေ ပေးဖို့ပါပဲပေါ့"

ကဗျာလေးတစ်ပုဒ် ဖတ်ဖူးသည်။

မမ မမ၊

တ တတာနှင့်၊

ဘဝ နစ်မွန်းခဲ့ပါပြီတဲ့။

မမရယ်၊ မမဟာ ကျွန်တော့်အချစ်ဦးပါ။ ကျွန်တော့်ဘဝပါပဲလို့ ပြောရင် လွန်လွန်းတယ်လို့ မမ ဆိုမှာလား။ ကျွန်တော့် ဘဝနစ်မွန်းအောင် မမ ပြုရက်တော့မှာလားဟင်။ ကျွန်တော့်ကို ပြန်ချစ်ပါနော် . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . အစရှိသော စာရှည်ကြီးတစ်စောင်ကို ကျွန်တော်ရေးပြီး မမကို ပေးလိုက်



ပြန်သည်။ ကျွန်တော့်စာထဲတွင် 'ရယ်'၊ 'နော်' စသည်ဖြင့် အောက်ကျို့ကာ ခယသော လေသံတွေ မိုးမွှန်အောင်ပါနေကြောင်း တွေ့ကြပါလိမ့်မည်။ ပေါ်ဦးတို့က လျှော့ပြီဆိုတော့လည်း ရေဒီယို ဟဒယရှင်ဆေးထဲက ဈေးသည်ကြီး ဆန်နီ၊ ဆန်နီကြီး ဈေးသည်လို 'အကုန်ယူသွား၊ အလကား ယူသွား' ဆိုတဲ့ အတိုင်းပါပဲလားဟုဟုဆိုလျှင်လည်း ခံရရုံပဗျာ၊ ကြိုက်တဲ့လား။

⁂

ဒုတိယအကြိမ် ပေးသောစာနှင့်ပတ်သက်၍ မမခင်လေးခင်၏ ပြန်ကြားချက်ကား

"စာမေးပွဲအောင်အောင်ဖြေ" တဲ့။

ဘာသဘောလဲ၊ ဆယ်တန်းမအောင်ခင်အတွင်းမှာ အချစ်အကြောင်း မစဉ်းစားနဲ့ဦးလို့ ပြောတာလား၊ ဆယ်တန်း အောင်အောင်ဖြေရင် ချစ်မယ်လို့ ပြောတာလား။

ထုံးစံအတိုင်းပင် အကျုပ်ဆိုက်လာပြီဆိုလျှင် ကိုကြီးကောင်းကို သတိရစမြဲ။ သူကလည်း ထုံးစံအတိုင်းပင်။ မမခင်လေးခင်ကို တနှစ်စောင် ပေးပြီးကြောင်း ပြောလိုက်သည်နှင့် "မင်းဟာ ဖော်တော်ခက်တဲ့ ကောင်ပဲ၊ အဲဒီကိစ္စကို မမေး

www.burmeseclassic.com

www.burmeseclassic.com



စားပါနဲ့ဦးလို့ ပြောထားလျက်သားနဲ့" စသည်ဖြင့် ဆူပူ ကြိမ်းမောင်းလေသည်။

"ကဲပါ ကိုကြီးရာ ဆယ်တန်းမအောင်မချင်း ကျွန်တော် အဲဒီကိစ္စကို ဘာမှ ထပ်မလုပ်တော့ပါဘူး"

"အောင်မာ. . . လာပြန်ပြီလား၊ ဟိုတစ်ခါလည်း မင်း အဲဒီကတိပေးပြီးပြီ။ ကတိပေးထားလို့သာ တနှစ်စောင့် ပေးဖြစ်တာပေါ့၊ ကတိသာ မပေးရင်. . ."

"ဒီတစ်ခါ တကယ်ပါဗျာ"

"မကယ်လို့ကောရမလားကွ၊ ဟိုက စာမေးပွဲ အောင်အောင်ဖြေလို့ ပြောထားပြီးပြီပဲ"

"အဲဒါ သိချင်တာပေါ့ ကိုကြီးရ၊ ဘာသဘောလဲဆိုတာ"

"ငါ ဘယ်သိမလဲကွ"

"ဟာဗျာ. . . ခက်လိုက်တာ၊ ဒီမှာကိုကြီး. . . ကျွန်တော် စာမေးပွဲအောင်ရင် သူက ချစ်မှာလား"

သူ ခဏမျှ စဉ်းစားပြီး 'အေးကွ၊ ဖြစ်နိုင်တယ်' ဟု ပြောသည်။ ကျွန်တော် သိ၏။ သူ တကယ်မသိကြောင်းကို၊ ကျွန်တော်က မမ၏ အချစ်ကို ရယူလိုဇောနှင့် စာမေးပွဲ ကြိုးစား၍ မဖြေလိမ့်မည်ဟု သူတွက်ပြီး ဤသို့ ပြောခြင်းဖြစ်သည်။ ကျွန်တော် ပြုံးလိုက်သည်။ ကျွန်တော့်အပြုံးကို သူကလည်း



ပြန်ရိပ်မိသွား၏။

"ခွေးကောင်လေး. . . မင်းက ဘာပြုံးတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"အေး. . . ဘာပဲဖြစ်ဖြစ် မင်း စာမေးပွဲကျရင်တော့ ငါ့လက်သီးနဲ့ အရင်ဆုံး တွေ့မယ်"

ကိုကြီးကောင်းရဲ့ လက်သီးကိုပဲ ကြောက်လို့လား၊ မမခင်လေးခင်၏ စကားကြောင့်ပဲလား၊ စာမေးပွဲကို ကြိုးကြိုးစားစား ဖြေလိုက်သည်။ ဖြေလည်း ဖြေနိုင်သည်။ တကယ့်တကယ်တော့လည်း သူတို့နှစ်ယောက်၏ ပယောဂ မပါဝင်သည့်တိုင် ကျွန်တော် ကြိုးကြိုးစားစား ဖြေမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ကျောင်းသား တစ်ယောက် ဖြစ်သောကြောင့်ပင်။ ကျောင်းသားမှန်လျှင် စာမေးပွဲအောင်ချင်သည်သာ ဖြစ်သောကြောင့်ပင်။ သိပ်မထူးဆန်းပါ။

တစ်ခုတော့ ရှိသည်။ ပြီးခဲ့သော အတန်းများနှင့် မတူသော အချက်တစ်ချက်၊ စာမေးပွဲ အောင်စာရင်း မြန်မြန်ထွက်စေချင်သောစိတ် ဖြစ်ပေါ်နေခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင်စာရင်းတွေ မထွက်ခင် တစ်ခါ ဆုံမိသေးသည်။ ဒီကြားထဲ မှတ်တိုင်မှာ မယောင်မလည် လုပ်ရင်း သွားစောင့်တာ သူတို့ရုံးရှေ့က လက်ဖက်ရည်ဆိုင်ကနေ ရုံးတက်ရုံးဆင်း ခိုးခိုးကြည့်တာတွေကို ထားလိုက်ပါတော့။ စကားပြောဖြစ်ခြင်းကိုသာ တစ်ခါဆုံသည်ဟု အသိအမှတ်ပြုလိုက်ရခြင်း ဖြစ်ပါသည်။

မေလဆန်းတွင် မမလေး မင်္ဂလာဆောင်သည်။ မမလေးသည်လည်း မမကြီးကဲ့သို့ပင် လက်ထပ်ပြီးလျှင် သူ့ယောကျ်ားနှင့် လိုက်နေမည်ဟု သိရ၏။ ခုတိုင်းဆိုလျှင် အိမ်မှာ ကျွန်တော် တစ်ယောက်တည်း ကျန်တော့မည်။ ကျွန်တော် ထမင်းစားခါနီးပြီဆိုလျှင် အတို့အမြှုပ်ကလေးတွေ၊ အကြော်အလှော်လေးတွေ၊ အသုပ်ကလေးတွေ ပြုလုပ်ပေးတတ်သော မမလေးကို နည်းနည်းတော့ နှမြောမိ၏။ နောက်ဆိုလျှင် ထမင်းစားပြီး ပန်းကန်တွေကို ဒီအတိုင်း ပစ်ထားခဲ့လို့ မဖြစ်တော့။ တစ်ဖက်က ပြန်ကြည့်တော့လည်း တစ်မျိုးကောင်းသည်။ မမလေး မရှိတော့လျှင် မမခင်လေးခင် ကိစ္စနှင့်ပတ်သက်၍ ကျွန်တော် လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ ရမည်။ မမလေးက ပါးပါးနပ်နပ် ရှိသောကြောင့် သူ အိမ်မှာရှိလျှင် ရိပ်မိသွားနိုင်သည်။



မမကြီး၊ မမလေးတို့နှင့် မမခင်လေးခင်သည် သိပ် ရင်းရင်းနှီးနှီး မရှိ။ ရပ်ဆွေရပ်မျိုး သဘောလောက်သာ သိကြသည်။ ခုမင်္ဂလာဆောင်တွင်မူ မမခင်လေးခင်ကို ဖိတ်ကြားဖြစ်ခဲ့၏။

မမကတော့လေ တစ်မျိုးပဲ။ မင်္ဂလာဆောင်ကို လာတာ သူများတွေလို ကြောင်ကြောင်ကျားကျား၊ တောက်တောက်ပပ၊ ပြိုးပြိုးပြက်ပြက် မဟုတ်။ ရိုးရိုးကလေး။ ခရစ်လှိုင်းကြီး ရင်ဖုံးအကျီအပြာနု၊ ထဘီကလည်း ရိုးရိုး တက်ထရွန် တဘီနက်ပြာကလေး။

သူရောက်စက ကျွန်တော် မမြင်လိုက်မိ။ ရပ်ကွက်ထဲက သူငယ်ချင်းတွေ ထိုင်နေသော ဝိုင်းနားမှာရပ်၍ စကားပြောနေသောကြောင့် ဖြစ်သည်။ နောက် မမကြီးက ခေါ်နေသည်ဆို၍ လှည့်ကြည့်လိုက်တော့မှ သူ့ကို မြင်သည်။ ဘယ်လိုလဲ မသိ။ သူ့ကို မြင်သောအခါ ရင်ထဲက တစ်မျိုးကြီး ဖြစ်သွားပြန်သည်။

မမကြီးက လက်ယပ်ခေါ်သောကြောင့် ထိုစားပွဲသို့ သွားသည်။ မမကြီးရယ်၊ သူ့ယောကျ်ားရယ်၊ တခြား အစ်မကြီး တစ်ယောက်ရယ်၊ သူရယ် တစ်ဝိုင်းထိုင်သည်။ ကျွန်တော် အနားမှာ သွားရပ်သောအခါ မမကြီးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်မမောင်လေး မောင်ပေါ်ဦးပဲ၊ ဒီနှစ် ဆယ်တန်းဖြေထားတယ်"

ကျွန်တော်က မမခင်လေးခင်ကို ဖျတ်ခနဲ ကြည့်ပြီးမှ ဟိုတခြား အစ်မကြီးဘက်လှည့်၍ ပြုံးပြလိုက်သည်။ ကျွန်တော်သည် သူတို့ကြားတွင် ရှိုးတိုးရှန့်တန့်ဖြစ်ပြီး ရှက်နေမိ၏။ ထိုနေရာမှ အမြန်ဆုံး ထွက်သွားချင်သည်။ တစ်ပြိုင်နက်တည်းမှာပင် သူတို့နှင့် ရောထိုင်ပြီး စကားပြောချင်စိတ်လည်း ပေါက်နေမိသည်။ ရေခဲမုန့် သွားယူဦးမယ်ဟု ပြောပြီး လှည့်ထွက်မည် မြှသည်။ မမကြီးက အားလုံးစားပြီးကြပြီဟု ပြောသောကြောင့် ခုံတစ်လုံး ဆွဲယူပြီး ထိုင်လိုက်ရသည်။

မမကြီးက ကျွန်တော့်အကြောင်း ဆက်ပြောနေပြန်သည်။ ကျွန်တော်က စာတော်ကြောင်း၊ စာကို ဟုတ်တိပတ်တိ ကျက်လေ့ မရှိကြောင်း၊ အချိန်တန်တော့လည်း အောင်သည်ပင် ဖြစ်ကြောင်း၊ ခုတစ်ခါတော့ အစိုးရစစ်ဖြစ်သောကြောင့် နည်းနည်း စိုးရိမ်မိကြောင်း။

မမခင်လေးခင် ရှေ့တွင် ကျွန်တော့်ကို ကလေးလေးတစ်ယောက်လို သဘောထား၍ ပြောဆိုနေကြခြင်းအတွက် စိတ်ထဲက နည်းနည်းတော့ အောင့်သက်သက် ဖြစ်မိသည်။ မမကို ကျွန်တော်တစ်ချက် လှမ်းကြည့်သည်။ မမခင်လေးခင်



သည် ကျွန်တော့်ကို ကြည့်၍ မနေချေ။ မမကြီးတို့ကိုသာ ငေးကြည့်ရင်း နားထောင်နေသည်။

ဧည့်သည်မမကြီး ပြန်မည်ဆို၍ မမကြီးတို့ လိုက်ပို့သည်။ စားပွဲတွင် မမခင်လေးခင်နှင့် ကျွန်တော် နှစ်ယောက်တည်း ကျန်ရစ်သည်။ မမ၏ရှေ့တွင် ကျွန်တော် စိတ်ကျဉ်းကပ်နေ၏။ တစ်ခုခုပြောဖို့ စဉ်းစားသည်။ မပြောရဲ၊ ထထွက်သွားဖို့ ကြံစည်သည်၊ ထလို့မရ။

အတန်ကြာမှ မမ၏ ချောင်းဟန့်သံ သဲ့သဲ့ကြားရသည်။ သူ့ကို ကျွန်တော် ကြည့်လိုက်မိ၏။ မမမေးသည်။

"ဖြေနိုင်ရဲ့လား စာမေးပွဲ"

ကျွန်တော် ခေါင်းညိတ်ပြီး. . .

"ဖြေနိုင်ပါတယ်"

မမကို ကြည့်နေရာမှ မျက်လွှာချလိုက်သည်။ အသံတိုးတိုးဖြင့် အရဲစွန့်ပြီး မေးသည်။

"ကျွန်တော့်ကို စာမေးပွဲ အောင်စေချင်လားဟင်"

ပြန်ဖြေသံ မကြားရ။ ကျွန်တော် သူ့ကို ကြည့်လည်း မကြည့်ရဲတော့။ ရင်ထဲတွင် ကုလားတက် ခေါက်သံတွေ မြည်နေသည်ဟု ထင်၏။ အဲဒါ ဘာဖြစ်တာလဲ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



မမခင်ဗျား. . .

ကျွန်တော် စာမေးပွဲ အောင်ပါသည်။

ကျွန်တော်

☀ ☀ ☀

(-- ၄) စကားဝှက် 'နှင်းဆီ'

ရင်ခုန်နေသော်လည်း ဟိုအကြိမ် တွေ့တုန်းကလောက် မဆိုးတော့။ စိတ်လှုပ်ရှားမှုကို အကျင့်ရသွားသောကြောင့် ဖြစ်သည်။ အရင်လို ပေါ့ပေါ့ဆဆ သဘောမဟုတ်ဘဲ စာမေးပွဲ အောင်စာရင်းကို ထူးထူးခြားခြား စိတ်လှုပ်ရှားစွာ ကြည့်ခဲ့ရသော အရှိန်ကြောင့် ဖြစ်ချင်လည်း ဖြစ်မည်။ သို့တည်းမဟုတ်၊ စာမေးပွဲအောင်ခဲ့သောကြောင့် သူ့စကားနှင့်အညီ အဖြေပေးလေတော့မည်ဟု စိတ်ချနေသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ပင်ဖြစ်စေ သူ့ကို စကားပြောရမည်ကို ဝန်လေးနေမိသည်တော့ အမှန်ပင်။

ကားမှတ်တိုင်တွင် ဟိုဘက်ဒီဘက် ပေနှစ်ဆယ်လောက်ကွာအောင် ရပ်နေမိသည်။ သူ့အနားသို့ မသွားရဲသေး။ သူသည် မှတ်တိုင်နား ရောက်ခါစက တစ်ချက်လှမ်းကြည့်ပြီး နောက်ထပ် မကြည့်တော့။ ဘတ်စ်ကားလာမည့်



ဘက်ကိုသာ ငေးကြည့်နေသည်။

ဘတ်စ်ကားလာသောအခါ လူတွေကြားထဲက တိုးဝှေ့ပြီး သူတက်သွားသည်။ ကျွန်တော် ကြောင်ကြည့်နေရာမှ ထွက်စပြုနေသော ဘတ်စ်ကားနောက်သို့ ပြေးခိုတက်လိုက်ရသည်။

မှတ်တိုင်မှာ ဆင်းပြီးနောက် ရုံးသို့သွားရာ လမ်းအတိုင်း ခပ်လှမ်းလှမ်းမှ လိုက်သည်။ အတန်ကြာ လျှောက်မိပြီးမှ သူနှင့် ဘေးချင်းယှဉ်လိုက်သည်။

"ကျွန်တော့်စာ ဖတ်ပြီးပြီ မဟုတ်လား"

ခေါင်းဆတ်ရုံမျှ ညိတ်ပြသည်။

"ဘယ်လိုလဲဟင်"

အနည်းငယ် စောင်းငဲ့ကြည့်ရုံမှလွဲ၍ ဘာမျှ မပြန်ကြားချေ။

"ကျွန်တော် စာမေးပွဲ အောင်တယ်လေ"

"ကောင်းတာပေါ့"

သူ ပြောသည်။

"အဲဒါ ကျွန်တော့်ကို အဖြေပေးဖို့"

ဘာမျှပြန်မပြောဘဲ လျှောက်မြဲသာ လျှောက်နေသည်။ ကျွန်တော့်စိတ်ထဲက အားမလို အားမရ ဖြစ်လာ၏။

"ကျွန်တော့်ကို ပြောခဲ့တယ် မဟုတ်လား။ စာမေးပွဲသာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အောင်အောင် ကြိုးစားလို့. . .၊ ခုအောင်ပြီလေ"

သူ တစ်ခုခု ပြောမည်မှတ်၍ စကားမဆက်ဘဲ ခဏ စောင့်ကြည့်သည်။ ဘာမျှမကြားရ။ သူ့ပခုံးကို ဆွဲကိုင်လှုပ်ယမ်းပြီး မေးလိုက်ချင်စိတ်ပင် ပေါက်လာသည်။ အတော်ကြာအောင်ပင် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။ ကျွန်တော့် ခြေသံများသာ ကြားနေရသည်။ သူ့ထံမှမူ ခြေသံကိုပင် မကြားရ။ မမသည် မခြေလှမ်းများကအစ လုံခြုံလှပါတကား။

"ကျွန်တော် စာမေးပွဲအောင်တယ်လေ မမ"

"ဝမ်းသာပါတယ်၊ ဂုဏ်ထူးကော ပါသေးလား"

"မမပြောခဲ့တုန်းက ဂုဏ်ထူးကိစ္စ မပါဘူးလား"

သူ ပြုံးလိုက်သည် ထင်၏။ ကျွန်တော် လှည့်အကြည့် နောက်ကျသွားသောကြောင့် သူ့နှုတ်ခမ်းပေါ်တွင် အရိပ်အရောင်မျှသာ ကျန်တော့သည်။ ကျွန်တော် အားတက်သွားလေသည်။

"ကျွန်တော့်ကို လက်ခံတယ် မဟုတ်လားဟင်"

"အဲဒါတွေ ခုချိန်မှ မစဉ်းစားသေးတာဘဲ ကောင်းပါတယ်"

ကျွန်တော် တုံ့ခနဲ ရပ်လိုက်၏။ သူလည်း ယောင်ပြီး လိုက်ရပ်သည်။



"ကျွန်တော့်ကို လှည့်စားတာလားဟင်"

"ဘယ်တုန်းက လှည့်စားလို့လဲ"

"ဟာထူးလဲ"

ကျွန်တော့်ကိုယ် ကျွန်တော် အံ့ဩရပြန်ပြီ။ မခံချိမခံသာ ဖြစ်လာသောစိတ်ကြောင့်လား၊ အလျှော့မပေးလိုသောပင်ကိုဉာဉ်ကြောင့်လား။ ဒီလိုကိစ္စမျိုးတွင် ပါးရည်နပ်ရည် မရှိသေးသောကြောင့်လား မသိ။ ကျွန်တော့်ထံတွင် ကြောက်စိတ် မရှိတော့။ ဆက်ပြောသည်။

"စာမေးပွဲအောင်ရင် အဖြေပေးမယ်ဆို"

"အဲဒီလို ပြောခဲ့လို့လား"

ပြောပြီး သူ ဆက်လျှောက်သည်။ ကျွန်တော် ခဏရပ်ကျန်ခဲ့ရာမှ ခပ်သွက်သွက် လှမ်းလိုက်သည်။

"နေပါဦး မမ. . . ကျွန်တော် တစ်ခုပြောပါရစေဦး၊ တကယ့်တကယ်တော့ ကျွန်တော် စာမေးပွဲအောင်အောင် ကြိုးစားပြီး ဖြေခဲ့တာဟာ မမရဲ့ စကားကြောင့်ခုတည်းကြောင့် မဟုတ်ပါဘူး။ ကျောင်းသားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ တာဝန်ဝတ္တရားအတိုင်း ကြိုးစားဖြေခဲ့တာပါ၊ တကယ်လို့ မမက စာမေးပွဲအောင်ရင်လည်း အဖြေပေးမှာ မဟုတ်ဘူးလို့ ပြောခဲ့ရင်တောင် ကျွန်တော်ကတော့ စာမေးပွဲကျအောင် ဖြေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဒါပါပဲ ခင်ဗျား"

ကျွန်တော် ရုတ်တရက် ရပ်တန့်လိုက်သည်။ လှည့်ထွက်ရန် ခြေလှမ်းပြင်သည်။ 'ဒီမှာ' ဟု သူပြော၏။ သူ့ကို အလိုလို လှည့်ကြည့်မိပြီးသား ဖြစ်သွားသည်။

"မင်း မာနကြီးတတ်သလား"

"ဟုတ်တယ်"

သူ ပြုံးသည်။

"မှန်တာပြောတတ်တဲ့ မင်းရဲ့စိတ်ဓာတ်ကို မမ ချီးကျူးပါတယ်"

ကျွန်တော့်စိတ်များ ချက်ချင်း လျော့ကျသွားသည်။ သူ့အပြုံးကြောင့်ပင် ဖြစ်သည်။ ပျော်သွားသလိုလိုလည်း ခံစားလိုက်ရသည်။ ခုပဲ စိတ်တိုအောင်. . . ခုပဲ စိတ်ရွှင်လန်းအောင် သူပြုတတ်နိုင်သလား။ ကျွန်တော်ပင် ရှုံးနေပြီ ထင်ပါရဲ့။

"ကျွန်တော့်ကို ချီးကျူးတဲ့စကားကို မလိုချင်ပါဘူး၊ အဖြေပဲ လိုချင်တာ"

"အဖြေမပေးဘူး ဆိုရင်ကော"

"အဲဒါဆိုရင် မမဆီက အဖြေမရမချင်း ကျွန်တော် ဒီနေရာက မရွှေ့တော့ဘူး၊ မိုးရွာရွာ နေပူပူ ဒီမှာပဲ တစ်သက်



လုံး ရပ်နေမယ်"

ကျွန်တော် ရပ်လိုက်သည်။ သူပါ ရပ်သည်။ ထို့နောက် ရှေ့ကို တက်လှမ်း ဆက်သွားသည်၊ ပြန်ရပ်သည်။

"ပြန်ပါတော့ ရုံးနားတောင် ရောက်နေပြီ"

"မပြန်ဘူး၊ အဖြေပေးမှ ပြန်မယ်"

ထွက်သွားမည့်ဟန်ပြုသည်။

"မမ"

သူ မသွားဖြစ်ပြန်ချေ။

"ကျွန်တော့်ကို လက်ခံတယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ မမခေါင်းမှာ ပန်ထားတဲ့ နှင်းဆီပွင့်ကလေး ပေးပါလားဟင်"

သူ ခေါင်းလည်း မခါ၊ ညိတ်လည်း မညိတ်၊ ခပ်တွေတွေ ရပ်နေဆဲ။ သူ့မျက်နှာသည် ပန်းနုရောင် နှင်းဆီပွင့်နှင့် ဆင်တူ။

"အဲဒီ နှင်းဆီပွင့်လေး ပေးခဲ့ပါ မမရယ်. . . နော်"

သူ့လက်ကလေးသည် ဦးခေါင်းဆီသို့ ဖြည်းဖြည်းကလေး ရွေ့လျားမြင့်တက်သွားပုံမှာ ကမ္ဘာပေါ်တွင် အလှပဆုံးပန်းချီကား တစ်ချပ်။

❁ ❁ ❁

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကား ရတနာထုပ်ကောက်ရသော သူဆင်းရဲကဲ့သို့ ဖြစ်နေလေသည်။

မမပေးလိုက်သော နှင်းဆီပန်းပွင့်ကလေးကို ဘယ်နေရာမှာ ထားရမှန်းမသိ။ ခေါင်းအုံးအောက်မှပဲ ထားအိပ်ရမလို၊ သေတ္တာထဲပဲ ထည့်ထားရမလို၊ ဘဏ်မှာပဲ သွားအပ်ထားရမလို၊ ဘုရားညောင်ရေအိုးထဲပဲ ထိုးရမလို ဖြစ်နေသည်။

မမဆီက ထိုနှင်းဆီပန်းကို အဖြေပေးသည့်အနေဖြင့် ရရှိခဲ့ပြီးနောက် အပြန်ခရီး တော်တော် စွန့်စားရသည်။ ဘတ်စ်ကားစီးပြန်လျှင် လူတွေ တိုးသောကြောင့် ကြေမွသွားမည်စိုးရသည်။ သုံးဘီးငှားပြန်ရန်လည်း မတတ်နိုင်။ နောက်ဆုံးအကြံတစ်ခု ရသည်။ နှင်းဆီပွင့်ကလေးကို လက်ကိုင်ပဝါဖြင့် ခပ်ဖွဖွ အုပ်ထားလိုက်သည်။ ပြီးတော့ ဘတ်စ်ကားဂိတ်အထိ လမ်းလျှောက်သည်။ ဂိတ်ကနေ စောင့်စီးသောကြောင့် ကားလူချောင်သည်။ ထိုင်စရာနေရာ ရသည်။ ကျွန်တော် အစိုးရိမ်ကြီးခြင်း ဖြစ်သည်။ ကျွန်တော် ပြန်သောအချိန်တွင် မြို့ထဲမှ ကျွန်တော်တို့ဘက်သို့ ပြန်သော ဘတ်စ်ကားတွေ ချောင်လိုက်သည့် ဖြစ်ခြင်း။

ခုလည်း ဒီနှင်းဆီပွင့်ကို ဘယ်လိုထားရပါ့မလဲ။ အတန်းထဲက ကောင်မလေးတွေ ကျောင်းကို ပန်းတွေ ယူလာသည်



နည်းကို သတိရ၏။ ပလတ်စတစ် အိတ်တစ်လုံးရှာသည်။ နှင်းဆီပွင့်ကို ထည့်သည်။ အိတ်ထဲသို့ လေမှုတ်သွင်းသည်။ အိတ်၏ ထိပ်စကို သားရေကွင်းဖြင့် ချည်သည်။ လေပြည့်သောကြောင့် ဖောင်းနေသော အိတ်ထဲတွင် နှင်းဆီပွင့်ကလေး အပွင့်မပျက် ရှိနေပြီ။ မေမေတို့တွေ့လျှင် မေးနေမည်စိုး၍ စားပွဲအံဆွဲထဲ ထည့်ပြီး သော့ခတ်ထားလိုက်သည်။

ပလတ်စတစ်အိတ်တွေ ထပ်ရှာထားမှပဲဟု စဉ်းစားမိသည်။ နောက်ထပ်နှင်းဆီပန်းတွေရဖို့ အလားအလာ ရှိသေးသည်။

အလို. . .

ပေါ်ဦးတစ်ယောက်တော့ဖြင့် သွားရှာပြီ ထင်ပါရဲ့ဗျာ။

ကိုကြီးကောင်းသည် ကျွန်တော် အူမြူးနေပုံကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ခုတလောမှာတော့ ကျွန်တော် ဒီလိုပဲ၊ လှုပ်ရှားဟန်တွေ အရမ်းသွက်လက်နေသည်။ စကားလည်း များများပြောဖြစ်သည်။ သူတကာအပေါ်မှာ နည်းနည်းလည်း သဘောကောင်းနေသည်။

အေးလေ အေးလေ၊ ကျွန်တော်ရဲ့ အောင်မြင်မှုကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည့်ပါဦးမှပေါ့၊ စာမေးပွဲလည်း အောင်သည်။ မမခင်လေးခင်ရဲ့ အချစ်ကိုလည်း လက်ခံရရှိသည်။ မေမေတို့ကတော့ ကျွန်တော် စာမေးပွဲအောင်လို့ ခုလောက်ဖြစ်နေတာလို့ပဲ ထင်နေသည်။

"သိပ်ပျော်နေတာပေါ့လေ"

ကိုကြီးကောင်း မေး၏။

"ဒါပေါ့ဗျ၊ ကိုကြီးပဲ စဉ်းစားကြည့်လေ၊ ကျွန်တော်က တစ်ပြိုင်နက်တည်းမှာ စာမေးပွဲနှစ်ခုဖြေရတာ မဟုတ်လား၊ နှစ်ခုစလုံး အောင်တယ်ဆိုတော့ မပျော်သင့်ပေဘူးလား"

"ပျော်သင့်ပါပေတယ် ခင်ဗျား"

"ငေါ့တာလားဗျ"

"ငေါ့တာမဟုတ်ဘူးကွ၊ ရိတာ ရိတာ"

"မနာလိုလို့ ထင်တယ်၊ ဟဲ ဟဲ"

"တော်စမ်းပါကွာ၊ မင်းကို မနာလိုလည်း မဖြစ်ပါဘူး၊ ဒီမှာဟေ့ကောင့် မင်း အဲဒီကိစ္စကို လုပ်မယ်ဆိုတာသိရတော့ ငါ ဖွတ်တားဦးမလို့ပဲ၊ တားလို့ရမှာ မဟုတ်ဘူးဆိုတာ သိလို့လည်း တစ်ကြောင်း၊ ပြီးတော့ အဲဒီ အမျိုးသမီးအကြောင်းကို စုံစမ်းကြည့်တယ်"

"ဘာ. . . စုံစမ်းကြည့်တယ်"



"အေး. . . ဘယ်လိုလဲဆိုတော့ စုံစမ်းကြည့်တာ၊ ရိုးရိုးအေးအေးကလေးပဲ၊ ပြီးတော့ လူကြီးဆန်တယ်ဆိုတာလည်း သိရလို့ ငါ ဘာမှမပြောဘဲ နေခဲ့တာ"

"ဟာ. . . ကိုကြီးက ကျွန်တော့်အတွက် ဒီလောက်တောင် အပင်ပန်းခံရသလားဗျ"

"ခံရတာပေါ့ကွ၊ မဟုတ်တာတွေနဲ့ ဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

ကျွန်တော် သူ့ပခုံးကို ခပ်တင်းတင်း ဖက်ပြီး. . .

"ဒါကြောင့်လည်း ကိုကြီးကို ချစ်နေရတာဗျ"

"အမယ်ဟေ့ကောင်၊ မင်းချစ်ရမှာက ငါ့ကို မဟုတ်ဘူးဟ" ဟု ရယ်ရင်း ပြောသည်။

"ဒါနဲ့ ကိုကြီးက ဘယ်လိုစုံစမ်းတာလဲ"

"ငါနည်း ငါ့ဟန်နဲ့ပေါ့ကွ၊ တချို့က ငါကိုယ်တိုင်က ကြိုက်နေလို့ ထင်ကြသေးတယ်"

"ထင်မယ်ဆိုလည်း ထင်လောက်စရာပဲကိုး၊ ကျွန်တော့် မမက သိပ်လှတာ မဟုတ်လား"

"သွားစမ်းပါကွာ၊ မင့်ဟာကြီးကို ငါ မကြိုက်ပါဘူး"

"ဟာဗျာ အဲဒီလို မင့်ဟာကြီးလို့တော့ ရင့်ရင့်သီးသီး မပြောပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင့်ဟာလေးလို့ ပြောရမှာလား"

"မင်း အမျိုးသမီးလို့ ပြောစမ်းပါဗျာ"

"ဟ. . . ဆတ်ဆတ်ထိ မခံနိုင် ဖြစ်နေပါပေါ့လားကွာ"

"ဒါပေါ့ ကိုကြီးရာ၊ ဒီမှာ ကျွန်တော် တစ်ခုမေးမယ်ဗျာ၊ မှန်မှန်ဖြေစမ်းပါ၊ မမက မလှဘူးလားဟင်"

"အမှန်အတိုင်းပြောရင် သိပ်အလှကြီးတော့ မဟုတ်ဘူး၊ ဒါပေမယ့် ကျက်သရေရှိရှိ လှတာတော့ အမှန်ပဲကွ"

"ကိုကြီး နံပြားစားမလား"

"ဘာပေါက်ပြန်တာလဲကွ"

"မဟုတ်ဘူးလေ၊ မမကို လှတယ်ပြောလို့"

ကိုကြီးကောင်းက လက်ဖက်ရည်တစ်ငုံ သောက်လိုက်သည်။ မေးစေ့ကို ပွတ်ရင်း စဉ်းစားနေပြီးမှ ပြောသည်။

"ဒီမှာ မောင်ဦး၊ လူတွေဟာ သူ့နည်းသူ့ဟန်နဲ့ ပေါ်နေကြတာပဲနော်"

"ဟား. . . ဟား. . . ကိုကြီးက ကျွန်တော့်ကို ပြန်တွယ်တာပေါ့လေ"

သူ ရယ်နေသည်။

"ဒါနဲ့ နေပါဦး ကိုကြီးရ၊ ကိုကြီး စုံစမ်းကြည့်ပြီးတော့ သိရသလောက်ဆိုရင် မမရဲ့ ဣန္ဒြေသိက္ခာ၊ အရည်အချင်းတွေ



နဲ့ ပတ်သက်လို့ ကျေနပ်ရဲ့လား"

"အေး. . . ကျေတော့ ကျေနပ်ပါတယ်ကွာ၊ စိတ်ချလက်ချတော့ မဟုတ်သေးဘူး"

"ဟင်. . ဘယ်လိုစိတ်မချတာလဲ မမက"

"မဟုတ်ဘူးလေ၊ ကောင်မလေးဘက်ကို စိတ်ချပါတယ်။ မင်းကိုသာ အသက်ချင်းလည်း ကွာနေတော့. . ."

"လာပြန်ပြီဗျာ. . . ဒီအသက်ကိစ္စက"

"အေးကွ၊ အဲဒါလည်း ထည့်ပြောရမှာပဲပေါ့၊ တစ်ခုတော့ ရှိတာပေါ့လေ၊ ဟိုက မင်းအပေါ်မှာ ပဲ့ပြင်သွန်သင်သွားမယ်၊ ထိန်းထိန်းသိမ်းသိမ်းနဲ့ နေသွားမယ်ဆိုရင်တော့ မဆိုးပါဘူး။ ဒါမှမဟုတ်ဘဲ သူက မင်းကို မနိုင်ဘူးဆိုရင်တော့ မလွယ်ဘူး။ မင်းလို တဇွတ်ထိုး ပေကပ်ကပ်အကောင်ကို သူ မထိန်းနိုင်ရင်တော့. . ."

"ကျွန်တော် သူ့စကား နားထောင်မှာပေါ့ဗျာ"

"မင်းက ငါ့စကားတောင် နားထောင်လို့လား"

"ကိုကြီးက ကိုကြီးပဲ။ သူက မမပဲဟာ"

"အေးလေ. . . မျှော်လင့်ရတာပဲပေါ့ကွာ"

ကျွန်တော် ကိုကြီးကောင်းကို ကြည့်ပြီး ပြုံးလိုက်သည်။ ဘုရားတပြီး စီးနင်းလိုက်ပါလာကြရသောအခါ ခရီးသည်များ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် အမြန်ကားဒရိုင်ဘာက ပြုံးသော အပြုံးမျိုးလေ၊ ကြိုက်ကဲ့လား။

(--၃) မောင်ပေါ်ဦးအတွက် ရပိုင်ခွင့်များနှင့် လိုက်နာရန်
စည်းကမ်းချက်များ

"မမ. . . ဟိုမှာ ခြင်းလုံးခတ်တဲ့ ရုပ်ကြွပုံတွေ ထုထားတာက ဘာကြီးလဲဟင်"

"အဲဒါ အားကစားရုံလေ၊ ဒီရှေ့ဟာက ဗိုလ်အောင်ကျော် အထိမ်းအမှတ် ကျောက်တိုင်"

မမသည် ဟိုးရှေ့တည့်တည့်က ဘွဲ့နှင်းသဘင်ခန်းမ၊ ဒီဘက်က မန္တလေးဆောင်၊ ဟိုမှာ အပန်းဖြေရိပ်သာ၊ အာစီ လို့လည်း ခေါ်တယ် စသည်ဖြင့် ဆက်လက် ရှင်းပြနေသည်။

"ဟို ပဲခူးတို့၊ စစ်ကိုင်းတို့ ဆိုတာတွေကကော"

"အဲဒါက ကျောင်းသားတွေနေတဲ့ အဆောင်တွေ"

"ကျောင်းသူတွေကကော"

"ဟိုးနောက်မှာ"

"အဲဒါက အရေးကြီးတယ် ဟဲ ဟဲ"

မမက မျက်စောင်းအတုထိုးလိုက်သည်။



"ဟိုမှာ. . . ဟိုမှာ. . . ဂျပ်ဆင်မဟုတ်လား"

"အင်း. . ."

"ရုပ်ရှင်ထဲမှာ ကြည့်ဖူးတယ်၊ ဟိုဟာကကော"

"စာကြည့်တိုက်"

"အေး ဟုတ်ပြီ၊ စာကြည့်တိုက်နောက်ကဟာ ကံ့ကော်တော မဟုတ်လား"

မမခေါင်းညိတ်သည်။

"ကံ့ကော်တောက သိပ်နာမည်ကြီးတာပဲနော်၊ ဟုတ်လည်း ဟုတ်ပါရဲ့၊ ကြည့်ပါဦး၊ ထိုင်ခုံတန်းလျားတွေနဲ့ ထိုင်ချင်စရာ. . . သွားထိုင်ရအောင်နော်. . . မမ"

"အို. . . မထိုင်ချင်ပါဘူး၊ ရှေ့မှာ ကြည့်စရာတွေ ရှိသေးတယ်၊ သိပ္ပံဆောင်တို့၊ ဝိဇ္ဇာဆောင်တို့"

"လာပါ မမရယ်. . . ခဏထိုင်ရအောင်နော်၊ ကျွန်တော် ညောင်းလို့ပါ"

ပြောပြီး ကျွန်တော် ရှေ့ကလျှောက်သွားသည်။ မမ ကျန်ရစ်ခဲ့၏။ ကျွန်တော် လှည့်ကြည့်ပြီး 'လာလေ မမ'ဟု လှမ်းပြောလိုက်သည်။ သူ သက်ပြင်းချသလို လုပ်လိုက်ပြီး ခပ်ဖြည်းဖြည်း လျှောက်လာ၏။

မမနှင့် နှစ်ယောက်ချင်း တွေ့ခွင့်ရဖို့ အတန်တန် ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ရသည်။ စဉ်းစားလည်း ကြည့်ပါဦး။ ကျွန်တော်အဖြစ်ကို မမ၏ အချစ်ကို ရခဲ့ပြီးနောက် ခုလို နှစ်ယောက်ချင်း အေးအေး ဆေးဆေး တွေ့ခွင့်ကို တစ်ခါမျှ မရခဲ့သေး။

သူ့ရုံးကို နေ့စဉ် လိုက်ပို့တာ ကြိုတာကို သူ မကြိုက်၊ တစ်ပတ်မှ တစ်ခါနှစ်ခါလောက်သာ လိုက်ခွင့်ရသည်။ ဒါတောင် ဒီကအသွားတွင် အနားမကပ်ရသေး။ မှတ်တိုင်မှာ တူတူရှိနေသော်လည်း ခပ်ခွာခွာ မသိသလို နေရသည်။ ရုံးနားက မှတ်တိုင်မှာ ဆင်းတော့မှ တူတူယှဉ်လျှောက်ခွင့် ရသည်။ အမယ်. . . ဒါလည်း အကြာကြီးမဟုတ်၊ ရုံးက လှမ်းမြင်သာလောက်သော နေရာရောက်လျှင် နောက်ကြောင်းပြန် လှည့်ပေတော့။ တူတူလျှောက်ရသည့်အချိန် အလွန်ဆုံးရှိလှမှ ငါးမိနစ်၊ ရုံးက အပြန်ကျတော့လည်း လာမစောင့်နှင့်တဲ့။ အသွားရော အပြန်ရော ဘတ်စ်ကားတစ်စီးတည်း တူတူတက်သွားတာ၊ ဆင်းလာတာကို ရပ်ကွက်ထဲက လူတွေ မြင်လျှင် ရိပ်မိကုန်မှာ စိုးလို့တဲ့။ စည်းကမ်းတွေကလည်း အများသားပါကလား။ နှစ်ယောက်ချင်း တွေ့ခွင့်ပေးဖို့ အကြိမ်ကြိမ် ပြောသော်လည်း မရ။ နောက်မှ အကြံတစ်ခုရ၍ ပြောကြည့်သည်။ ကျွန်တော်သည် မိမိတက်ရောက်ရမည့် တက္ကသိုလ်ထဲသို့ တစ်ခါမျှ မရောက်ဖူးသေး။ တကယ်ကျောင်းတက်ပြီဆိုလျှင်



ဘာမျှမသိသောကြောင့် ယောင်ချာချာ ဖြစ်နေလိမ့်မည်။ ဒါကြောင့် တက္ကသိုလ်ထဲ လိုက်ပြပါဆိုတော့မှ -

“မမ”

“ဘာလဲ” ဆိုသော သဘောဖြင့် ခေါင်းဆတ်ပြသည်။

“ကျွန်တော်လေ၊ ဟိုအရင် သူငယ်ချင်းတွေနဲ့ အင်းလျားမှာ ရေလာကူးရင် ဒီထဲကို ခဏခဏ ရောက်ဖူးတယ်၊ မမနဲ့ တွေ့ချင်လို့ မရောက်ဖူးဘူးလို့ ညာပြောတာ”

“ဟင်. . . ကြည့်စမ်း၊ မမကို အဲဒီလိုညာတာ မကြိုက်ဘူး သိလား”

ဒါလည်း စည်းကမ်းချက် အသစ်တစ်ခု ဖြစ်လိမ့်မည် ဖြစ်သည်။

“မင်း ဘယ်လို လုပ်လိုက်တာလဲကွယ်”

“ဘာကိုလဲ မမရဲ့”

“တက္ကသိုလ်ဝင်ခွင့် လျှောက်တာကို ပြောတာ၊ အမှတ်လည်း ကောင်းရက်သားနဲ့၊ မင်းအမှတ်က သွားကောလိပ်အထိ မှီတယ်မဟုတ်လား၊ အဲဒါကို မြန်မာစာလျှောက်ရသလား”

“ကျွန်တော် ဝါသနာပါတာ လျှောက်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"သိပ္ပံဘာသာတွဲ ဖြေခဲ့တာပဲဟာ"

"ဝိဇ္ဇာတွေ၊ သိပ္ပံတွေက သိပ်အရေးကြီးတာ မဟုတ်ပါဘူး၊ ကိုယ်စိတ်ဝင်စားတဲ့ ဘာသာရပ်ကို သင်ဖို့သာ အရေးကြီးတာပါ။ အမှတ်ကောင်းလို့ အသက်မွေးကျောင်း တက္ကသိုလ်တွေ သွားတက်ပြီး စိတ်မဝင်စားလို့ မထူးချွန်ရင် အလကားပဲ။ ဝိဇ္ဇာပညာရပ်ကိုလည်း တကယ် ထူးထူးချွန်ချွန် လေ့လာရင် အများကြီး အကျိုးရှိနိုင်ပါတယ်၊ တကယ်တော့ ဝိဇ္ဇာနဲ့ သိပ္ပံ ခွဲခြားသတ်မှတ်ပေးတာ ကျွန်တော်တော့ သိပ်မကြိုက်ဘူး၊ လူတွေရဲ့ စိတ်ထဲမှာ သိပ္ပံသမားဆိုရင် စာတော်တယ်၊ ဝိဇ္ဇာသမားဆို ညံ့တယ်လို့ အစွဲအလမ်းတွေ ဖြစ်ကုန်ကြရော"

"ဘာပဲဖြစ်ဖြစ်လေ၊ တက္ကသိုလ်ဝင်ခွင့် လျှောက်တဲ့ ကိစ္စမှာ မမကို မတိုင်ပင်ချင်ရင်တောင် မင့်မိဘတွေကိုတော့ တိုင်ပင်သင့်ပါတယ်"

'မမ' မျက်နှာ အနည်းငယ် ညှိုးနေသည်။ သူ့ကို မတိုင်ပင်ခဲ့သောကြောင့် ဝမ်းနည်းနေဟန်တူသည်။

"မမကို အရာမထားလို့ မတိုင်ပင်ခဲ့တာ မဟုတ်ပါဘူး၊ အဲဒီကိစ္စမှာ ဖေဖေတို့ကိုလည်း မတိုင်ပင်ဘူး၊ ဘယ်သူ့မှ လည်း မတိုင်ပင်ဘူး၊ ကျွန်တော့်သဘောနဲ့ ကျွန်တော် လျှောက်တာ၊ သိပ်အရေးကြီးတယ်လို့ ထင်တဲ့ကိစ္စတွေကျရင် ဘယ်သူ့မှ



ကျွန်တော် မတိုင်ပင်တတ်ဘူး၊ အဲဒါ ကျွန်တော်အကျင့်ပဲလေ"

မမသည် ဘာမျှပြန်မပြော။ မျက်နှာထားသည်လည်း လန်းလန်းဆန်းဆန်း ဖြစ်၍မလာ။ အဲဒါ မမ စိတ်ကောက်နေတာလား မသိဘူး။ ကျွန်တော်သည် ဘယ်လို ချော့ရမည်မှန်း သိတတ်သူ မဟုတ်ချေ။ အိမ်မှာဆိုလျှင် ကျွန်တော်က အငယ်ဆုံးသား၊ ငယ်စဉ်ကတည်းက အဖေတွေ၊ အမေတွေ၊ အစ်မတွေရဲ့ ချော့မော့ခြင်းကိုသာ ခံခဲ့ရသည်။ ကိုယ်က ဘယ်သူ့မှ မချော့စဘူး၊ ပေါင်းတဲ့ သူငယ်ချင်းကိုလည်း ကြည့်ဦးလေ၊ ကိုကြီးကောင်း။

မမ စိတ်ပြေသွားအောင် ဘယ်လိုလုပ်ရပါ့မလဲ ဦးနှောက်ခြောက်လောက်အောင် စဉ်းစားရသည်။ အချော့အမော့စကားလုံးတွေ အပူတပြင်း ရှာဖွေသည်၊ မရ။ နောက်ဆုံးတွင် နည်းတစ်နည်းကို သွားစိတ်ကူးမိသည်။ ထိုနည်းကား . . .

မမ၏ ပခုံးနှစ်ဖက်ကို ကိုင်၍ ကျွန်တော့်ဘက်သို့ ဆတ်ခနဲ ဆွဲလှည့်လိုက်ပြီး . . .

တင်းမာနေသော ကျွန်တော့်မျက်နှာထားကို သူ ချ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ချင်း ရိပ်မိသွားသည်။ "ဘာဖြစ်လာတာလဲ" ဟု မေးသည်။ ကျွန်တော် ခေါင်းခါလိုက်သည်။

"ဘယ်သူနဲ့ ရန်ဖြစ်လာလို့လဲ"

ခေါင်းပဲ ခါလိုက်၏။

"အိမ်နဲ့ စိတ်ဆိုးလာတာလား၊ ဪ. . . သိပြီ။ အိမ်မှာ ဟင်းမကောင်းလို့ ထင်တယ်"

ကျွန်တော် ဘာမျှပြန်မပြောဘဲ သူ့ကိုသာ ခပ်တင်းတင်း စိုက်ကြည့်နေ၏။ သူအတန်ငယ် ပြုံး၍ မေးပြန်သည်။

"မမကို စိတ်ဆိုးနေတာလား"

"ဟုတ်တယ်"

ကျွန်တော်က ခပ်ဆတ်ဆတ်ဖြေသည်။

"ဘာဖြစ်လို့လဲကွယ်"

"ဒီမှာ မမ"

"ပြောလေကွယ်"

"ကျွန်တော့်ကိုတော့ မညာနဲ့နော်။ ကျွန်တော် မကြိုက်ဘူး"

သူ ပြုံးနေရာမှ မျက်နှာတည်သွားပြီး "ဘာကိုပါလိမ့်ကွယ်၊ ဘယ်တုန်းက ညာခဲ့ဖူးလို့လဲ" ပြော၏။

"မမနဲ့ မောင်မောင်ဦးနဲ့ ကိစ္စကို ကျွန်တော် မသိဘူး



များ ထင်နေသလား"

"ဟင်. . . ဘယ်မောင်မောင်ဦးလဲ"

"ဘဏ်သမား မောင်မောင်ဦးလေ"

"ဘယ်ကလဲ၊ မမ မသိပါဘူး"

"ဒီလို လိမ့်လို့ ဘယ်ရမလဲ မမ"

"မသိပါဘူးလို့ဆို"

"ဒီမှာ မသိချင်ယောင်ဆောင် မနေပါနဲ့တော့ မနေ့ည လှေသူကြီး ဦးမိုးသီးရဲ့သား အာဠာဝက မောင်မောင်ကလေးရဲ့အစ်ကို၊ ဘဏ်သမား မောင်မောင်ဦးလေ၊ ဘင်္ဂါလီလူမျိုး အလှတ်စုံထောက် မစ္စတာချက်တာဂျီဆီက အကုန်သိခဲ့ရပြီးပြီ"

"အို. . . မသိဘူး၊ မသိဘူး"

မမ၏အသံများ တုန်ခါလာသည်။ ကျွန်တော့်ကို မော့ကြည့်နေသော မျက်လုံးများထဲတွင် အရည်ကြည်လဲ့လာ၏။ ကျွန်တော် သနားသွားသည်။ ဂုဏ်ခြေမဆောင်နိုင်တော့ဘဲ ရယ်လိုက်ရသည်။

"အလကား ပြောတာပါ မမရယ်၊ မမ ဘယ်သိပါ့မလဲ တကယ်ရှိတဲ့လူတွေမှ မဟုတ်တာ၊ ဆရာကြီး ရွှေဥဒေါင်းရေးတဲ့ စုံထောက်မောင်စံရှား ဝတ္ထုထဲက ဇာတ်ကောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ မမမျက်နှာ ကြည်လင်လာပြီး "မင်းက သိပ်နောက်တာပဲ" ဟု ပြောသည်။ ထို့နောက် တစ်ခုခုကို သတိရသွားဟန်ဖြင့် ပြုံးလိုက်ပြီး. . .

"ဉာဏ်သမား မောင်မောင်ဦးတော့ မသိဘူး၊ အကြံသမား မောင်ဦးတော့ သိတယ်၊ မင်းကို အိမ်မှာ မောင်ဦးလို့ ခေါ်တယ် မဟုတ်လား"

"အင်းလေ၊ ဟုတ်တယ် ဟုတ်တယ်၊ မမလည်း ကျွန်တော့်ကို အိမ်ကခေါ်သလို မောင်ဦးလို့ ခေါ်ပါလားဟင်"

"ခေါ်စေချင်လို့လား"

"အင်းပေါ့"

"ခေါ်တာပေါ့၊ ဒါနဲ့ နေဦး၊ မင်းကို ပြောစရာ ရှိသေးတယ်"

"ဘာလဲ မမ. . . ဇော်ဟိတ်နဲ့ တိုင်းလုံးကျော်တို့ရဲ့ လက်ဝှေ့ပွဲ အကြောင်းလား"

"အရွတ်အနောက်တွေ တော်တော့ကွယ်"

"ကဲပါ. . . ပြောပြော၊ ကျွန်တော် နားထောင်နေသာပဲ"

"ဟိုတစ်နေ့က ကိစ္စပြောချင်လို့"

"ဘာကိုလဲ"



"မမတို့နှစ်ယောက်ဟာ ချစ်သူတွေဘဝနဲ့ အချိန် တော်တော်ကြာကြာ နေရဦးမယ် မဟုတ်လား"

ခေါင်းညိတ်လိုက်သည်။

"ဆန္ဒစွဲတွေကို ဦးစား မပေးသင့်ဘူး၊ ငါးတစ်ကိုသာ မြင်ပြီး ငါးမြားချိတ်ကို မမြင်တာမျိုး မဖြစ်သင့်ဘူး"

"မမ ဘာကို ပြောနေတာလဲ"

"ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင် ဆိုတာလို. . ."

"ဒီမှာ စကားပုံပေါင်းချုပ်အကြောင်း ပြောနေတာလားဟင်၊ ကျွန်တော့်ကို ရှင်းရှင်းသာ ပြောစမ်းပါ မမရယ်"

မမ သက်ပြင်းချလိုက်သည်။

"ဟိုကနေ့က ဥစ္စာကို ပြောတာ"

"ဘာလဲ ဒုက္ခပဲ"

မမသည် ရုတ်တရက် ဆက်မပြောသေး။ တစ်ခုခုပြောဖို့ ခက်ခဲနေပုံ ရသည်။ အချိန်ယူနေပြီးမှ. . .

"ဟို. . . ကစ်(စ်)ပေးတာကိုပေါ့"

"အဲဒါ ဘာဖြစ်လဲ"

"နောက်ကို အဲဒါမျိုး မဖြစ်အောင် ဆင်ခြင်သင့်တယ်"

"ဟာ. . . ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တယ်. . . ဆိုင်တယ်၊ မမတို့ရဲ့ စိတ်တွေကို ခုကတည်းက ထိန်းချုပ်ထားရမယ်"

"ဒါ. . . နောက်တိုးစည်းကမ်းချက် တစ်ခုလားဟင်"

"မမကို မငေါ့ပါနဲ့ကွာ"

မမမျက်နှာ ညှိုးငယ်သွားသည်။ ကျွန်တော် ပြာ၏။

"အင်းလေ၊ မမ မကြိုက်ဘူးဆိုရင်လဲ. . ."

"အို. . . အဲဒီလိုတော့ မပြောပါနဲ့၊ မကြိုက်ဘူးလို့ ဆိုလိုတာတော့ပါဘူး၊ ဟို. . . ဆင်ခြင်ဖို့. . ."

"ကျွန်တော် နားလည်ပြီ။ ခဏခဏတော့ မကောင်းဘူးပေါ့၊ တစ်ခါတလေတော့ နမ်းခွင့်ပြုမယ်ပေါ့။ ဟုတ်တယ်မဟုတ်လား"

သူ ဘာမျှပြန်မပြော။ ကျွန်တော့်ကိုလည်း မကြည့်။ 'နမ်း' ဆိုသော စကားကို ကြားလိုက်ရသောကြောင့် ရှက်နေဟန်တူသည်။

❋ ❋ ❋

"မောင့်ကို ချစ်ရဲ့လားဟင်"

"ဘာ အရူးထလာပြန်လာတာလဲ"

"ဘာပြောတယ် မမ၊ ချစ်ရဲ့လားလို့ မေးတာ အရူးထ



တာတဲ့လား"

"မဟုတ်ပါဘူး၊ သူ့ကိုယ်သူများ ဘာတဲ့"

"ဩော်. . . မောင်လို့ ပြောလို့လား၊ အဲဒါ ဘာဖြစ်လဲ မမရဲ့၊ ချစ်သူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဒီလိုပဲ ပြောကြတာပဲဟာ၊ မမကလည်း မောင့်ကို မောင်လို့ ခေါ်ပါလား"

"ဟင် တစ်မျိုးဖြစ်သွားရပြန်ပြီ၊ ဟိုတစ်ခါက မောင်ဦးလို့ ခေါ်ရမယ်ဆို၊ အဲဒါကမှ ခေါ်လို့ကောင်းသေးတယ်"

"ကဲလေ၊ မမခေါ်ချင်သလို ခေါ်ပါ၊ မောင်ကတော့ မောင့်ကိုယ်မောင်. . . မောင်လို့ပဲ ခေါ်မှာပဲ"

"သူ ရယ်သည်။

"ဘာရယ်တာလဲ မမ"

"ဩော်. . . မင့်စကားထဲမှာလည်း အဲဒီမောင်တွေချည်း ထပ်နေလို့ပါ"

ကျွန်တော်ပါ လိုက်ရယ်သည်။ ပြီးတော့. . .

"ပြီးတော့. . . မမကိုလည်း မမလို့ မခေါ်တော့ဘူး၊ လို့ပဲ ခေါ်တော့မယ်နော်"

သူ ခေါင်းငုံ့လျက်သား 'သဘောပဲ' ဟု တိုးတိုးပြော၏။

"ဘာဖြစ်လို့လဲဆိုတော့ မမလို့ ခေါ်ရတာ တစ်မျိုးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အသက်ချင်း ကွာတာကို သတိပေးသလို ဖြစ်နေတယ်"

"အသက်ချင်းကွာတာကတော့ ကွာတာပါပဲ၊ အခေါ်အဝေါ် ပြောင်းရုံနဲ့တော့ ညီမျှသွားမှာ မဟုတ်ပါဘူး"

"နည်းနည်းတော့ တော်သေးတာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ အသက်ချင်းမတူတာ သိပ်တော့ မကောင်းပါဘူး"

"ဘာဖြစ်လို့ မကောင်းရမှာလဲ"

"အယူအဆချင်း မတူတာတို့၊ ဘာတို့ တစ်ချိန်ချိန်မှာ ဖြစ်လာနိုင်တာပေါ့"

"ဟာ. . . အဓိပ္ပာယ်မရှိတာ"

"ရှိတယ် မောင်ဦး"

"ဘာ. . . နောက်တစ်ခါ ပြန်ခေါ်စမ်းပါဦး၊ မောင်ဦးလို့"

ကျွန်တော် ရယ်သော်လည်း သူ လိုက်မရယ်၊ ပြုံးရုံသာ ပြုံးပြီး ဆက်ပြောသည်။

"ခုလို ချစ်စခင်စမို့သာ တစ်ယောက်နဲ့တစ်ယောက် အလိုလိုက်နေကြလို့ ပြဿနာ မဖြစ်တာ၊ နောက်တစ်ချိန်မှာ အသက်ချင်း ကွာခြားမှုဟာ ဒုက္ခပေးလာနိုင်တယ်"

"မမရယ်၊ စိတ်ညစ်စရာတွေ မပြောပါနဲ့၊ တကယ့်



တကယ်တော့ လေးနှစ်ဆိုတဲ့ အတိုင်းအတာဟာ ဘဝတစ်လျှောက်လုံးနဲ့ ယှဉ်လိုက်ရင် ဘာမှ ကြီးကျယ်တာ မဟုတ်ပါဘူး၊ စဉ်းစားကြည့်လေ၊ ခုချိန်မှသာ ဆယ့်ကိုးနှစ်နဲ့ နှစ်ဆယ့်သုံးနှစ်လို့ ပြောနေတာပါ၊ နောင် မောင်တို့ အသက်လေးဆယ်ကျော်လောက်ကျရင် လေးဆယ့်တစ်နှစ်နဲ့ လေးဆယ့်ငါးနှစ်လို့ ပြောမှာ မဟုတ်တော့ဘူး။ လေးဆယ်ကျော်လို့ပဲ ပြောကြတော့မှာပဲ၊ အသက်ကြီးလာတဲ့အခါကျတော့ သုံးလေးနှစ်လောက်ဟာ မပြောပလောက်တော့ပါဘူး"

"ခု အသက်မှ မကြီးသေးတာပဲကွာ"

"တစ်ချိန်ချိန်မှာတော့ ကြီးရမှာပဲ မဟုတ်လား"

"မောင်ဦးရယ်၊ မင်းမသိသေးပါဘူးကွယ်၊ မမမှာ မင်းကို လက်ခံဖို့ ကိစ္စကို ဘယ်လောက်ထိ စဉ်းစားခဲ့ရတယ် မှတ်သလဲ၊ အဲဒီအသက်ချင်းကွာတဲ့ကိစ္စ၊ သူများတကာတွေက ဘာပြောကြမလဲ"

"ကလေးက မုန့်ကို အတင်းလိုက်တောင်းတာပါလို့ ပြောလိုက်ပေါ့"

"လူတွေက မေးကြရင်တော့ အဲဒီလိုဖြေလို့ အဖြစ်သားပေါ့၊ ဒါပေမယ့် ဘယ်သူက မေးမှာလဲ၊ ပြီးတော့လည်း အချစ်ဆိုတာ မုန့်မှမဟုတ်ဘဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် အချစ်ဆိုတာ အလုပ်အတွက် လျှောက်လွှာ ခေါ်တာလည်း မဟုတ်ဘူး မမ၊ အသက်ကန့်သတ်ချက် မရှိဘူး"

"ဒါပေမယ့် အချစ်ဆိုတာ ပညာရေးအတွက် အဆိပ်အတောက်ပဲတဲ့၊ စကားပုံ တစ်ခုရှိတယ်"

"နောက် စကားပုံတစ်ခုလည်း ရှိသေးတယ်၊ လူတစ်ယောက်အတွက် အဆိပ်ဟာ နောက်တစ်ယောက်အတွက် အကောင်းဆုံး အာဟာရဖြစ်ချင်နေတတ်တယ်တဲ့"

"အချစ်ဆိုတာ စကားရည်လုပွဲ မဟုတ်တာတော့ သေချာတယ်ကွာ"

နှစ်ယောက်စလုံး ရယ်ကြသည်။ မမမျက်နှာသည် ကြည်လင်လာ၏။ သူ ပျော်သွားပုံ ရလေသည်။ ကျွန်တော်ကလည်း မမပြောသလို အကြံသမား မောင်ဦး မဟုတ်လား၊ မမ ကြည်ကြည်သာသာ ရှိနေတုန်း. . . .

လက်မောင်းနှစ်ဖက်ကို ကိုင်၊ ကျွန်တော့်ဘက်ကို ဆတ်ခနဲ ဆွဲလှည့်. . ,

"ဟင်း. . . ဟင်း. . . မမ ဘာပြောထားလဲ"

"တစ်ခါတလေပဲဟာဗျာ"

"မင်း တစ်ခါတလေက များလွန်းပြီ"



မမသည် စည်းကမ်းချက် ထုတ်ပြန်ခြင်းကို တော်တော်ဝါသနာပါပုံရသည်။ တားမြစ်ချက် အသစ်တွေ မကြာခဏ ထွက်ပေါ်လာတတ်၏။

ဆံပင်ရှည်တာ သူမကြိုက်။ အင်္ကျီကော်လာနှင့် နားရွက်ကို ဆံပင်ဖုံးအုပ်စပြုသည်နှင့် ညှပ်ပစ်ဖို့ တဖွဖွသတိပေးတော့သည်။ ကျွန်တော်က "မမဟာ ဟိုဘဝက ဆတ္တာသည်သေလို့ ဝင်စားတာလား မသိဘူး" ဟု ပြန်ငေါ့သည်။

အင်္ကျီကြောင်ကြောင်ကျားကျား မဝတ်ရ၊ အပွင့်တို့၊ အဆင်တို့ မကြိုက်။ အလွန်ဆုံး အကွက်စိပ်စိပ်လောက်သာ ခွင့်ပြုသည်။ သူနှင့်အတူတူ တွဲသွားရသောအခါတိုင်း တိုက်ပုံအင်္ကျီ ဝတ်ခဲ့ရမည်။ ဘောင်းဘီဝတ်ခြင်း လုံးဝ တားမြစ်သည်။ ကျွန်တော်ပြောသည်။

"မောင့်နာမည်ကို ပေါ်ဦးလို့ မမှည့်တော့ဘူး၊ မောင်ဘတင့် ဖြစ်ဖြစ်၊ ရိုးရိုးကြီး ဖေယျဖြစ်ဖြစ် မှည့်တော့မယ်"

ဆေးလိပ်မသောက်ရ၊ ငွေကုန်တယ်၊ အင်္ကျီလုံချည် မီးပေါက်တယ်၊ မျက်နှာရင့်တယ်၊ ရောဂါရတယ်။ ကျွန်တော့်၏ ထော့လုံးငေါ့လုံးက "သိပ္ပံမှူးတင်နဲ့ မမနဲ့ ဆွေမျိုးတော်လားဟင်"

တစ်ခါတစ်ရံ နမ်းခွင့်ပြုသော်လည်း နှုတ်ခမ်းကို လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



နမ်းခွင့်မပြု၊ "အင်းပေါ့လေ၊ နှုတ်ခမ်းဆိုတာ ထမင်းစားဖို့နဲ့ ရေသောက်ဖို့နဲ့ စကားပြောဖို့ပဲ အသုံးဝင်တာကိုး"

သူနှင့်တွဲလျှောက်သော အချိန်တွင် လက်မကိုင်ရ။ လူရှေ့သူရှေ့တွင် ပလူးပလဲမလုပ်ရ။ ကျွန်တော်ပြောသည်။ "မမသာ ဘောလုံးကန်တတ်ရင် အသန့်ရှင်းဆုံးဆု ရမှာပဲ"

ခုအခါတွင် သူ့ရုံးကို လိုက်ပို့ခြင်း၊ သွားကြိုခြင်း မပြုရတော့။ တစ်ပတ်လျှင် တစ်ခါ လုပ်သားများကောလိပ်မှာ ကျောင်းအဆင်း သွားကြိုခွင့်ရသည်။ တစ်ခါတလေ ကျောင်းအတက် လိုက်ပို့သည်။ တစ်လတစ်ခါခန့် အတူတကွ လည်ပတ်ခွင့်ရသည်။ "မမနဲ့ တွေ့ရတာကလည်း ထောင်ဝင်စာတွေ့ရတာ ကျနေတာပဲ" ဟု ကျွန်တော် ပြောခဲ့သည်။

ဒါစည်းကမ်းချက်အကုန်မသေးပါ။ အခါအားလျော်စွာ ဆက်လက်ထုတ်ပြန် ကြေညာသွားပါဦးမည်တဲ့။ အေးလေ၊ ကျွန်တော်ကလည်း ခရီးသွားလုပ်သားပြည်သူတွေလို စည်းကမ်းဖောက်ဖျက်တာကို အတော်ဝါသနာ ထုံတတ်တာကလား။ မျဉ်းကျားက လမ်းမကူးဘဲ ကြုံရင် ကြုံသလို ကူးလိုက်တာတို့။ လစ်ရင် လစ်သလို မီးပွိုင့်မှာ ခုန်ဆင်းလိုက်တာတို့၊ ဘတ်စ်ကားလက်မှတ်ကို အမိုက်ပုံးထဲ မထည့်တာတို့၊ အဲသလို မျိုးပေါ့လေ။



(--၂) သတ္တမမြောက် လက်မှတ် D\C 1-2

မာကြူရီမီးရောင်သည် ပြာလဲ့လဲ့၊ ပြည်လမ်းပေါ်မှ မီးရောင်သည် ပညာရေးတက္ကသိုလ်ဝင်းအတွင်းသို့ပင် ဝင်ရောက်နေ၏။ သံတိုင်ဝင်းထရံအစပ်ရှိ လမ်းကလေးအတိုင်း လျှောက်လာခဲ့ကြသည်။ သစ်ပင်တို့ ကွယ်သောနေရာတွင် မှောင်ရိပ်ကျနေသည်။ သုံးလေးပင် ဆက်သွားသောအခါ မှောင်ရိပ်တုန်းရှည် ဖြစ်လာ၏။ မ၏ လက်ဖဝါးကို ဆုပ်ကိုင်လိုက်သည်။ အတင်းအကျပ် ဆုပ်ထားခြင်း မဟုတ်သောကြောင့် အသာရုန်းဖယ်ရုံဖြင့် လွတ်ထွက်သွား၏။ လုံးဝကားမဟုတ်။ လက်သန်းဖျားလေးသည် ကျွန်တော့်လက်ညှိုးနှင့် လက်မကြားတွင် ကျန်ရစ်သည်။ လက်သည်းရှည် မထားသောကြောင့် ခပ်တုံးတုံးဖြစ်နေသော လက်သည်းဖျားကို စမ်းမိ၏။

ဝင်းထရံ၏ မလွယ်ပေါက်မှ ထွက်လိုက်သောအခါ အလင်းရောင် ကောင်းစွာ ကျရောက်လာသည်။ သူ လက်ရုပ်သွားသည်။ ကျွန်တော်နှင့် ကပ်လျက်ဖြစ်သော သူ့ဘယ်ဘက်လက်သို့ ခြင်းတောင်းကို ပြောင်းကိုင်သည်။ ခြင်းတောင်းကို မောင် ကိုင်ရမလားဟု မေးသည်။ သူက နေပစေဟု ပြော၏။

ဟံသာဝတီအဝိုင်းနားက ကပ်လျှောက်ပြီး အမှတ် (၁၂) ကားမှတ်တိုင်သို့ သွားသည်။ အသင့်ရှိနေသော ကားကို

www.burmeseclassic.com

www.burmeseclassic.com



တက်စီးသည်။ အမှန်မှာ ထိုနေရာအထိ သွားစရာ မလို။ ပညာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ် ထိစပ်နေသော နေရာနားတွင် စိုက်ပျိုးရေးမှတ်တိုင် ရှိသည်။ ထိုမှတ်တိုင်မှ အမှတ် (၈) သို့မဟုတ် (၉) ကားစီးလျှင် မြေနီကုန်း ရောက်နိုင်သည်။ သို့ရာတွင် ကျွန်တော်က တမင်တကာ လမ်းတူတူ လျှောက်ချင်သောကြောင့် ဟံသာဝတီက သွားစီးဖို့ ပြောခဲ့ခြင်း ဖြစ်သည်။

မြေနီကုန်းမှ ဆင်း၍ တာမွေသို့ အမှတ် (၁၆) ကားပြောင်းစီးရသည်။ ဘတ်စ်ကားက တော်တော်နှင့်မလာ။ မှတ်တိုင်မှာ လူတွေ တော်တော်ပုံသွားတော့မှ တစ်စီးလာသည်။ ခရီးသည်အပြည့် ပါလာပြီးသား။ ဆင်းသူ အနည်းငယ်သာ ရှိသည်။ တက်သူတွေက များ၏။ အတင်းပြုတိုးကြရသည်။ ကျွန်တော်က စကားပြောရင်း နောက်တစ်စီး စောင့်လိုသော်လည်းမက အိမ်ပြန်နောက်ကျမှ စိုးတယ်ဆိုပြီး အတင်း တိုးတက်သည်။ သူ့လိုပင် တိုးနေသော မိန်းမတွေ ရှိသောကြောင့် ကျွန်တော် ရှောင်ပေးရသည်။ သူ့နောက်က ကပ်လျက် မတက်သာတော့။ အပေါ် တက်ဖို့ အခွင့်အရေးလည်း မရ။ ကားထွက်တော့ ခြေနင်းမှာ ခိုလိုက်ရသည်။

ကားသည် စိတ်ပျက်စရာ ကောင်းလောက်အောင် ဖြည်းဖြည်းလေး မောင်းနေသည်။ မသည် ယာဉ်မောင်း၏



နောက်ဘက် သံတိုင်ကို ကပ်လျက် နေရာရသည်။ သူရပ်နေသော နေရာကို ကျွန်တော် တွယ်နေသောနေရာမှ မြင်သာသည်။ တွယ်ကပ်လိုက်ရသော ကျွန်တော့်ကို ကြည့်၍ စိုးရိမ်နေသော သူ့မျက်နှာကို မီးရောင်ခပ်မှုန်မှုန်တွင် မြင်ရ၏။

မှတ်တိုင်များတွင် ဆင်းမည့်သူ မရှိသလောက်။ ထပ်တက်မည့်သူတွေနှင့်သာ ကြုံရသည်။ ကားသည် ပို၍ ကျပ်လာ၏။ မကို ကြည့်လိုက်သောအခါ သံတိုင်နှင့် လူတွေကြားတွင် ညှပ်နေသည်ကို တွေ့ရသည်။ ပြီးတော့. . .

'စိတ်ထဲက ထင့်ခနဲ ဖြစ်သွားသည်။ မရဲ့အနားမှာ လူတစ်ယောက် ကပ်နေသည်။ လူတွေ ကွယ်နေသောကြောင့် သူ့မျက်နှာကို သေသေချာချာ မမြင်ရသော်လည်း အသက်သုံးဆယ်ကျော်ဟု ခန့်မှန်းရသည်။ အင်္ကျီက မီးခိုးရောင်၊ တိုက်ပုံအင်္ကျီ ဖြစ်သည်။ ခါးပိုက်နှိုက်တော့ မဟုတ်နိုင်။ ကားအကွေ့လိုက်တွင် လူတွေ ယိမ်းသွားသဖြင့် သူ့မျက်နှာကို ရိပ်ခနဲမြင်ရသည်။ အမူအရာကို ကြည့်ကတည်းက သိသာ၏။ မ့နားကို တမင်တကာ ကပ်နေခြင်းဖြစ်ကြောင်း။ ကားကျပ်သည်ကို အခွင့်ကောင်းယူ၍ မတော်မတရားစိတ်ဖြင့် အသားယူတတ်သူမျိုး။ ကားဘရိတ်အုပ်တိုင်း သူဖိ၍ တိုးသည်။ မသည် နေရာရွှေ့ဖို့ ရှောင်တိမ်းဖို့ ကြိုးစားနေ၏။ မရ။ လူတွေ ထပ်

www.burmeseclassic.com

www.burmeseclassic.com



ကျပ်သဖြင့် မလှူးသာ မလွန့်သာ အခြေအနေ။

ကျွန်တော်သည် ဒေါသဖြစ်လွန်းလှသော်လည်း ဘာမျှ မတတ်နိုင်။ လှမ်းအော်လို့လည်း ဖြစ်သည့်ကိစ္စမျိုး မဟုတ်။ မသည် ကျွန်တော့်ကို လှမ်းလှမ်းကြည့်သည်။ အတန်ငယ် မျက်နှာပျက်နေ၏။

ရွှေဂုံတိုင်မှတ်တိုင်တွင် ဆင်းသူ နည်းနည်းများသည်။ မဆိုစလောက် ချောင်သွားသည်။ ကျွန်တော် ခြေနင်းခုံပေါ်သို့ တစ်ဆင့်ထက်တက်လိုက်နိုင်သည်။ မ,အနားသို့ သွားဖို့ မလွယ်သေး။ ရှေ့မှာ လူတွေပိတ်နေသည်။ ကားထွက်သည်။ မသည် နေရာရွှေ့လိုက်၏။ မရ။ ထိုလူက မသိမသာ လိုက်ကပ်ပြန်သည်။ ကျွန်တော် အသားတဆတ်ဆတ် တုန်လှုပ်နိုးပါး ဖြစ်လာသည်။ ဒေါသကို ထိန်းသိမ်းလို့ မရတော့။ ရှေ့မှတ်တိုင်တွင် ကျွန်တော့်ရှေ့က လူနှစ်ယောက် ဆင်းသွားသည်နှင့် အတင်းတိုးဝှေ့ပြီး တက်လိုက်သည်။ ဟိုလူပခုံးကို ပုတ်လိုက်ပြီး. .

"ဟေ့လူ နောက်ဆုတ်"

သူ ဆတ်ခနဲ လန့်သွားပြီး မော့ကြည့်သည်။ ပြီးမှ ကြောင်ငြိမ်ပြန်ဆည်ပြီး 'ဘာလဲ' ဆိုသော သဘော မေးငေါ့ကြည့်သည်။

"နောက်ဆုတ်လို့ ပြောနေတာ"

သူ့ပခုံးကို တွန်းပစ်လိုက်သည်။ ရုတ်တရက်မို့ သူ ယိုင်



သွား၏။ ရုတ်သွားဟန် တူသည်။ ခပ်တည်တည် ပြန်ဟောက်သည်။

"ဘာလဲကွ"

"ဘာရမှာလဲ၊ ခင်ဗျား ဘာလုပ်တယ်ဆိုတာ ကိုယ့်ဘာသာ ကိုယ် မသိဘူးလား"

"အောင်မာ. . . မင်းက လူကို ဘာကောင့်မှတ်နေသလဲ"

သူဟန်ကိုယ်ဖို့ လုပ်လိုက်၏။ ထောင်းခနဲ ဖြစ်သွားသည်။ လက်သီးကို ဆုပ်လိုက်၏။ မ,က ကျွန်တော့်လက်မောင်းကို ဖမ်းကိုင်ထားသည်။ လူတွေက ဝိုင်းကြည့်နေကြသည်။ သူ့ပုံစံက သားသားနားနား အရာရှိပေါက်စပုံ။ ကျွန်တော့်ပုံက ခပ်မိုက်မိုက် လူငယ်ပုံ။ ကျွန်တော်ကပင် သက်သက်ရန်စသည်ဟု ထင်စရာ ရှိနေသည်။ သို့ရာတွင် သူ့ဘေးမှာ ရပ်နေသော အလုပ်သမားအကျီပြာနှင့် လူငယ်တစ်ယောက်က ဝင်ပြောလိုက်သည်။

"ဟုတ်တယ်. . . ဒီလူ လိုက်ကပ်နေတာ ကျုပ်လည်း မြင်တယ်၊ မပြောသာလို့"

ထိုအခါကျမှ သူ့မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ပို၍ ရှက်သွားဟန် တူ၏။ လူတွေကလည်း သူ့ကို ရွံ့ရှာသော

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေဖြင့် ကြည့်နေကြသည်။ ရှေ့မှတ်တိုင်တွင် သူ ဆင်းသွားသည်။ အောက်ရောက်မှ ကျွန်တော့်ကို လှမ်းအော် ပြောသည်။

"ဟေ့ကောင် ဆင်းခဲ့"

"တော့က်. . ."

ကျွန်တော် ဝုန်းခနဲ ဆင်းမည်ပြုသည်။ မက ကျွန်တော့်ကို လှမ်းဆွဲထား၏။ ကားလည်း ဝူးခနဲ မောင်းထွက်သွားသည်။ ဒီတော့မှ ကားပေါ်က မိန်းမကြီး တစ်ယောက်စ၊ နှစ်ယောက်စ တို့၏ အသံတွေ ထွက်လာသည်။

"ဟင်း. . . လူပုံကြည့်တော့ သားသားနားနား၊ မွန်မွန် ရည်ရည်လိုလိုနဲ့ ကြောင်သူတော် ကြွက်သူခိုး"

"ဟုတ်ပါရဲ့၊ လူပျိုပေါက်ကလေးတွေက မဆိုးရဘူး၊ အဲဒီ အရွယ်ကြီးတွေက ပိုယုတ်မာတယ်"

မကား ရှက်လွန်းသောကြောင့် မျက်နှာနီရဲနေသည်။ ဘယ်သူ့ကိုမျှ မကြည့်ရဲဘဲ ခေါင်းငုံ့ထားသည်။

တာမွေဈေးမှတ်တိုင်မှာ ဆင်းပြီး အမှတ် (၁၄) ကားစီး ရမည့်ဘက်သို့ ကူးသည်အထိ စကားမပြောနိုင်သေး။ ကားမှတ် တိုင်ရောက်၍ အတန်ကြာမှ. . .

"ရှက်စရာကောင်းလိုက်တာကွယ် လူတွေကြားထဲမှာ"



"အင်း. . . မတို့ မိန်းကလေးတွေ လူကြားထဲမှာမို့လို့ ရှက်စရာ ကောင်းတယ်ဆိုပြီး မပြောရဲကြလို့ အဲဒီလိုကောင် တွေ အတင့်ရဲနေတာ သိလား"

"ဘာပဲဖြစ်ဖြစ်ကွယ် မင်း မနားမှာ လာရပ်ပြီး စကား တစ်ခုခုပြောလိုက်ရင်လည်း ဖြစ်ပါတယ်၊ သူ နားလည်ပြီး ခွာ သွားမှာပေါ့"

"ဘယ်ဟုတ်မလဲ၊ ဒီလိုကောင်တွေ အဲသလို အရှက်ခွဲ ပေးမှ မောင်မို့လို့သိလား၊ မောင့်သူငယ်ချင်း အာကြီးသာဆို မလွယ်ဘူး၊ တစ်ခါလည်း ကားပေါ်မှာ ကုလားတစ်ယောက်က ကျောင်းသူတစ်ယောက်နားကို ခုလို လိုက်ကပ်တာ၊ အာကြီးက ကုလားကို နရင်းပိတ်ရိုက်ပြီး ကားပေါ်က ကန်ချပစ်တာ၊ မောင်လည်း မက ဆွဲထားလို့၊ တီးချင်လိုက်တာ လက်ကို ယား နေတာပဲ"

"မင်း သိပ်ဒေါသ ဖြစ်သွားသလား"

"ဖြစ်တာပေါ့၊ မကို ထိရင် နည်းနည်းမှ သည်းမခံနိုင် ဘူး"

"မင်း သဂန်တိုတတ်လားဟင်"

တိုတတ်တယ် မ၊ မနဲ့ ပတ်သက်ရင် သဝန်တိုတတ် ဘယ်၊ မကို ဘယ်သူမှ ထိတာ မကြိုက်ဘူး၊ ကုန်ကုန်ပြောရရင်

www.burmeseclassic.com

www.burmeseclassic.com



မနဲ့ တခြားယောကျ်ား တစ်ယောက်နဲ့ စကားပြောတာတောင် မကြိုက်ဘူး၊ အို. . . တခြားလူတွေက မကို စေ့စေ့ကြည့်တာတောင် မကြိုက်ဘူး၊ သိလား"

သူ့မျက်နှာကို ကျွန်တော် ကြည့်မိသည်။ မှောင်ရိပ်ကျနေသောကြောင့် မျက်နှာထားကို သေသေချာချာ မမြင်ရ၊ ကျွန်တော်သည် သူနှင့်ပတ်သက်လျှင် ဆတ်ဆတ်ထိ မခံနိုင်လောက်အောင် ချစ်ရသည့်အတွက် ကျေနပ်နေသလား၊ သို့တည်းမဟုတ် သဝန်တိုတတ်လွန်းသော ကျွန်တော့်ကို တစ်မျိုးတစ်မည် ယူဆသွားသလား၊ မဝေခွဲလိုက်နိုင်ချေ။

"ဒါ ကျွန်တော်ပြောပြောတော့ ကိုကြီးကောင်းဆိုတာ"

"ကျွန်တော် အေးကောင်းပါ" ဟု ကိုကြီးကောင်း ဝင်ပြောသည်။

"ကိုကြီး. . . ဒါက မလေ"

ကျွန်တော် ရယ်ကြဲကြဲ လုပ်ရင်း ပြောသည်။ မက ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ် ပြုံးပြလိုက်သည်။ ထိုနေ့က ကျွန်တော်တို့သုံးယောက် ဟိုက်ခင်ပျော်ပွဲစားရုံမှ စားသောက်ရင်း စကားတွေ ပြောဖြစ်ကြသည်။ ခေါက်ဆွဲကြော်နှင့် ယိုးဒယား



ဟင်းချိုကို ကိုကြီးကောင်းက ဒကာခံခြင်း ဖြစ်သည်။

"ကျွန်တော့်ညီလေးကို မခင်လေးခင် လက်ထဲကို အပ်ပါတယ်ဗျာ"

"ကိုကြီးကလည်းဗျာ၊ ကျွန်တော့်ကိုများ နေ့ကလေးထိန်းကျောင်းမှာ အပ်တာ ကျနေတာပဲ"

"ဟ. . . မင်းက ကလေးထက်တောင် ဆိုးသေးတယ် ကလေးကမှ မုန့်ပေးရင် ငြိမ်သေးတယ်"

"ကျွန်တော်လည်း မုန့်ရလို့ ငြိမ်နေပါပြီဗျာ" ဟု ပြောပြီး မကို လှမ်းကြည့်လိုက်၏။ မက ရှက်ပြုံး ပြုံးသည်။

"ဒီကောင်က သိပ်ဆိုးတယ်ဗျ၊ ပေကပ်ကပ်နဲ့၊ ကျွန်တော်တော့ မနိုင်တော့ဘူး၊ မခင်လေးခင်သာ နိုင်အောင် ထိန်းပေတော့"

မသည် ကိုကြီးကောင်းရှေ့တွင် ရှက်နေသော်လည်း စကားတစ်ခွန်းကို အရဲစွန့်၍ ပြောသည်။

"သူလည်း တက္ကသိုလ်မှာ ဒုတိယနှစ်တောင် ရောက်ပြီးပဲ၊ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်မှာပါ"

"ဟာ. . . မထင်နဲ့၊ ဒီကောင်လွှတ်ထားလို့ မရဘူး။ လုပ်ချင်တာရှိရင် ဇွတ်တရွတ် လုပ်လိုက်တာ၊ မခင်လေးခင်လည်း သိမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး သိပ်မထောင်နဲ့ဗျာ၊ အလိုလိုကမှ စည်းကမ်းချက်တွေ ထုတ်ထုတ်နေရတဲ့အထဲမှာ"

စားသောက်ပြီးကြတော့ ကိုကြီးကောင်း ပြန်သွားသည်။ ကျွန်တော်နှင့် မတို့ ရုပ်ရှင်ကြည့်ကြသည်။ မှတ်မှတ်ရရ 'အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ' ဇာတ်ကား၊ ကျော်ဟိန်းနှင့် ခင်သန်းနု၊ ဒါရိုက်တာ စိန်ဖေတင်၏လက်ရာ၊ ကျော်ဟိန်းက ဂျစ်တစ်တစ်ကောင်လေး မင်းမင်း၊ ခင်သန်းနုက မမခိုင်၊ ထိုနေ့က ဇာတ်ကားပြီးခါနီး သုံးပုံတစ်ပုံလောက် အလိုတွင် မ၏လက်ကို ဆုပ်ကိုင်ထားခွင့်ရသည်။ ဇာတ်ကားပြီးသည်အထိ ကျွန်တော် ပျော်မဆုံးခဲ့ချေ။

(-- ၁) ဗိုလ်ချုပ်ပန်းခြံစခန်း ဆွေးနွေးပွဲ

"ဒီတစ်ရက်နှစ်ရက်အတွင်း မမတို့ အစ်ကိုကြီး ရန်ကုန်လာလိမ့်မယ်"

"ဟုတ်လား၊ ကောင်းတာပေါ့၊ မောင်လည်း မြင်ဖူးရတာပေါ့"

မက ဘာမျှပြန်မပြောဘဲ တစ်ခုခုကို စဉ်းစားနေပုံရသည်။ ကျွန်တော်ကပင် ဆက်ပြော၏။



"မောင်နဲ့ မိတ်ဆက်ပေးနော်"

"မဖြစ်ဘူး ထင်တယ်၊ အစ်ကိုကြီးက သိပ်စည်းကမ်းကြီးတာ"

"အဲဒါ ဘာဖြစ်လဲ"

"မဟုတ်ဘူးလေ၊ သူ ရှေ့တန်းသွားနေရတုန်းမှာ အဖေ့ကို စောင့်ရှောက်ဖို့ အတန်တန် မှာသွားခဲ့တာ၊ သူ မရှိတုန်း မျက်ကွယ်မှာ မမက ခုလို မင်းနဲ့တွဲနေတယ်ဆိုတာ သိသွားရင် မလွယ်ဘူး"

"တွဲနေတဲ့ သဘောမဟုတ်ဘူးပေါ့၊ ရိုးရိုးသူငယ်ချင်းလို မိတ်ဆက်ပေးပေါ့"

"မဖြစ်ပါဘူး၊ အစ်ကိုကြီးက သိပ်ပါးတာနော်"

"အဲဒီတော့ ဘာဖြစ်လဲ"

"အစ်ကိုကြီးက ရန်ကုန်မှာ ဆယ်ရက်လောက် ကြာမယ်တဲ့၊ အိမ်မှာပဲ နေမှာ အဲဒါ"

ခဏမျှ ဆိုင်း၍ ဆက်ပြောသည်။

"အဲဒါ အစ်ကိုကြီးရှိနေတဲ့ရက်အတွင်း မင်း မမနဲ့ လာမတွေ့ဖို့"

"ဟာ. . . ဘယ်ဖြစ်မလဲ"

"မဖြစ်လို့ မရဘူးကွာ၊ အစ်ကိုကြီး တွေ့သွားရင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ တွေ့ရမှာလဲ မရဲ့၊ ညဘက်ကျောင်းက အပြန်လာကြိုရုံလောက်နဲ့"

"မတော်တဆဆိုတာ ပြောလို့ မရဘူးနော်"

"မ သိပ်အစိုးရိမ်ကြီးလွန်းတယ်"

"စိုးရိမ်ရတာပေါ့၊ ခုလို မင်းကော မမပါ ပညာမပြည့်စုံသေးတဲ့အချိန်မှာ အစ်ကိုကြီး သိလို့မဖြစ်သေးဘူး၊ သိရင် ပြဿနာတွေ တက်ကုန်မယ်။ ဒီရက်အတွင်းလောက်ကိုတော့ ဆင်ခြင်လိုက်ပါကွယ်"

သို့ရာတွင် ကျွန်တော် မဆင်ခြင်ခဲ့ချေ။ မက ခုလိုပြောပြီး သုံးလေးရက်အကြာတွင် မကျောင်းသို့အလာ ကျွန်တော် သွားစောင့်သည်။ ပညာရေးတက္ကသိုလ်ရှေ့က စိုက်ပျိုးရေးမှတ်တိုင်မှာ။ မတို့ လုပ်သားကောလိပ် စတုတ္ထနှစ်တွေက ပညာရေးတက္ကသိုလ်မှာ တက်ရသည်။ မသည် ဘတ်စ်ကားပေါ်မှ ဆင်းလာပြီး ကျွန်တော့်ကို မြင်လိုက်သည်နှင့် အလိုမကျသောမျက်နှာ ဖြစ်သွားသည်။ ကျွန်တော် ပြုံးပြသည်ကိုပင် ပြန်မပြုံးချေ။ ကျွန်တော် သူနှင့်ယှဉ်လျှောက်ရင်း ကျောင်းဝင်းထဲ ဝင်လာခဲ့သည်။ သူစကားစ၏။

"ဒီရက်အတွင်း မလာပါနဲ့ဆိုတာ"

"မနဲ့မတွေ့ဘဲ မနေနိုင်လို့ပါ မမရယ်"



"ဆယ်ရက်လောက် ဆင်ခြင်ပါလို့ ပြောထားရက်သားနဲ့"

"ဘာဖြစ်လဲ မရယ်၊ ခုလည်း ဘယ်သူတွေ့တာမှတ်လို့"

"မတွေ့လို့ တော်သေးတာပေါ့၊ ခုပဲ အစ်ကိုကြီးနဲ့ လမ်းခွဲပြီး လာခဲ့တာ သိလား၊ တကယ်လို့ အစ်ကိုကြီးသာ ကျောင်းကို လိုက်လာခဲ့ရင်"

"ခု လိုက်မလာဘူး မဟုတ်လား၊ ပြီးရောပေါ့"

"မပြီးဘူး၊ မမစကားကိုနားမထောင်တာက နားမထောင်တာပဲ၊ တွေ့တာ မတွေ့တာက တစ်ကိစ္စ"

"မတွေ့တာကို ဘာထပ်ပြောနေစရာ လိုတော့လို့လဲ"

"မင်း တယ်ခက်ပါလား မောင်ဦး၊ အဲဒီလို ဇွတ်တရွတ်လုပ်တာ မမ မကြိုက်ဘူး သိလား"

ကျွန်တော် လျှောက်နေရာမှ ရုတ်တရက် ရပ်လိုက်သည်။

"ကောင်းပြီလေ၊ ခုလိုလာတွေ့တာ မကြိုက်ဘူးဆိုရင် မောင် ဆက်မလိုက်တော့ဘူး၊ ပြန်တော့မယ်၊ မောင်က ဒီနေ့ သင်ခဲ့ရတဲ့ ပါဠိထဲက နည်းနည်းမရှင်းတာရှိလို့ မကို မေးချင်လို့ လာတာပါ၊ မောင်သွားမယ်"

ကျွန်တော် လှည့်ထွက်လာခဲ့သည်။ မက "ဟေ့ နေဦး

www.burmeseclassic.com

www.burmeseclassic.com



လေ၊ စာမေးမလို့ဆို”ဟု လှမ်းပြောသည်။ ကျွန်တော် လှည့်မကြည့်ဘဲ “မမေးတော့ဘူး၊ မတတ်ချင်နေပစေ” ဟု ပြောပြီး ဆက်ထွက်လာခဲ့သည်။

❁ ❁ ❁

နှစ်ပတ်လောက်ကြာအောင် မဆီ မသွားဘဲ နေသည်။ သူ့အစ်ကိုကြီး ပြန်လောက်ပြီ ဖြစ်သော်လည်း ကျွန်တော် သွားမတွေ့။ ကြာကြာတော့လည်း မနေနိုင် မ,ကို တွေ့ချင်လာပြန်သည်။ တွေ့ဖို့ဆိုလျှင် ကျွန်တော်ကစပြီး ဆက်သွယ်မှ ဖြစ်မည်။ မအနေနှင့် အဆက်အသွယ် လုပ်ဖို့ မလွယ်ချေ။ ထို့ကြောင့် တစ်ရက်တွင် ကျောင်းရှေ့မှတ်တိုင်က သွားစောင့်နေမိပြန်သည်။

မ ကားပေါ်က ဆင်းလာသည်ကို မြင်လျက်နှင့် မမြင်ချင်ယောင်ဆောင်ပြီး တစ်ဖက်ကို လှည့်နေလိုက်သည်။ သူ့ကို လာစောင့်နေခြင်း ဖြစ်ကြောင်း သေချာသော်လည်း ကျွန်တော်က စပြီး မခေါ်ချင်။ ခဏကြာသောအခါ ကျွန်တော့်ဘေးမှ “ဘယ်သူ့ကို လာစောင့်နေတာလဲ” ဆိုသော မ၏ အသံကို ကြားရသည်။ ကျွန်တော် လှည့်ကြည့်ပြီး. . .

“ဩော်. . . မပါလား၊ ကျွန်တော့်အစ်ကိုကြီးတစ်ယောက် နယ်က လာမယ်ဆိုလို့ စောင့်နေတာပါ”



မ,က ရယ်သည်။ ကျွန်တော် မရယ်။

“မ,သွားချင်သွားတော့လေ၊ တော်ကြာ အစ်ကိုကြီးလာလို့မြင်သွားရင် မကောင်းဘူး”

“ကဲပါ၊ လုပ်မနေစမ်းပါနဲ့၊ လာ သွားရအောင်”

ကျွန်တော် ဆက်ရပ်နေသည်။

“လာလေ၊ ကျောင်းနောက်ကျနေပြီ”

မလှုပ်မယှက် လုပ်နေလိုက်ပြန်၏.

“ကဲ. . . မလိုက်ချင်လည်းနေ၊ မမ သွားတော့မယ်”

သွားမယ်ပြောပြီး သူမသွား။ ရပ်စောင့်နေသည်။ ကျွန်တော် သူ့ကို ကြည့်လိုက်၏။ သူ ပြုံးပြသည်။ ကျွန်တော် နှုတ်ခမ်းများကို ထိန်းထားလို့မရ ပြုံးလိုက်မိတော့သည်။ ကျွန်တော်တို့နှစ်ယောက် ကျောင်းဝင်းထဲ ဝင်လာခဲ့ကြသည်။ သူ့နာရီကို ကြည့်ပြီး. . .

“ကျောင်းတောင် တက်သွားပြီ၊ ဆရာ ရောက်နေလောက်ပြီ ထင်တယ်၊ မင်း လုပ်နေတာနဲ့”

“နောက်ကျတဲ့ တူတူ မထူးပါဘူး မရယ်၊ ဒီတစ်ချိန် မတက်ပါနဲ့တော့၊ လမ်းလျှောက်ရအောင်နော်”

ခါတိုင်းဆိုလျှင် သူ ငြင်းမည်အမှန်။ ခုတော့ မတွေ့ရတာဘဲ ကြာလို့လား၊ ကျွန်တော့်ကို ချော့ဖို့ ဝတ္တရားရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ယူဆလို့ပဲလားမသိ။

"သဘောပဲလေ၊ ဘယ်ကို လျှောက်ရမှာလဲ"

"ပိတောက်လမ်းဘက် လျှောက်ရအောင်"

ကျောင်းဝင်းနောက်ဘက်ကို ထွက်သည်။ လမ်းပေါ် ရောက်သောအခါ သူ စကားစ၏။

"မင်း မမကို တော်တော် ဒုက္ခပေးတာပဲ"

"ဘာပေးလို့လဲ"

"မမဆီ ဘာဖြစ်လို့ မလာတာလဲ"

"မ,ပဲ မလာနဲ့ဆို"

"အစ်ကိုကြီးရှိနေတဲ့ ရက်အတွင်းသာ မလာနဲ့ ပြောတာပါ"

"အစ်ကိုကြီးက ဘယ်တော့ပြန်မယ်မှ မသိတာ"

"မမရုံးကို ဖုန်းဆက်မေးရင် ရသားပဲ"

"ဩော်. . . ဖုန်းဆက်နေတုန်း ဘေးနားမှာ အစ်ကိုကြီးရှိနေရင် ဘယ်ကောင်းမလဲ"

အထေ့အငေါ့စကားမှန်း သိသော်လည်း သူရယ်၍သာ နေသည်။

"ဟုတ်တယ်လေ၊ မောင် ဆင်ခြင်ရမှာပေါ့"

"တော်ပါတော့ကွယ်"



လျှောက်လာခဲ့ကြသည်မှာ ကျောင်းနှင့် တော်တော်လှမ်းလာသောကြောင့် ပြန်လှည့်ကြသည်။ ကျွန်တော်မေးသည်။

"မ နည်းနည်းပိန်သွားသလိုပဲ"

သူ ကျွန်တော့်ကို လှည့်ကြည့်သည်။

"မပိန်ပါဘူး၊ ဒီအတိုင်းပါပဲ"

"မဟုတ်ဘူး မ၊ နှစ်ပတ်လောက် မတွေ့လိုက်ရတာ၊ ခုပြန်တွေ့တော့ ပိန်သွားတာ သိသာတယ်၊ နေမကောင်းဘူးလားဟင်"

ချက်ချင်း ပြန်မဖြေ။ ပြီးမှ. . .

"ကောင်းပါတယ်"

အလုပ်ပင်ပန်းလို့ ထင်တယ်"

"ဟုတ်လိမ့်မယ်၊ ရုံးသွားရတာရော၊ ကျောင်းတက်တာရော အိမ်မှာ ချက်ရပြုတ်ရတာရော"

"ပြီးတော့ မောင်နဲ့ မတွေ့ရလို့ လွမ်းတာရော ဟုတ်တယ် မဟုတ်လား"

ပြောပြီး သူ့လက်ကို ဆုပ်ကိုင်လိုက်သည်။ သူ ဆတ်ခနဲ ရုန်းလိုက်ပြီးမှ လက်မရုတ်ဘဲ နေလိုက်သည်။ ကျွန်တော့်ကို မကြည့်ဘဲ တိုးတိုးပြော၏။

"အဲဒီရက်တွေက မင်းကို သတိရနေတာ အမှန်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခနဲ ဖြစ်သွားသည်။ သူ့ကိုသနားသွား၏။

မှောင်ရီပျိုးလာသောကြောင့် လမ်းပေါ်တွင် လူရှင်းနေသည်။ ကျွန်တော် ရပ်လိုက်သည်။ သူပါ လိုက်ရပ်သည်။ သူ့ပခုံးကို ကိုင်၍ ကျွန်တော်ဘက်သို့ ဆွဲလှည့်သည်။ ကျွန်တော်ခေါင်းငုံ့လိုက်စဉ်မှာပင် "ဟင့်အင်း" ဆိုပြီး သူ့မျက်နှာကို တစ်ဖက်သို့ ချာခနဲ လှည့်ပစ်လိုက်သည်။ ကျွန်တော့်လက်နှစ်ဖက်ကို အသာဖယ်ချပြီး ရုန်းထွက်သည်။ ရှေ့က ခပ်သုတ်သုတ် လျှောက်သွား၏။ သူ့ကို မှီအောင် ခြေလှမ်းကျဲဖြင့် လိုက်ရသည်။

ကြွေကျနေသော ပိတောက်ရွက်ခြောက်များကို တက်နင်းမိသော အသံများ ကြားရ၏။

❂ ❂ ❂

လမ်းနှစ်ဘက်သို့ မျက်နှာမူထားသော ခုံတန်းလျားကလေးမှာ ထိုင်သည်။ အမှန်မှာ ကုန်းပေါ်ရှိ ကျောက်ခုံများတွင် ထိုင်လိုခြင်း ဖြစ်သည်။ မ,က ထိုနေရာများသည် ချောင်ကျသည်။ အတွဲချောင်းတဲ့လူတွေ ရှိနိုင်သည်ဆိုပြီး လူသွားနှင့်နီးသော ဒီခုံတန်းလျားမှာ လာထိုင်ရခြင်း ဖြစ်ပါသည်။ မ,ဘက်ကကြည့်လျှင်တော့ ဒါ တော်တော်လေး လိုက်လျောခဲ့တာ



ပါပဲပေါ့။ သူသည် လူရှင်းတတ်သော နေရာမျိုးမှာ ထိုင်ရမည်ကို ဝန်လေးသူ ဖြစ်သည်။ တစ်ခါကလည်း တိရစ္ဆာန်ရုံသွားကြတာ။ ကျွန်တော့်အကြံက ဟိုနားဒီနား သဘောလောက်လျှောက်ကြည့်ပြီး ဆင်ရုံနားမှာ သွားထိုင်မလို့၊ သို့ရာတွင် ထိုင်တဲ့စခန်းကို မရောက်လိုက်၊ ကလေးများအဖို့သာ စိတ်ဝင်စားစရာ ကောင်းသော သစ်ကုလားအုပ်ကြီးကို အစာကျွေးခြင်း၊ ဒေါင်းတွေကတာကို ကြည့်ခြင်း၊ "မို့မို့ရေ. . ဝူး" ဆိုတာ နားထောင်ခြင်းတို့ဖြင့် အချိန်ကုန်သည်။ မြွေရုံထဲဝင်ကြည့်စဉ် စပါးကြီးမြွေကို မြင်တော့ သူ ရုတ်တရက် လန့်ပြီး ကျွန်တော့်လက်ကို ခဏမျှ ဆုပ်ကိုင်ထားခြင်း တစ်ခုတည်းသာ အမြတ်ထွက်ခဲ့သည်။

ခုလို အခြေအနေကတော့ တော်တော်ရတောင့်ရခဲပါပဲ။ သူနှင့် ချစ်ခဲ့ကြသော နှစ်နှစ်ကျော်ကျော်အတွင်း လေးငါးကြိမ်လောက်သာ ရခဲ့ဖူးသော အခွင့်အရေး လူရှင်းရှင်း အတန်ငယ် လွတ်လွတ်လပ်လပ် နေရခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ကျွန်တော်သည် ရသလောက် အခွင့်အရေးကို လက်လွှတ်မခံတတ်သော ခါးပိုက်နှိုက်တစ်ယောက်၏ လျင်မြန်ခြင်းမျိုး ကျင့်သုံးရပေမည်။ သူ့လက်ကို ဆတ်ခနဲ လှမ်းကိုင်လိုက်တာကို ပြောပါတယ်။ သူကလည်း ဓားဖြင့် အခွဲခံရပေါင်းများ

www.burmeseclassic.com

www.burmeseclassic.com



သော အသားရေအိတ်ပိုင်ရှင်လို လျှင်နေပြီ။ သူ့လက်သီးကို ဆုပ်ကိုင်ပြီး ရုန်းထွက်သွားသည်။ ကျွန်တော်သည် လက်ကိုင်ပြီးလျှင် ပခုံးကို ကိုင်၊ ထို့နောက် ဆတ်ခနဲဖက်နမ်းဖို့ အစီအစဉ် ပျက်သွားရ၏။

"အေးအေး ဆေးဆေး ထိုင်နေစမ်းပါကွယ်"

"လက်ကလေးကို ကိုင်ထားရုံပါဗျာ"

"အို. . . သူများတွေ မြင်ကုန်မယ်"

"လက်ကို ကိုင်တာလောက်နဲ့တော့ အပျိုရည် ပျက်မသွားနိုင်ပါဘူး မရယ်"

"ဘာ. . . . ဘာပြောတယ်၊ မင်းစကားက ရင့်သီးလှချည်လား"

"ဘာ. . . ဒီလောက်ပြောတာများ ရင့်သီးတယ်တဲ့။ မောင်တို့ကျောင်းက ယောက်ျားလေး အိမ်သာနံရံမှာ ရေးထားကြတာလာကြည့်စမ်း၊ ဒီထက်တောင် ရင့်သီးသေးတယ်"

"အို. . . မကြည့်ချင်ပါဘူး"

"သဘော ပြောတာပါ"

မ,၏ မျက်နှာသည် နီရဲသွားသည်။ သူ ရှက်သွာသည် ထင်၏။ ခက်လိုက်တာ။

"မရယ်၊ ခြေသန်းကလေးကို ဖြစ်ဖြစ် ကိုင်ပါရစေနော်"



သူသည် သူ့ခြေထောက်ကို ထဘီစဖြင့် အုပ်ထားလိုက်၏။ ကျွန်တော် ရယ်မိသည်။

"လက်မောင်းကလေးတော့ မ"

သူ တွန့်ခနဲ ဖြစ်သွားပြီး ဟိုဘက်ကို ရွှေ့သွား၏။

"လူ မြင်ကွင်းကြီးမှာနော် မင်း"

"မ. . . ခုတလော ဘာဖြစ်နေလဲဟင်၊ အရင်ကလို မဟုတ်တော့ဘူး၊ လက်ကလေး ကိုင်တာတောင် မကြိုက်တော့ဘူးလား. . ."

"ဟုတ်တယ် မောင်ဦး၊ မင်း မရှက်ပေမယ့် မမ ရှက်တယ်၊ မင်း အဲဒီလိုသာ ကြန္ဒြေမရှိ ရမ်းကားနေမယ်ဆိုရင် နောက်ကို ခုလို တွေ့ခွင့်မပေးတော့ဘူးသိလား"

"ခက်လိုက်တာဗျာ၊ ဒီမှာ. . ဒီမှာ မ၊ အဲဒီလောက် ဖြစ်နေရင် ရည်းစားထားမနေနဲ့တော့ ယောဂီပဲ ဝတ်တော့"

"ဝတ်လို့ရရင် ဝတ်ချင်တယ်၊ သံယောဇဉ်မဖြတ်နိုင်သေးလို့ သိလား၊ ရာဇဓာတုကလျာတောင် သီလရှင်ဝတ်ဖို့ စိတ်ကူးခဲ့သေးတာပဲ၊ သျှောင်ထုံးကေမှင်၊ လျှော့ဖြေချင်လည်း၊ နတ်သျှင်သူကြောင့်၊ တစ်ရေးမှောင့်ခဲ့လို့ ဆိုတယ် မဟုတ်လား"

"မ.က ဒီလိုလား၊ ဒါဆို စိန္တကျော်သူ ဦးဩရေးခဲ့တာ ရော၊ နိဗ္ဗာန်ကိုပင်၊ ရမည်ထင်လည်း ခုံမင်စိတ်သန်၊ ဆုမပန်

www.burmeseclassic.com

www.burmeseclassic.com



ပြီ ဆိုတာလေ"

သူ ဘာမျှပြန်မပြော၊ ရှေ့တွင်ရှိသော ရေပြင်ကိုကျော်၍ ရေလယ်ခေါင် ကျွန်းများဆီသို့ ငေးကြည့်နေသည်။ သူ တစ်ခုခု စဉ်းစားနေပုံ ရလေသည်။ သူငြိမ်နေသောအခိုက် ကျွန်တော် လှုပ်သည်။ သူ့ဘက် နည်းနည်းရွှေ့ပြီး ပခုံးချင်း ထိထားလိုက်၏။ သူ ကိုယ်ကို ကျုံ့လိုက်သည်။ အတန်ကြာသော အခါ သူ့အသံကို စတင်ကြားရသည်။

"မင်းကို မမ တစ်ခုမေးစရာ ရှိတယ်"

"မေးလေ၊ မေးနေကျပဲဟာ"

"မင်းဘွဲ့ရပြီးရင် ဘာလုပ်မယ် စိတ်ကူးလဲ"

"မိန်းမယူမယ်"

"ကောင်းကောင်း ဖြေစမ်းကွယ်"

'ဟုတ်တယ်လေ၊ ဘွဲ့ရပြီးရင် မနဲ့ လက်ထပ်ရမှာ မဟုတ်လား"

"မဟုတ်ဘူး"

"ဟင်. . . 'လက်မထပ်ရဘူးလား"

"အဲဒါ ပြောတာ မဟုတ်ဘူး၊ လက်ထပ်တယ်ဆိုတာ လွယ်လွယ်လေးမှ မဟုတ်ဘဲ၊ ကိုယ်က အခြေခံခိုင်မာထားမှ မဟုတ်လား"



"ဒါပေါ့၊ ဟုတ်တာပေါ့"

"အဲဒါကြောင့် မင်းဘွဲ့ရပြီးရင် ဘာလုပ်မလဲလို့ မေးတာ"

"ဘယ်သိမလဲ မရဲ့"

"ဟဲ့. . . မသိလို့ ဘယ်ဖြစ်မလဲ၊ ခုကတည်းက စဉ်းစားထားရမှာပေါ့"

"မရယ်၊ ဘွဲ့ရပြီးတဲ့လူတွေတောင် ဘာလုပ်ရမှန်း မသိဖြစ်နေကြသေးတာ၊ မောင်က ဘွဲ့ရဖို့ နှစ်နှစ်လောက်တောင် လိုသေးတာပဲ"

ဘာစကားမျှ ဆက်မပြောတော့၊ ကြားနေကျဖြစ်သော သက်ပြင်းချသံကိုသာ ပီပီသသ ကြားရသည်။

⁂

(ဝ) မအောင်မြင်သော တင်းမာမှု လျော့ပါးရေးကြိုးပမ်းမှု

ကိုခင်မောင်တင့်နှင့် ကျွန်တော် ပြဿနာတစ်ခု ဖြစ်သည်။ ကျွန်တော့်ဘက်ကတော့ သိပ်ကြီးကြီးကျယ်ကျယ်ဟု သဘောမထား။ သူကမူ ဘယ်လို ယူဆမည် မသိ။

ကျွန်တော့်သူငယ်ချင်း တင်မောင်ဝင်း၏ မင်္ဂလာဆောင်မှာ ဖြစ်သည်။ မကိုလည်း ဖိတ်ထားသည်ဟု သိရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နည်းနည်းနောက်ကျမှ ရောက်သည်။ မဏ္ဍပ်ထဲဝင်ကတည်းက မရှိနေမည့် စားပွဲကို ရှာသည်။ မ ရောက်နှင့်နေသည်။ သို့ရာတွင် မြင်ကွင်းသည် စိတ်ကျေနပ်စရာ မဟုတ်၊ ဘယ်လိုက ဘယ်လိုနေရာယူကြသည် မသိ။ မနှင့် တခြားကောင်မလေးတစ်ယောက်ထိုင်နေသော စားပွဲတွင် ကိုခင်မောင်တင့်က ခန့်ခန့်ကြီး ထိုင်လို့။ မ,သည် တခြားစားပွဲတစ်ခုကို အဘယ်ကြောင့် ရွှေ့မထိုင်သနည်း။ ရွှေ့စရာ စားပွဲလွတ် မရှိသောကြောင့် ဖြစ်ကြောင်း တွေ့ရသည်။ ပြီးတော့လည်း မ,ပြောပြောနေသည့် လူမှုရေးအရ သူ လာထိုင်မှ ရွှေ့သွားဖို့ အားနာခြင်းဖြစ်မည်။ အဲ. . . ကိုခင်မောင်တင့်ဆိုတဲ့ ငနဲကြီးကတော့ ဘယ်လောက်တောင် သဘောခွေ့နေသလဲမသိ၊ ပါးစပ်ကို ဖြဲနေတာပဲ။ သူ့ခမျာ ကံများ ဆိုးချင်တော့ တိုက်တိုက်ဆိုင်ဆိုင် သူတို့စားပွဲမှာ ခုံတစ်လုံး လွတ်နေသည်။

မ,သည် ကျွန်တော့်ကို လှမ်းမြင်သော်လည်း လူတွေကြားမှာ ဖြစ်သောကြောင့် ယောင်ယောင်ကလေးမျှသာ မသိမသာ ပြုံးလိုက်သည်။ လွတ်နေသော ကုလားထိုင်တွင် ကျွန်တော် ဝင်ထိုင်သည်။ ကိုခင်မောင်တင့်သည် ကျွန်တော့်ကို လှမ်းပြုံးပြပြီး မ,အား ပြောလက်စစကားကို ဆက်ပြောနေသည်။ သူပြောသော စကားမှာ သူ့ရပ်ကွက်ထဲတွင် သူတွင်



ကျယ်သည့်အကြောင်း။

လာချပေးသော ရေခဲမုန့်ကို စားနေသဖြင့် စကားမပြောဖြစ်၊ သတို့သားနှင့် သတို့သမီးက လာနှုတ်ဆက်သည်။ ခဏကြာအောင် ထိုင်နေပြီးမှ "ရောက်နေတာ ကြာပြီလား" ဟု မကို လှမ်းမေးသည်။ မက "မကြာသေးပါဘူး" ဟု ပြန်ဖြေသည်။ ကိုခင်မောင်တင့်သည် ကျွန်တော့်ဘက် လှည့်လိုက်ပြန်သည်။

"ဒါနဲ့ မောင်ပေါ်ဦး. . . မင်း ဘယ်နှစ်တန်း ရောက်ပြီလဲကွဟ"

မေးပုံကို သဘောမကျသော်လည်း ကျွန်တော် ကောင်းကောင်းမွန်မွန်ပင် ပြန်ဖြေသည်။

"ဒုတိယနှစ်ပါ"

"ဩော်. . . အေးအေး. . . ကြိုးစားပေါ့ကွာ"

ကျွန်တော့်ကိုယ်သည် မတ်ခနဲ ဖြစ်သွားသည်။ မ၏မျက်လုံးများကလည်း ကျွန်တော့်ကို လက်ခနဲ ကြည့်လိုက်သည်။ "ခင်ဗျား ခုလိုပြောမှပဲ ကျွန်တော်က ကြိုးစားရတော့မှာလား" ဟု မေးလိုက်ချင်သော်လည်း စိတ်ကို ထိန်းထားလိုက်ရသည်။ ကိုခင်မောင်တင့်က မ,ဘက် လှည့်၍ ဆက်ပြောပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ခုခေတ်ကျောင်းသားတွေက တစ်မျိုးပဲဗျ။ မိဘက ဘယ်လောက်ပင်ပင်ပန်းပန်း ရှာဖွေရတယ်ဆိုတာ နားမလည်ကြဘူး၊ သုံးဖို့ ဖြုန်းဖို့ စိတ်ကူးနေကြတာ၊ ရပ်ကွက်ထဲမှာလည်း လပ်ယားလပ်ယားနဲ့။ အေး အဲဒီလို မဖြစ်စေနဲ့ကွ. . . မောင်ပေါ်ဦးရဲ့ ကြားလား"

ဟာ. . . ဒါတော့ တရားလွန်ပြီ၊ ကျွန်တော် သိလိုက်၏။ ကိုခင်မောင်တင့်သည် မ,နှင့် ကျွန်တော့်ကိစ္စကို ရိပ်မိချင် ရိပ်မိပေလိမ့်မည်။ ထို့ကြောင့် မ,ရှေ့တွင် ကျွန်တော့်ကို ဖမ်းနှိမ်လိုက်ခြင်းပင်။ မရဘူး ကိုခင်မောင်တင့်၊ ဝမ်းနည်းပါတယ်။

ကျွန်တော်သည် မကို တစ်ချက်လှမ်းကြည့်သည်။ မ,မျက်နှာတွင် စိုးရိမ်မှုများ တွေ့ရ၏။ သို့ရာတွင် ကျွန်တော် စိတ်မထိန်းနိုင်တော့။

"ဟိုတစ်နေ့ကဗျာ ကျောက်မြောင်းဘက်မှာ အငြိမ့် တစ်ခု ကြည့်ခဲ့ရတယ်၊ လူပြက်တွေ သိပ်ရယ်ရတယ် သိလား" ဟုဆိုပြီး ပြက်လုံးတစ်ခုကို ပြောပြလိုက်သည်။

"လူပြက်တစ်ယောက်က ပြောတာ၊ လူတွေကကွာ သမဝါယမလုံကြီးတွေ အလုပ် မလုပ်ဘူး မလုပ်ဘူးနဲ့၊ ဘယ်ဟုတ်ရမှာလဲကွာ။ အလုပ်ကြိုးစားလိုက်တာမှ ညတောင် မနားဘူးလို့ ပြောတော့ နောက်လူပြက်တစ်ယောက် ပြောစမ်းပါ



ဦးကွလို့ဆိုတော့ ပထမ လူပြက်က ငါကွာ ဟိုတစ်ရက်က ညဘက်အပြင်က ပြန်လာတာ သန်းခေါင်လောက်တောင် ရှိမလားပဲ၊ အဲဒါ သမဆိုင်နားရောက်တော့ အထဲက မီးလင်းနေတာ တွေ့တာနဲ့ ဘာများလဲလို့ ကြည့်လိုက်တော့ လားလား သမဥက္ကဋ္ဌနဲ့ ဆိုင်တာဝန်ခံနဲ့ကွ၊ ဒုတိယလူပြက်က ဘာလုပ်နေကြတာလဲ၊ သကြားတွေ ရေဖျန်းနေတာလားလို့ မေးတော့ ပထမလူပြက်က ဘယ်ဟုတ်ရမှာလဲ အလေးသွေးနေကြတာကွ၊ တစ်ပိဿာအလေးကို ဓားသွေးကျောက်နဲ့ သွေးနေကြတာတဲ့၊ ဟား. . . ဟား"

ကိုခင်မောင်တင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။ နောက်မှ ရောယောင်ရယ်လိုက်ပြီး. . .

"ဟား. . . ဒီလူပြက်တွေက ပြောစရာမရှိ သမဝါယမပဲ ပြောပြောနေကြတာပဲ ဟဲ ဟဲ"

ဟု အောင့်သီးအောင့်သက် အသံကြီးဖြင့် ပြောသည်။ မ,ကမူ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ကျွန်တော့်ကို စိုက်ကြည့်နေ၏။ နောက်တစ်ခါ မ,နှင့်တွေ့လျှင် ထိုကိစ္စအတွက် အခြေအတင် ပြောကြရဦးမည် အလားအလာပင်။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ ဖြေနေရသောကြောင့် သူနှင့် နှစ်ယောက်ချင်း မတွေ့ဖြစ်။ မတွေ့ဖြစ်ဆိုခြင်းထက် မတွေ့ရဟု ဆိုလျှင် ပိုပြီးမှန်မည်။ သူက စာမေးပွဲ နီးပြီ၊ မတွေ့ကြစို့နဲ့ဟု ဆိုသည်။ ကျွန်တော်က တစ်နေ့တာအတွက် အချိန်အားလုံးမှာ စာကျက်နေလို့ ရသည်မဟုတ်။ ညဘက် သူ့ကျောင်းက ပြန်လျှင် လာကြိုတာလောက်နှင့်တော့ စာမေးပွဲကို မထိခိုက်နိုင်ဟု စောဒကတက်သည်။ မရ။ အခုလို လာလာကြိုတဲ့ အချိန်ဟာ စာကျက်လို့ အကောင်းဆုံးပဲ၊ ဒါကြောင့် လာကြိုမယ့်အချိန် ညဦးပိုင်းကို စာကျက်ရမယ်။ ဒါဆို ရုံးဆင်းချိန်လောက်ဆိုရင်တော့ စာကျက်လို့ သိပ်မကောင်းဘူး ထင်တယ်။ မလိုချင်ဘူး၊ စာကျက်လို့ မကောင်းတဲ့အချိန်မှာ အေးအေးဆေးဆေး အနားယူ။ မ,က အမိန့်ထုတ်လိုက်သည်။

သူတို့လုပ်သားကောလိပ်တွေက အရင်ဖြေရသည်။ သူ စာမေးပွဲပြီးသောနေ့တွင် ကျွန်တော် သွားကြိုသည်။ ထိုနေ့ကလည်း သိပ်ထွေထွေထူးထူး မဟုတ်။ သူ့စကား နားမထောင်ဘဲ လာရကောင်းလား၊ စာမေးပွဲရက်အတွင်း မတွေ့ပါနဲ့ဆိုတာ မရဘူးဟု ဆူပူကြိမ်းမောင်းခြင်း၊ စာတွေကော ကျက်ရဲ့လား၊ မင်း သိပ်ပေါ့ဆမနေနဲ့ဟု စစ်ဆေးမေးမြန်းခြင်းတို့သာ ဖြစ်သည်။ တစ်နေ့ရာရာမှ ခဏလောက် ထိုင်ရအောင်



ဆိုသော်လည်း မရ။ အိမ်ကိုသာ တန်းပြန်ခဲ့ရသည်။

ကျွန်တော့်စာမေးပွဲဖြေနေတုန်း ရက်တွေက ညနေဘက် စာကျက်ရင်း ပျင်းပြီဆိုလျှင် လမ်းလျှောက်ထွက်တတ်သည်။ သူတို့အိမ်ရှေ့က အသွားအပြန် နှစ်ခေါက်လောက် လမ်းသလားသည်။ သူ့ကို မတွေ့ရသည်က များသည်။ တစ်ခါတော့ အိမ်ရှေ့ဘက် ထွက်အလာ ကျွန်တော့်ကို တွေ့သွားသည်။ ကျွန်တော်က လှမ်းပြုံးပြသည်။ သူကမူ ပြုံးဖို့ဝေးစွ၊ မျက်နှာထားကြီးဖြင့် ကြည့်ပြီး အိပ်ခန်းထဲ ပြန်ဝင်သွားလေသည်။

"မကလည်းဗျာ သိပ်လွန်လွန်းတယ်၊ မောင့်ကို တွေ့တာ ပြုံးပြဖော်တောင် မရဘူး"

ကျွန်တော် စာမေးပွဲနောက်ဆုံးနေ့ ဖြေပြီး ညနေဘက် သူ့ရုံးကို သွားကြိုရင်း ကျွန်တော် ပြောသည်။

"အဲဒီတုန်းက ပြုံးပြလိုက်ရင် မင်း စကားလှမ်းပြောမယ် မဟုတ်လား"

"ပြောမှာပေါ့၊ မောင်ကလည်း ပြောချင်လို့ လာတာပဲဟာ"

"အေး. . . မင်းအကြောင်းသိလို့ မင်းနဲ့ စကားလှမ်းပြောနေလို့ ဘေးလူတွေ မြင်သွားရင် မကောင်းဘူး၊ ခုတော့င်

www.burmeseclassic.com

www.burmeseclassic.com



တချို့က ရိပ်မိနေကြသလား မသိဘူး"

"ဘယ်သူက ရိပ်မိလို့လဲ"

"ဟိုတစ်နေ့က အေးအေးဝင်းနဲ့ တွေ့သေးတယ်၊ သူက လာမေးနေတယ်။ မင်းနဲ့ မမနဲ့ ဘယ်လိုလဲတဲ့"

"ဘာပြောလိုက်လဲ မ က"

"ငြင်းရတာပေါ့"

"ယုံသွားရောလား"

"သိပ်ယုံကြည်ပုံတော့ မရဘူး"

"ကောင်းတာပေါ့၊ ကြေညာပြီးသား ဖြစ်သွားတာပေါ့"

"တော်စမ်းပါကွယ်၊ အဲဒါတွေ လျှောက်ပြောနေတာနဲ့ မေးမယ်ဟာတောင် မမေးရသေးဘူး၊ မင်းစာမေးပွဲ ဖြေနိုင်ရဲ့လား"

"ဟင့်အင်း. . . စာမေးပွဲ မဖြေနိုင်တဲ့အကြောင်း ပြောချင်လို့ မ,ဆီလာတာ၊ မ,က မျက်နှာထားကြီးနဲ့ လုပ်နေတော့ မောင် ဝမ်းနည်းပြီး စာမကျက်နိုင်တော့ဘူး၊ နောက်နေ့ဖြေတဲ့ ပေပါမဖြေနိုင်ဘူး၊ ကျမှာပါပဲ မ,ရယ်"

သူ ကျွန်တော့်မျက်နှာကို စိုးရိမ်တကြီး လှမ်းကြည့်သည်။ ပြီးမှ ကျွန်တော် တကယ်ပြောတာ မဟုတ်မှန်း ရိပ်မိသွားပုံရသည်။



"ကောင်းကောင်း ပြောစမ်းပါ"

"အလကား ပြောတာပါ၊ ဖြေနိုင်ပါတယ်၊ အဲဒါ နက်ဖြန် စနေနေ့မဟုတ်လား၊ မောင် စာမေးပွဲပြီးတဲ့ အထိမ်းအမှတ်နဲ့ ရုပ်ရှင်သွားကြည့်ရအောင်"

"ဟင့်အင်း မသွားချင်ပါဘူး"

"ဒါဖြင့် ဘယ်သွားမလဲ"

"ဘယ်မှ မသွားဘူး"

"ဟာ. . . ဘယ်ဖြစ်ပါ့မလဲ၊ နှစ်ယောက်ထဲ အေးအေးဆေးဆေး မတွေ့ရတာ ကြာလှပြီ"

သူ တွေသွား၏။ နှုတ်ခမ်းကို ကိုက်သည်။ ချက်ချင်း ပြန်လွှတ်လိုက်သည်။ သက်ပြင်းချသည်။

"မသွားချင်ဘူးကွယ်"

ကျွန်တော် သူ့မျက်နှာထားကို အကဲခတ်သည်။ တိတိကျကျ အဓိပ္ပာယ်ကောက်ယူ၍ မရ။ ကျွန်တော် ဘာမျှထပ် မပြော။ ကိုယ့်အကြံနှင့် ကိုယ်နေလိုက်သည်။

◉ ◉ ◉

နောက်တစ်နေ့ဖြစ်သော စနေနေ့တွင် မ, ရုံးဆင်းချိန် မှတ်တိုင်က သွားစောင့်နေသည်။ မ သည် ကျွန်တော့်အကြံ

www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုသိနေသည်ထင်၏။ ရုံးက သူ့သူငယ်ချင်း အစ်မကြီးတစ်ယောက်နှင့် တူတူလာသည်။ ကျွန်တော့်ကို မြင်တော့ နှုတ်ဆက်ပြီး "ဘယ်ကို လာတာလဲ" ဟု မေးသည်။ "မ ဆီကိုပဲလေ" ဟု ပြောလိုက်ချင်သော်လည်း ရှေ့အလားအလာကို ကြည့်ပြီး မပြောဖြစ်လိုက်ချေ။ "ဒီနား ခဏလာတာ" ဟုသာ မရေမရာ ပြောလိုက်ရသည်။ သူက သူငယ်ချင်းနဲ့ ဈေးလိုက်သွားမလို့ ဟု ပြောပြီး ဘတ်စ်ကားပေါ် တက်သွားသည်။ ကျွန်တော့်ကို လိုက်ပါဦးလားဟုပင် မခေါ်။

နောက်တစ်နေ့ မနက် ရုံးသွားချိန် ရပ်ကွက်ထိပ်မှတ်တိုင်က သွားစောင့်သည်။ ကျွန်တော်တို့ လမ်းထဲက ရုံးသမားတချို့ မှတ်တိုင်မှာ ရှိနေသောကြောင့် သူနှင့် စကားမပြောဖြစ်လိုက်။

ညနေဘက် ရုံးနားက မှတ်တိုင်မှာ သွားစောင့်ပြန်သည်။ သူလုံးဝမလာ။ တခြားလမ်းက လှည့်ပြန် သွားဟန်တူသည်။

နောက်တစ်နေ့မနက် သူစီးသော ဘတ်စ်ကားနှင့် တူတူလိုက်သွားသည်။ ရုံးသို့သွားရာ ဖြတ်လမ်းအတိုင်း သူ့ဘေးက ကပ်လိုက်သွားသည်။ သူ ကျွန်တော့်ကို ဘာမျှမပြော။ လှည့်လည်းမကြည့်။ ကျွန်တော် သူ့ကို နားမလည်နိုင်တော့။



"မ ဘာဖြစ်နေတာလဲဟင်"

သူ နှုတ်ဆိတ်၍ နေသည်။

"မောင့်ကို ဘာမကျေနပ်တာ ရှိလို့လဲ"

ဘာမှပြန်မပြော။

"မောင့်ကို ဘာဖြစ်လို့ ရှောင်နေတာလဲဟင်"

သူ ခေါင်းခါသည်။

"ဘာဖြစ်တာလဲ မရယ်"

"မင်း ပြန်ပါတော့"

"ဘာဖြစ်တယ်ဆိုတာ ပြောပါဦး"

"ဘာမှ မဖြစ်ပါဘူး"

သူ ကျွန်တော့်ကို မကြည့်ဘဲ ဆက်ပြောသည်။

"မင်း . . နောက်ကို မမနဲ့ လုံးဝလာမတွေ့နဲ့၊ ရုံးကိုလည်း လာမကြိုနဲ့"

"ဘာသဘောလဲ မ"

သူသည် ကျွန်တော့်စကားကို လုံးဝမကြားသလို လုပ်နေ၏။ပြန်လည်းမပြောတော့။ ကျွန်တော့်စိတ်ထဲက ခံပြင်းလာသည်။ လျှောက်နေရာမှ တုံ့ခနဲ ရပ်လိုက်သည်။ သူသည် လိုက်မရပ်ဘဲ ဆက်လျှောက်သွားသည်။ ကျွန်တော်လည်း ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီသို့ လုံးဝမသွားဘဲ နေသည်။ သူတို့အိမ်ဘက်သို့ မသွားမိအောင် ရှောင်သည်။ ရုံးတက်ရုံးဆင်းချိန်တွင် မှတ်တိုင်နားသို့ ခြေဦးမလှည့်မိအောင် စိတ်ကို ထိန်းသည်။ သူငယ်ချင်းတွေနှင့် လျှောက်လည်လိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက် လုပ်နေလိုက်၏။ ကိုကြီးကောင်းကိုလည်း ထိုကိစ္စကို ဘာမျှမပြောဘဲ နေခဲ့သည်။

ထိုရက်များအတွင်း မတို့ အိမ်ပြောင်းသွားသည်။ တာမွေဘက်ဟူ၍သာ သိရသည်။ လမ်းတွေ၊ အိမ်နံပါတ်တွေ မသိရ၊ ကျွန်တော် သေသေချာချာလည်း မစုံစမ်း။

သူသည် ကျွန်တော့်အပေါ်တွင် အမူအရာတွေ ပြောင်းနေခဲ့သည်မှာ ကြာပြီ၊ တစ်ခါတစ်ရံ ကျွန်တော်နှင့် စကားပြောနေတုန်း စိတ်မဝင်စားသလို ဖြစ်နေတတ်သည်။ ကျွန်တော်ပြောသည်ကို မကြားဘဲ တစ်ခုခုကို တွေးနေ ငေးနေတတ်သည်ကို မကြာခဏ တွေ့ရ၏။ ခုနောက်ပိုင်းတွင်မူ ကျွန်တော်နှင့် ဆက်ဆံရာတွင် သူ့ဟန်ပန်တွေ အေးတိအေးစက်ဖြစ်လာသည်။ သူ့စိတ်များသည် ဘာတွေဖြစ်ကုန်ပြီနည်း။ သူ့စိတ်အကြောင်းသိဖို့ နေနေသာသာ ကျွန်တော့်စိတ်အကြောင်းပင် ကျွန်တော် မသိ။ သူနှင့် အဆက်ပြတ်နေပြီလား၊ မပြတ်သေးဘူးလား ခွဲခြား၍မရ။



တစ်ခုတော့ သေချာသည်။ ကျွန်တော့်တွင် သူနှင့် တွေ့ချင်သော စိတ်ကလေး ရှိနေခြင်းပင်။

❋ ❋ ❋

"မ မောင့်ကို ဘာသဘောနဲ့ ရှောင်နေရတာလဲဟင်"

ထိုမေးခွန်းကို သုံးကြိမ်မြောက် ထပ်မေးသည်။ သူ မဖြေ။

ကျောင်းတွေ ပြန်ဖွင့်ပြီးနောက် သူနှင့်တွေ့ဖို့ ကြိုးစားခဲ့သည်။ စကားပြောဖို့ အချိန်ရရန်အတွက် စနေနေ့ တစ်နေ့တွင် သူ့ရုံးက သွားစောင့်သည်။ ရုံးဆင်းလာပြီးနောက် တစ်နေရာရာသွားဖို့ ပြောသည်။ မရ။ နည်းပြတန်း ဖြေစရာ ရှိတယ်ဟု ခပ်ပြတ်ပြတ် ပြောသည်။ လုပ်သားများကောလိပ်အထိ ကျွန်တော် လိုက်သွားသည်။ သူနည်းပြတန်း ဖြေသည်ကို ထိုင်စောင့်နေလိုက်သည်။ သူဖြေပြီး ပြန်ထွက်လာတော့ ကျွန်တော် တစ်နေရာရာသွားဖို့ ထပ်ပြောပြန်သည်။ သူ ခေါင်းခါသည်။

"ပြောလေ၊ မ, အဲဒါ မောင်သိချင်တယ်"

"ဘာမှ မဖြစ်ပါဘူး၊ မမ ဘယ်မှာမသွားချင်လို့"

"ဘာဖြစ်လို့ မသွားချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှေ့တည့်တည့်ကိုသာကြည့်ရင်း လျှောက်နေသည်။ ကျွန်တော့်ကို မကြည့်ဘဲ ပြောသည်။

"အသက်ကြီးလာတော့ ရှက်တတ်လာပြီ"

"ဘာ. . . ဘာပြောတယ်၊ မ, ရှက်တယ် ဟုတ်လား"

ကျွန်တော် ရယ်သည်။

"မ က မောင်နဲ့ တွဲသွားရမှာ ရှက်တယ် ဟုတ်လား"

သူ ခါင်းညိတ်သည်။ ကျွန်တော့်မျက်နှာ တည်သွား၏။

"ဘာလဲ မ၊ မောင်နဲ့ တွဲသွားရမှာ ရှက်ရလောက်အောင် မောင်က သေးနုပ်သိမ်ဖျင်းနေလို့လား"

သူ ပြန်မဖြေ။ ထုံးစံအတိုင်း သက်ပြင်းချသည်။

"ပြောလေ မ"

သူမပြော။

"မောင် နားမလည်နိုင်တော့ဘူး မရယ်၊ ဘာတွေ ဖြစ်နေတာလဲ"

"မင်း တဖြည်းဖြည်းတော့ နားလည်လာမှာပါ"

"တဖြည်းဖြည်းတွေ ဘာတွေ မောင် မသိဘူး၊ မောင်သိတာက မနဲ့ မတွေ့ဘဲ မနေနိုင်ဘူး၊ အဲဒါ မောင့်ကို တွေ့ခွင့် ပြန်ပေးပါ"

သူ ကျွန်တော့်ကို ငဲ့စောင်း၍ပင် မကြည့်။ ရှေ့တည့်



တည့်ကိုသာ ဆက်လျှောက်သည်။ မရည်ရွယ်ကြဘဲနှင့် ဗိုလ်တထောင်ဘုရားကို ရောက်လာကြ၏။ လိပ်တွေ ငါးတွေထားသော ကန်နားမှာရပ်သည်။

"မ၊ မောင်နဲ့ မတွေ့ချင်တော့ဘူးလား"

သူ ကျွန်တော့်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်ကြည့်သည်။ သူ့မျက်လုံးများသည် ရီဝေနေ၏။ မောနေသောအသံဖြင့် သူပြောသည်။

"မတွေ့ကြတာ အကောင်းဆုံးပါပဲကွယ်"

ကျွန်တော် သူ့ကို အထိတ်လန့် ကြည့်သည်။

"ဘာသဘောလဲ မ. . . ဟင်၊ ဘာသဘောလဲ၊ မောင်နဲ့ လမ်းခွဲဖို့ စကားစလိုက်တာလား ဟင်"

သူ နှုတ်ခမ်းကို ကိုက်လိုက်သည်။ အတန်ကြာအောင် ဘာမျှမပြော အတန်ကြာမှ. . .

"မင်း ထင်ချင်သလိုသာ ထင်လိုက်ပါတော့"

"မောင် ဘယ်လိုမှ မထင်ချင်ဘူး၊ မောင့်မှာဘာအပြစ်ရှိသလဲ မ ပြောပါ"

ခေါင်းခါသည်။

"အပြစ်မရှိဘူးပေါ့. . . ဟုတ်လား"

"လူတိုင်းမှာ အပြစ်တွေ ရှိနေကြတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် သူ့စကားတွေကို လိုက်မမှီတော့။ ဘာအဓိပ္ပာယ်တွေလဲ၊ ကန်ရေသည် နောက်ကျိနေသည်။ ကန်ထဲတွင် ငါးတွေ၊ လိပ်တွေ အထွေးထွေး ရှုပ်ယှက်ခတ်နေ၏။ နေရာတကာတွင် ရေတွေ ပွက်ပွက်ထနေသည်။ ကျွန်တော့် စိတ်များသည်လည်း ထိုအတိုင်း။

သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ကျွန်တော် မေးလိုက်သည်။

"မ. . . မောင်နဲ့မတွေ့ဘဲ နေနိုင်လို့လား"

ကျွန်တော် မေးခွန်းကို တိုက်ရိုက် ပြန်မဖြေ။

"မမ အလုပ်တစ်ခုကို လုပ်ရင် ဘယ်တော့မှ မစဉ်းစားမဆင်ခြင်ဘဲ မလုပ်ဘူး၊ မင်းကို လက်ခံခဲ့တုန်းကလည်း သေသေချာချာ စဉ်းစားပြီးမှ အဖြေပေးခဲ့တာပါ. . . ခုလည်း"

သူ့စကားမဆက်။

"ဘာကို ဆိုလိုတာလဲ၊ မ. . . မောင့်ကို မုန်းသွားပြီးလား"

မဖြေ. . . ကျွန်တော့်ကို လှည့်လည်း မကြည့်။ ကျွန်တော့်မျက်နှာကို မြင်ရဖို့ သူ ဝန်လေးဟန် တူသည်။

"ပြောလေ မ၊ ခုလည်း မောင်နဲ့ လမ်းခွဲဖို့ကို စဉ်းစားဆုံးဖြတ်ပြီးပြီဆိုတဲ့ သဘောလား"



အကြိမ်ကြိမ်၊ အခါခါများအနက် အကျယ်လောင်ဆုံးနှင့် အပီသဆုံး သက်ပြင်းချသံကို ကြားရလေသည်။ ဘာမှ မပြောဘဲ အတော်ကြာနေမိကြသည်။ အသီးသီး အတွေး ကိုယ်စီနှင့်။ သူသည် ဘာတွေ တွေးနေသနည်း။ ကျွန်တော်ကဖြင့် ခု ကျွန်တော်တို့နှစ်ယောက် ဘာတွေ ဖြစ်နေကြသည်ကို တွေးလို့ မရနိုင်အောင် ရှိခဲ့နေလေသည်။ ငေးမောနေရာမှ သူ့ဘက်သို့ လှည့်ကြည့်သည်။ မျက်နှာကို ဘေးတိုက်အနေအထားမြင်ရသည်။ ပြီးတော့. . . သူ့ဆံပင်ကြားမှ နှစ်ဆီးတစ်ပွင့်။ ပန်းနုရောင်။

ဦးနှောက်ထဲ၌ လျှပ်ပြက်သလို အတွေးတစ်ခု ဝင်လာသည်။ နှင်းဆီ. . . ကျွန်တော်တို့ရဲ့ တစ်ခါက နှင်းဆီ။

"မ. . ."

သူ ဆတ်ခနဲ ခေါင်းကို ငုံ့လိုက်ပြီးမှ မကြည့်ဘဲ ပြန်နေလိုက်သည်။

"မောင်တို့ စချစ်ခဲ့ကြတုန်းကလေ မောင့်ကို လက်ခံတဲ့အထိမ်းအမှတ်နဲ့ နှင်းဆီပွင့်ကလေး ပေးခဲ့တယ် မဟုတ်လား၊ ခုလည်း မောင့်ကို ချစ်နေတုန်းပဲဆိုရင် မ့ခေါင်းက နှင်းဆီပွင့်ကလေး မောင့်ကို. . ."

ကျွန်တော့်စကားမဆုံးခင် လက်ကို မြှောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်လက်ကို ဖျတ်ခနဲ ပုတ်ချလိုက်သည်။ ကျွန်တော့် နှလုံးသားကို သူ့လက်ဖြင့် တိုက်ရိုက်ပုတ်ခတ်လိုက်သလို ရင်ထဲက စူးစူးအောင့်အောင့် ခံစားလိုက်ရသည်။ သူ့စိတ်များကတော့ သူ့လက်များလိုပင် ကျွန်တော့်အပေါ် ထားရှိသော မေတ္တာတရားကို ပစ်ပစ်ခါခါ ပုတ်ခတ်ထုတ်လိုက်လေပြီးလား။

ဗိုလ်တထောင်စေတီရင်ပြင်ပေါ်သို့ ရောက်ရှိနေပါလျက် ဘုရားကို ရှိမခိုးဖြစ်။ နောင်တွင်လည်း သူနှင့်တကွ အတူယှဉ်တွဲ၍ ဘယ်သောအခါမှာမျှ ရှိခိုးဖြစ်တော့မည် မထင်။ ဘုရားဆိုသည်မှာ ဆုံစည်းခြင်းကိုသာ ပေးသနားတော်မူသည်။ ရေစက်ဆုံနိုင်ခြင်း မရှိသော ကျွန်တော်တို့ နှစ်ယောက်သည် အေးချမ်းသာယာသော ဘုရားပရိဝုဏ်နှင့် မထိုက်တန်ရာ။

နိဗ္ဗာန်ကိုပင်၊ ရမည်ထင်လည်း
ခုံမင်စိတ်သန်၊ ဆုမပန်ပြီ
သဏ္ဍာန်ခြားနား၊ သိကြားထုလုပ်
ဇော်တချုပ်ကို၊ ကျွန်ုပ်ရည်မှတ်
လှစ်နုတ်နှင့်၊ လည်ပတ်ယှက်တင်
ငှက်လွန်းကြင်သို့၊ ရွှေရင်လွှမ်းခြုံ



ဖူးရေးကြုံသည် . . .

စိန္တကျော်သူဦးဩ၏ ရတုသည် ကျွန်တော်တို့ နှစ်ယောက်နှင့် မည်သို့မျှ မသက်ဆိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com





(၄)

အစွေးများကို ရုပ်သိမ်းလိုက်သည်။ တမင်တကာ မေ့ပျောက်ထားခဲ့သော အကြောင်းအရာများ ဖြစ်ပါလျက် ပါရဂူဆရာဝန်ကြီး၏ စာရွက်ကလေး တစ်ရွက်က အစဖော်ပေးခဲ့သည်။

လူတို့၏ ဦးနှောက်များသည် အဘယ်ကြောင့် အမှတ်သညာကြီးရပါဘိသနည်း။ မေ့ချင်သောအရာကို မေ့ထားနိုင်သော အစွမ်း အဘယ်ကြောင့် မရှိရသနည်း။ တကယ့်တကယ်တော့လည်း ငယ်စဉ်ကလေး ဘဝက မထင်မရှား အဖြစ်အပျက်များကိုပင် တစ်ခါတစ်ရံ ကွင်းကွင်းကွက်ကွက် အတိတ်ဖြစ်ရပ်များ ဆိုသည်ကား ဦးနှောက်ထဲတွင် ဆေးမင်ရည် စုတ်ထိုးထားသကဲ့သို့ စွဲစွဲခိုင်ခိုင် ရှိနေသော အကြောင်းခြင်းရာများပင် ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုစုတ်ချက်များတွင် အမည်နာမပေါင်းများစွာ ပါဝင်သည်။ ယင်းတို့၌ မ,ခေါ် မမခင်လေးခင်ကလွဲလျှင် အစွဲမြဲဆုံးမည်ကား. . .

ဒေါက်တာ သက်ဆိုင်။

အခု သူနှင့်သွားတွေ့ရမတဲ့။ သူ့ရဲ့ ဆေးကုသမှုကို ခံယူရမတဲ့။ ဘယ်လောက် ထူးဆန်းသနည်း။ ကျွန်တော့်ကို ရောဂါတက်အောင် ပြုလုပ်ခဲ့သူထံမှာ ဆေးသွားကုဖို့များ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ရတော့သည်။

မသွားချင်။ တကယ့် တကယ်တော့ အစကတည်းကလည်း ဘယ်သူ့ဆီမှာမှ ဆေးကုသခံဖို့ စိတ်မကူးခဲ့။ လူကြီးတွေ ကျေနပ်အောင်သာ ကျန်းမာရေး စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ပါရဂူ ဆရာဝန်ကြီး ပြောသလို ဇီတာမင်တွေ၊ ဇီတာမက်တွေ လိုတယ်ပဲ ထားပါတော့။ 'အထဲမှာ' ဆယ်နှစ်၊ ဆယ့်ငါးနှစ် နေရတဲ့သူတွေ ဘယ်လိုလုပ်ကြမလဲ။ တချို့များ အပြင်ထွက်လိုက်၊ အထဲပြန်ဝင်လိုက် လုပ်နေကြတာ ဆေးစစ်ခံတယ်လို့ တစ်ခါမျှ မကြားခဲ့ဖူး၊ ဒီလူတွေ ဘာဖြစ်ကြလို့လဲ။ ဒီလိုပဲ နေနေကြတာပဲ မဟုတ်လား။

ဘယ်ဆရာဝန့်ဆီမှ မသွားဘူးဟု ဆုံးဖြတ်လိုက်သည်။

❁ ❁ ❁



သို့ရာတွင်. . .

ဖေဖေသည် ကျွန်တော့်စကားကို မယုံသဖြင့် ပါရဂူ ဆရာဝန်ဆီ သွားမေးရာ ကျွန်တော့်အလိမ် ပေါ်သွားသည်။

"သားရယ်၊ မင်းဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

"ဘာလုပ်မှာလဲ ဖေဖေရာ၊ ကျွန်တော် နေကောင်းနေသားပဲ မဟုတ်လား"

"ရောဂါဆိုတာ ကိုယ်ခန္ဓာကိုယ်မှာ မြင်သာတဲ့ အရာကိုမှ ခေါ်တာ မဟုတ်ဘူးသား၊ နေမကောင်းဖြစ်မှာ၊ နာကျင်မှ ရောဂါမည်တယ်လို့ မယူဆသင့်ဘူး"

"ပိုက်ဆံ ကုန်ပါတယ် ဖေဖေရယ်"

"ပိုက်ဆံစကားကို ထည့်မပြောနဲ့ကွာ"

ဖေဖေ့မျက်နှာ တင်းမာသယောင် ဖြစ်သွားသည်။

"ဟာ. . . မဟုတ်ဘူး ဖေဖေ၊ ကျွန်တော့်စကား မှားသွားတယ်၊ ကျွန်တော် အားဆေးတွေ ဝယ်စားပါ့မယ်"

"မဖြစ်ဘူး၊ မင်းဆရာဝန်ဆီ သွားရမယ်"

မေမေသိလျှင် စိတ်မကောင်း ဖြစ်သွားမည်စိုးသောကြောင့် တစ်ကြောင်း၊ မမကြီးတို့ မမလေးတို့သိလျှင် ဆူဆူညံညံ ဖြစ်မည်၊ ငိုလားယိုလားဖြစ်မည်ဟု စဉ်းစားမိပြီး သွားပါမည်ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်သွားမှာလား သား"

ဖေဖေသည် ကျွန်တော့်အကြောင်းကို သိသောကြောင့် မေးခြင်းဖြစ်သည်။

"သွားမှာပါ ဖေဖေ"

"ဖေဖေ့ကိုတော့ မညာနဲ့နော်"

ကျွန်တော် ရယ်လိုက်ရသည်။

"ဒေသန္တရ ဆေးခန်းကိုပဲ သွားမယ် ဖေဖေ၊ အဲဒီမှာ ဒေါက်တာ ဒေါ်ဇင်မာသက်ရှိသားပဲ၊ သူ စေတနာကောင်းတာ ဖေဖေလည်း သိသားပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ဖေဖေကတော့ ဆရာဝန်ကြီး ညွှန်ကြားတဲ့ဆီပဲ သွားစေချင်တယ်၊ နက်ဖြန် ဖေဖေကိုယ်တိုင် လိုက်ပို့မယ်"

⊙ ⊙ ⊙

မတတ်သာတော့သောကြောင့် ဖေဖေနှင့်အတူ လိုက်သွားရသည်။ 'ကုသ' ဆေးခန်းရောက်တော့ ရောက်နှင့်နေပြီးသော လူနာသုံးလေးယောက် ပြီးအောင် စောင့်ရသည်။

ကျွန်တော့်အလှည့်ရောက်တော့ အခန်းထဲသို့ ကျွန်တော်ဝင်သွားသည်။ ဖေဖေက နေရစ်ခဲ့သည်။ ဘာကြောင့်



မှန်းမသိ၊ရင်တွေခုန်သည်။ သူပင် ဖြစ်မည်မှန်း ထင်ထားခဲ့ပါလျက် သေသေချာချာ တွေ့ရသောအခါ အံ့သြသလို ဖြစ်ရပြန်သည်။

"ထိုင်ဗျာ"

သူ့စားပွဲရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ကျွန်တော်က ဆရာဝန်ကြီး ပေးလိုက်သော စာရွက်ကို ထိုးပေးလိုက်၏။ သူ ဖတ်ကြည့်သည်။ ထို့နောက် . . .

"အိုကေ၊ ကျွန်တော် တာဝန်ယူပါတယ်"

သူက ကျွန်တော့်ကို ခုတင်ပေါ်မှာ လှဲအိပ်ခိုင်းသည်။ ကျွန်တော်တို့ နှစ်ယောက်သည် ထူးထူးဆန်းဆန်း အလုပ်တစ်ခုကို လုပ်ကြသည်။ သူက ကျွန်တော့်ကို စမ်းသပ်ခြင်းပင်ဖြစ်သည်။ တကယ်တော့ ဆရာဝန်က လူနာကို စမ်းသပ်ခြင်းသည် ဘာမျှထူးဆန်းသနည်း။ သို့ရာတွင် ကျွန်တော်တို့ နှစ်ယောက်အတွက်မူ . . ။

⊙ ⊙ ⊙

မ နှင့် ကျွန်တော် လမ်းခွဲခဲ့ကြသည်။ မသည် ကျွန်တော့်ကို အဘယ်ကြောင့် ခွဲခွာခဲ့သည်ကို စဉ်းစား၍မရ၊ ကျွန်တော်က ဂျစ်ကန်ကန် ပေကပ်ကပ်မို့လား၊ အသက်ချင်း ကွာခြားမှု

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်လား။ သူပြောပြောနေသော အယူအဆချင်း မတူတာကြောင့်လား။ ဘာကြောင့်မှမဟုတ်။

သူသည် ဦးနှောက်၏ အလိုကို လိုက်ခဲ့ခြင်းသာ ဖြစ်သည်။ သို့တည်းမဟုတ်၊ သူကိုယ်နှိုက်က ကျွန်တော့်ကို မချစ်တော့သောကြောင့် ဖြစ်ပေလိမ့်မည်။

ဗိုလ်တထောင်ဘုရားမှာ တွေ့ခဲ့ပြီးနောက်ပိုင်း အခြေအနေသည် ထူးခြားမှု မရှိခဲ့။ သူ့ဘက်က ဆက်လက် တင်းမာနေဆဲပင်။ ကျွန်တော် သူနှင့် ထပ်ပြီး ဆွေးနွေးဖို့ ကြိုးစားကြည့်သည်။ မရချေ။ ထိုအခါ ကျွန်တော် စာတစ်စောင်ရေးသည်။ ကျွန်တော့်အပေါ် ထားရှိသော သဘောထားကို ပြတ်ပြတ်သားသား ပြောပြရန် တောင်းဆိုသည်။ ကျွန်တော့်အား အရင်ကလိုပင် တွေ့ဆုံခွင့်များ ပြန်ပေးနိုင် မပေးနိုင်။ ကျွန်တော့်ကို ချစ်နေတုန်းပဲလား၊ မုန်းသွားပြီးလား၊ ဖြေပါ။ သို့တည်းမဟုတ် လမ်းခွဲကြတော့မည်လား။

သူ့ပြန်စာသည် ထွေထွေထူးထူး မဟုတ်။ အယူအဆ မတူကြတဲ့ လူနှစ်ယောက်ဟာ စောစောစီးစီးကပဲ လမ်းခွဲကြတာ ကောင်းပါတယ်။

ထို့နောက် အံ့သြထိတ်လန့်ဖွယ်ကောင်းသော သတင်းတစ်ပုဒ်ကို ကြားရသည်။ မ,သည် ဆရာဝန်ပေါက်စတစ်



ယောက်နှင့် တွဲနေသတဲ့။ ဒေါက်တာသက်ဆိုင်ဆိုသော ဆရာဝန်တဲ့။ အစက မယုံခဲ့။ ကျွန်တော်ကိုယ်တိုင်တွေ့မှ ယုံတော့သည်။ မ,သည် ဘယ်သောအခါကမှ ကျွန်တော်ကလွဲလျှင် ဘယ်ယောကျ်ားကလေးနှင့်မျှ တွဲမသွားခဲ့စဖူး။ ထိုအခါကတော့ သူသည် ဒေါက်တာသက်ဆိုင်ဆိုသူနှင့် တွဲလျှောက်သွားသည်ကို မြင်ခဲ့ရသည်။ နောက်တစ်ကြိမ်က သူတို့နှစ်ယောက် ရုပ်ရှင်လက်မှတ်ဝယ်နေစဉ် တွေ့ခြင်း ဖြစ်သည်။

ထိုအချိန်က ကျွန်တော့်စိတ်ထဲတွင် မည်သို့ ခံစားခဲ့ရကြောင်းကို အသေးစိတ် မှတ်မထားချင်တော့။ အသားတဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ခဲ့ရသည်။ ကိုကြီးကောင်းကို ခေါ်၍ လက်ဖက်ရည်ဆိုင်မှာ ညလုံးပေါက်ထိုင်ပြီး ရင်ဖွင့်သည်။ ကျွန်တော့်စိတ်များသည် အံ့သြစရာ ကောင်းလောက်အောင် ပြောင်းလဲသွားသည်။ လွမ်းဆွတ်ခြင်းနေရာတွင် နာကျည်းခြင်း ဝင်ရောက်လာသည်။ အချစ်နေရာတွင် မာနရောက်ရှိလာသည်။ သူ့အကြောင်းကို လုံးဝမေ့ပစ်ဖို့ ကြိုးစားခဲ့သည်။ ထိုစဉ်က သူ့ကို လွှဲပြောင်း လက်ခံယူခဲ့သော ဒေါက်တာ သက်ဆိုင်သည်. . . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဆေးလိပ်သောက်တတ်သလား"

ခေါင်းညိတ်ပြလိုက်သည်။

"တစ်နေ့ ဘယ်နှစ်လိပ်လောက် သောက်သလဲ"

"တိတိကျကျတော့ မှတ်မထားမိဘူး၊ သောက်ချင်သလောက် သောက်တာပါပဲ"

သူ ပြုံးသည်။

"များတယ် ဆိုပါတော့ဗျာ"

ကျွန်တော် မဖြေဘဲ နေလိုက်သည်။

"ညဘက် ဖျားတတ်သလား"

ခေါင်းခါလိုက်၏။

"ချောင်းဆိုးလား"

"တစ်ခါတလေတော့ ဆိုးပါတယ်"

"အအေးမိတာတို့ အစားမှားတာတို့ကြောင့် ဆိုးတာမျိုး မဟုတ်ဘဲ၊ အကြောင်းမဲ့ သက်သက်ဆိုးတာကို ပြောတာပါ"

"အဲသလိုတော့ မဖြစ်ဖူးဘူး"

"အသက်ရှူလို့ မဝတာတို့ အသက်ရှူလိုက်ရင် ရင်ထဲက အောင့်တာတို့"

"မဖြစ်ပါဘူး"

သူသည် ခဏမျှ စဉ်းစားလိုက်ပြီး . . .



"အဆုတ်ရောဂါရှိတဲ့လူနဲ့ နီးနီးကပ်ကပ်နေဖူးလား"

"ကျွန်တော် မသိဘူး ဒေါက်တာ"

သူ ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး . . .

"ခင်ဗျား ဟိုထဲမှာတုန်းက တခြားလူတွေနဲ့ ရောနှောနေခဲ့ရတယ် မဟုတ်လား၊ အဲဒီလူတွေထဲမှာ မရှိနိုင်ဘူးလား"

ကျွန်တော် သူ့ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး . . .

"ကျွန်တော် အထဲကို ရောက်တာ ဒေါက်တာ ဘယ်လိုလုပ်သိလဲ"

"ဆရာဝန်ကြီး ရေးပေးလိုက်တဲ့ စာထဲမှာပါတယ်"

သူ ဘာမျှ ထပ်မမေးတော့ဘဲ ဆေးစားပွဲဆီသို့ ထွက်သွားသည်။ ဆေးထိုးပြွန်တွေ၊ ဆေးပုလင်းတွေဖြင့် ပြင်ဆင်နေသည်။ ထို့နောက် ဆေးတစ်လုံး ထိုးပေးသည်။ ခဏနေပြီး ခုတင်ပေါ်မှ ကျွန်တော် ဆင်းလိုက်သည်။ ကုလားထိုင်မှာ ဝင်ထိုင်သည်။ သူသည် စာရွက်ကလေးတွေကို ဖြန့်၍ ဆေးထည့်နေသည်။ ဟိုပုလင်းထဲက နှိုက်လိုက်၊ ဒီပုလင်းထဲက နှိုက်လိုက် လုပ်နေသည်။ နောက် ဆေးထုပ်ကလေးတွေကို ကျွန်တော့်လက်ထဲ ထည့်ပေးသည်။

"ဘယ်လောက်ကျလဲ ဒေါက်တာ"

ကျွန်တော် မေးသည်။ သူက အားလုံးပြီးမှ ရှင်းတော့ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဗျာဟု ဆိုသည်။

"ဒီလိုဗျာ. . . အားဆေး တချို့ကိုတော့ ခင်ဗျားဘာသာဝယ်ပြီး သောက်ပေါ့၊ သိပ်များများစားဖို့ မလိုတဲ့ ဆေးနဲ့ ထိုးဆေးကိုတော့ ကျွန်တော့်ဆီကပဲ ပေးမယ်၊ ကျွန်တော့် ဆရာရင်းဆီက လာတဲ့ ပေးရှင်ဆိုတော့ ကျွန်တော် အထူးဂရုစိုက်ရမှာပဲဗျ။ ခင်ဗျား ကျွန်တော့်ဆီကို တစ်ရက်ခြားလာပါ၊ အဲဒီလိုမျိုး ဆယ်ကြိမ်လောက်တော့ လာဖို့ လိုလိမ့်မယ်"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ကျွန်တော် နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ အခန်းဝအရောက်တွင် သူ လှမ်းပြောသည်။

"ခင်ဗျားမလာဘဲတော့ မနေနဲ့နော်၊ ခင်ဗျား မလာရင် ခင်ဗျားအိမ်ကို ကျွန်တော် လိုက်လာရလိမ့်မယ်"

သူ့ကို ကျွန်တော် လှမ်းကြည့်သည်။ သူက ရင်းနှီးစွာ ပြုံးပြသည်။ ကျွန်တော့်နှုတ်ခမ်းများကို ထိန်းလို့ မရဘဲ ပြန်ပြုံးပြလိုက်မိသည်။



(၅)

ကျွန်တော့်စိတ်ကို ကျွန်တော်ကိုယ်တိုင်ပင် [illegible] ခက်နေသည်။ မတွေ့ချင် မပတ်သက်ချင်ပါဟု [illegible] သော ဒေါက်တာသက်ဆိုင်ဆီသို့ မှန်မှန်သွားဖြစ်နေခဲ့[illegible] ဖြစ်ပါသည်။

အဘယ်ကြောင့်နည်း။ ရင်းနှီးခင်မင်စွာ [illegible] သူ့အမူအရာကြောင့်လား။ ကျွန်တော် မသွားလျှင် [illegible] မည်ဟု ဆိုခဲ့သောကြောင့်လား။ သူ့ကို ဆရာဝန် [illegible] အဖြစ်သာ သီးခြား သဘောထားခဲ့လို့လား။ လွန်[illegible] ကိစ္စများကို မမေ့နိုင်သည့်တိုင် တသသ စွဲလမ်းနေ[illegible] တော့ဟု သဘောထားလိုက်သောကြောင့်လား။

ကျွန်တော်သည် တည်ငြိမ်ရင့်ကျက်နေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သလား။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်အောင် ကိုယ့်
ကိုယ်ကို ပြုပြင်နေထိုင်ခြင်း အကျင့်ကို စွဲခဲ့လေသလား။ မ,
ပြောခဲ့ဖူးသလို စိတ်ဆန္ဒက တခြား၊ လူမှုရေးတခြားဟု သဘော
ပေါက်နေခဲ့ပါပြီလား။

ထိုအရာများသည် ကျွန်တော်၏ ပင်ကိုစိတ်ထားများ
မဟုတ်ကြ။ 'အထဲက' ထွက်လာခဲ့ပြီး နောက်ပိုင်းတွင် ကျွန်
တော့်စိတ်များ ပျော့ညံ့လွန်းသည်။ အလျှော့ပေးချင်သောစိတ်
ကို ဖယ်ထုတ်ဖို့ ကြိုးစား၍ မရချေ။ ဤသည်ကပင် ကျွန်တော်
အား အကောင်းဘက်သို့ လမ်းညွှန်နေခြင်းဟု ဆိုနိုင်ပါ
သလား။ ကျွန်တော်သည် အသုံးမကျဟု ကိုယ့်ကိုယ်ကို အထင်
သေးမိသည်။ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် ကြိုး
ပမ်းနေထိုင်ဖို့ တဖွဖွပြောခဲ့သော မသည် ခုနေအခါ ကျွန်
တော့်ကိုမြင်လျှင် ဘယ်လိုများ နေပါလိမ့်မည်နည်း။

ကျွန်တော်သည် မတွေးအပ်သော အတွေးတစ်ခုကို
စိတ်ကူးယဉ်နေခြင်း ဖြစ်သည်။ ဒေါက်တာသက်ဆိုင်ဆီသို့
သွားနေခြင်းဖြင့် မ,နှင့် ပတ်သက်၍ မည်ကဲ့သို့သော
အကြောင်းတစ်ခုခုကိုပဲဖြစ်ဖြစ် ကြားသိရနိုင်သည်ဟုသော
မျှော်လင့်ချက်တစ်ခု ကျွန်တော့်ထံတွင် ရှိနေသည် ဆိုလျှင်



"ဒီလိုဗျ. . . ဆရာဝန်ကြီးကလည်း ခင်ဗျားကိုပြော
ချင်ပြောလိုက်မှာပေါ့။ ခင်ဗျားမှာရောဂါ ထွေထွေထူးထူးတော့
မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျား အားနည်းနေတယ်"

ကျွန်တော်က ပြုံးသည်။

"မပြုံးနဲ့လေဗျာ၊ လူဆိုတာ သွားလာလှုပ်ရှားနေနိုင် ရုံနဲ့
ကျန်းမာတယ်လို့ မဆိုနိုင်ဘူး။ ဥပမာဗျာ. . . လူတစ်ယောက်
ဟာ သန်သန်မာမာကြီး ရှိနေတာ မြင်ရပေမယ့် ရောဂါကင်း
တယ်လို့ မပြောနိုင်ဘူး၊ အေးလေ. . . ခင်ဗျားကတော့ဗျာ
ကိုယ်ခံအားနည်းနေတယ်၊ ဒီတော့ ကြိုတင်ကာကွယ်ရမယ်
ဆိုပါတော့၊ ရောဂါတွေ ဝင်မလာအောင် တကယ့်တကယ်
တော့လည်း ကျန်းမာတယ်ဆိုတာ ကိုယ်ရောစိတ်ပါ. . ."

ကျွန်တော် ဆတ်ခနဲ ဖြစ်သွားသည် သူသည် ထိုစကား
ကို အဘယ်ကြောင့် ပြောသနည်း။ ဆရာဝန်တစ်ယောက်အနေ
ဖြင့် ရိုးရိုးပြောခဲ့ခြင်းလော။ သို့တည်းမဟုတ်. . .

"အေးဗျာ. . . အဲဒီလို ဘက်စုံကျန်းမာဖို့ကတော့
မလွယ်ဘူးပေါ့၊ ကျွန်တော်တို့ ကြိုးစားနေဆဲပါပဲ"

"ကျွန်တော်တို့" ဆိုသည်မှာ ကျွန်တော်တို့ နှစ်ယောက်
တည်းကို ဆိုလိုသလား။ ကျွန်တော်တို့ တိုင်းပြည်ဟု ဆိုလို
သလား။ သူစကားလမ်းကြောင်း ပြောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလည်း သိတဲ့အတိုင်းပဲလေ၊ ဟိုအထဲမှာဆို ရင် အစားအသောက် ဆင်းရဲတယ် မဟုတ်လားဗျ၊ ဘယ်လိုပဲဖြစ်ဖြစ် အာဟာရဓာတ် မပြည့်စုံနိုင်တာကတော့ အမှန်ပဲ"

"ဟိုကလူတွေကတော့ ဒီလိုပဲ နေနေကြတာပဲ၊ သိပ်ဆိုးဆိုးရွားရွား မဟုတ်ပါဘူး"

သူ ခေါင်းခါသည်။

"မဟုတ်သေးဘူး ကိုပေါ်ဦး၊ အပေါ်ယံ အခြေအနေကို ကြည့်ပြီး ပြောလို့ မရဘူး၊ ကျွန်တော့်ဆရာတစ်ယောက်နဲ့ လိုက်သွားဖူးတယ်၊ ဟိုမှာကျွေးနေတဲ့ အစားအသောက်တွေဟာ အေးဗျာ၊ ကျွန်တော်တို့ ဆရာဝန်မျက်စိနဲ့ ကြည့်ရင်ပေါ့၊ လိုအပ်တဲ့ အာဟာရတွေနဲ့ လုံးဝ ပြည့်စုံတယ်လို့ မဆိုနိုင်သေးဘူး၊ ဝအောင်စားရတိုင်း အကျိုးဖြစ်တာ မဟုတ်ဘူးဗျ၊ အေးလေ အဲဒါလည်း ကျွန်တော်တို့ ကြိုးစားကြဦးမှာပဲပေါ့"

လာပြန်ပြီ 'ကျွန်တော်တို့' ဆိုသောစကား သူခဏ နားသောအချိန်တွင် ကျွန်တော် ဝင်ပြောသည်။

"ဆရာဝန်တစ်ယောက်အနေနဲ့ ကြည့်ရင်တော့ ဘယ်အစားအသောက်ကိုမှ စိတ်တိုင်းကျမှာ မဟုတ်ပါဘူး ဒေါက်တာ၊ ဩော်. . . ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောတာနော်"

သူ ပြုံး၍. . .



"ပြောပါဗျာ၊ ကျွန်တော့်ကို ခုလို ရင်းရင်းနှီးနှီး ဆက်ဆံတာကို ကျွန်တော် ဝမ်းသာပါတယ်၊ ဟုတ်တယ်ဗျာ၊ တစ်ခါတလေတော့လည်း ကိုယ့်ကိုယ်ကို ရယ်ချင်တယ်၊ လူတိုင်းကို လူနာလို့ပဲ ထင်နေတတ်တယ်၊ မရယ်နဲ့ဗျ၊ ကျွန်တော့်မျက်စိထဲမှာတော့ ရောဂါပိုးတွေချည်း မြင်နေတော့တာပဲဗျာ"

"တကယ့်တော့ ဒေါက်တာ၊ ထောင်မကျပေမယ့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူအတော်များများဟာ အာဟာရဓာတ်ချို့တဲ့တဲ့ ဒဏ်ကို ခံနေကြရတာပဲ မဟုတ်လားဗျ"

"အဲဒါလည်း ကျွန်တော်တို့ ကြိုးစားကြရဦးမှာပဲ"

ကျွန်တော်တို့နှစ်ယောက် အားပါးတရ ရယ်ပစ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ကိုကြီးကောင်း ပြန်ရောက်လာသည်။ သူသည် ကျွန်တော် ပြန်ထွက်လာကြောင်း သိရသဖြင့် ဝမ်းသာနေသည်။ ကျွန်တော်သည်လည်း သူ့ကို တွေ့ရသည့်အတွက် အလွန် ဝမ်းသာမိသည်။

သူက ခု သမဝါယမမှာ မဟုတ်တော့၊ ခာတ်သတ္တုနှင့် ဘူမိဗေဒစူးစမ်းရှာဖွေရေးတဲ့။ မြိတ်မြို့ပတ်ဝန်းကျင်က ကျွန်းတစ်ကျွန်းမှာ နေရသည်။ ရွှေကျွန်း။ ခုရန်ကုန်ကို တာဝန်နှင့် ခဏလာရခြင်း ဖြစ်သည်။ သုံးရက်ပဲနေပြီး ပြန်ရမည်။ အိမ်မှာပင် တည်းဖို့ ပြောသော်လည်း မရ။ သူတို့က အုပ်စုလိုက် လာရခြင်း ဖြစ်သောကြောင့် တခြားလူတွေနှင့် တကွဲတပြား မနေချင်ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သူရောက်သောညတွင် ကျွန်တော်တို့နှစ်ယောက် အရင်ကထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်သည်။ ကျွန်တော်သည် ပြောပြချင်လွန်းအားကြီးသဖြင့် လက်ဖက်ရည်ဆိုင်ရောက်အောင်ပင် မစောင့်နိုင်။ လမ်းလျှောက်ရင်းပင် စတင်ပြောသွားခဲ့လေသည်။ ဒေါက်တာသက်ဆိုင်နှင့် တွေ့သည့်အကြောင်း။

"အဲဒါပဲ ကိုကြီးရာ၊ ဘယ်လောက် ထူးဆန်းသလဲလို့"

"အေးလေကွာ၊ လောကကြီးဆိုတာ အထူးအဆန်းတွေနဲ့ချည်း ပြည့်နှက်တာပဲလို့ ဘုရားဟောရှိတယ် မဟုတ်လား"

ကိုကြီးကောင်းသည် လျှောက်နေရာမှ ကျွန်တော့်ကိုကြည့်ပြီး. . .

"မင်းစကားပြောပုံက တစ်မျိုးပဲကွ၊ အရင်ကနဲ့ မတူတော့ဘူး"

"တည်တည်ငြိမ်ငြိမ် ဖြစ်သွားတယ်လို့ ပြောမလို့လား"

"အေးကွ"

"တည်ငြိမ်တာ မဟုတ်ဘူး၊ ပျော့ညံလာတာဗျ"

"တခြားစီပါကွာ"

"မတခြားဘူး ကိုကြီး၊ ကျွန်တော် သိတယ်၊ ကျွန်တော့်စိတ်တွေ အရင်နဲ့ မတူဘူး၊ အလျှော့ပေးတတ်လွန်းတယ်၊



ဒေါက်တာသက်ဆိုင်ဆီမှာ ဆေးကုခံနေတဲ့ အဖြစ်ကိုပဲ ကြည့်လေ၊ ဒါကြောင့် အိမ်မှာတုန်းက ကိုကြီးကို ပြောခဲ့တယ် မဟုတ်လား၊ ကျွန်တော့်စိတ်တွေ ပုံမှန်မဖြစ်သေးဘူး ဆိုတာလေ"

"ဘာကွ၊ ဂျစ်ကန်ကန် ပေကပ်ကပ် ဇွတ်တရွတ်ကို ပြောတာလား"

"ဟုတ်တယ် ကိုကြီး၊ ကျွန်တော် အဲဒါပဲ ကြိုက်တယ်၊ အဲဒါ ရိုးသားတာပဲ မဟုတ်လား၊ ခုဒီလိုမဟုတ်ဘူးဗျာ၊ ပက်ခနဲ ပြောလိုက်ချင်ပေမယ့်လည်း အရှင်လို ပြောမထွက်တော့ဘူး၊ တချို့ကိစ္စတွေမှာ မဟုတ်မှန်း သိရက်နဲ့ ငြိမ်နေလိုက်မိတယ်၊ မလုပ်ချင်တာတွေကိုလည်း လုပ်နေရတယ်၊ စိတ်ကို တင်းထားပေမယ့် မရဘူးဗျာ"

"အေးကွာ၊ လူများစုက အဲဒီလိုနေမှ ကြိုက်တော့ အဲဒီလိုပဲ နေနေရမှာပဲ၊ ဒါမှ. . ."

"ဘာလဲဗျ၊ အဲဒါ လူမှုရေးပေါ့ ဟုတ်လားပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် လိုက်လျောညီထွေနေဖို့ အဲဒါမ,ပြောနေကျစကားပဲ၊ အင်းလေ၊ ခုနေခါသာ သူ ကျွန်တော့်ကို မြင်ရင် သိပ်သဘောကျသွားမလား မသိဘူး"

ကျွန်တော် ခြောက်ကပ်ကပ် ရယ်လိုက်သည်။ ကိုကြီးကောင်း ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မခင်လေးခင့်ကို စိတ်နာနေတုန်းပဲလား"

"မသိတော့ပါဘူးဗျာ၊ အဲဒါတွေ"

"မင်း စိတ်မနာသင့်ဘူး မောင်ဦး"

ကျွန်တော် သူ့ကို လှည့်ကြည့်သည်။ သူ့မျက်နှာထားသည် တည်ငြိမ်နေ၏။

"မင်းကို ပြောပြစရာတွေ ရှိတယ်၊ မင်းမသိသေးတာ အများကြီးပဲ၊ လာကွာ"

လက်ဖက်ရည်ဆိုင်သို့ ရောက်လာသည်။ ထောင့်အကျဆုံး စားပွဲမှာ ဝင်ထိုင်သည်။ လက်ဖက်ရည် နှစ်ခွက်မှာလိုက်သည်။ တကယ်တော့ လက်ဖက်ရည်ပင် မှာစရာ မလိုတော့။ ခုအချိန်အခါတွင် လက်ဖက်ရည် သောက်ရန်ပင် မေ့လျော့နေအပ်သော စကားများကို ကြားရပေတော့မည်ဟု ကျွန်တော် အလိုလို သိလိုက်၏။

❂ ❂ ❂

ကိုကြီးကောင်း ပြောပြသော အကြောင်းအရာများသည် ကျွန်တော်ကိုယ်တိုင် ပါဝင်ခဲ့သော ဖြစ်ရပ်များဟုပင် မထင်တော့။ စိတ်ကူးယဉ် ဇာတ်လမ်းတစ်ပုဒ်သဖွယ်ပင် အတွေ့အကောက်၊ အလှည့်အပတ်တွေနှင့်။ လျှို့ဝှက်ချက်တွေ



အတိပြီးသည်။

"မင်း အထဲကို ရောက်သွားပြီးတဲ့နောက် သူနဲ့ ငါ တွေ့တယ်၊ မင်းအထဲ ရောက်သွားတဲ့အကြောင်းကို သူသိသွားတော့မှ ငါ့ကို ပြောပြတာပါပဲ"

ကျွန်တော်သည် တည်ငြိမ်မှု မရှိ၊ လေးလေးနက်နက် မရှိ။ ရှေ့ရေးကို မစဉ်းစား၊ ဖွတ်တရွတ်နိုင်သည်။ ဆင်ခြင်တွေးတောခြင်း မရှိဘဲ လုပ်ချင်ရာလုပ်သည်။ သူ့စကားကို နားမထောင်။ ထို့ကြောင့် သူ့စိတ်ပျက်စပြုလာသည်။ ထိုအချိန်တွင် သတင်းစကားတစ်ခုကို သူ ဝမ်းနည်းစွာ ကြားရသည်။ ကျွန်တော့်မိဘတွေက သူနှင့် လုံးဝသဘောမတူနိုင်ကြောင်း။

"ဘာပြောတယ် ကိုကြီး၊ မေမေတို့က ကျွန်တော်တို့အကြောင်း သိတောင် မသိဘူး၊ အဲဒီစကားကို ဘယ်သူက သွားပြောတာလဲ"

"ဘယ်သူရှိမလဲကွ၊ စဉ်းစားကြည့်ပေါ့ ကိုခင်မောင်တင့်လေ"

"တောက် . . . တော်တော်ယုတ်မာတဲ့လူ၊ ကျွန်တော် သူ့ကို ရှာပြီး ဆွဲထိုးပစ်မယ်"

"မင်း ထိုးစရာ မလိုပါဘူးကွ၊ သူ့စရိုက်နဲ့သူ သွားပါပြီ၊ သူတို့ရပ်ကွက် သမဝါယမအသင်းကို လုပ်ငန်းစစ်ဆေးရေး

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က ဝင်စစ်တော့ ငွေတွေစားထားတာ မိသွားလို့ ထောင်ကျသွားပြီ။ အင်း. . . ဆန်းတော့ ဆန်းတာယ်၊ ဝင်စစ်တဲ့ အဖွဲ့မှာ ခေါင်းဆောင်က မင်းနဲ့ ကြက်တောင်ရိုက်တဲ့ လူရဲ့ အဖေပေါ့"

ကိုကြီးကောင်းက ဆက်ပြောပြန်သည်။ မတို့ စီးပွားရေး အခြေအနေမကောင်း။ စုဆောင်းထားသည့်ငွေ ကုန်ပြီး အိမ်ကို ရောင်း၍ တာမွေအိုးစု ရပ်ကွက်ထဲသို့ ပြောင်းရသည်။ ပိုလျှံသောငွေကလေးဖြင့် မ ဆေးကုသည်။

"ဘာအတွက် ဆေးကုရတာလဲ"

"သူ့မှာ အဆုတ်ရောဂါ ဖြစ်လာလို့တဲ့"

"ဗျာ"

ဒေါက်တာ သက်ဆိုင်၏ မေးခွန်းတစ်ခု။ ခင်ဗျား အဆုတ်ရောဂါရှိတဲ့လူနဲ့ နီးနီးကပ်ကပ်နေဖူးလား။ ပြီးတော့ မ,သည် နောက်ပိုင်းတွင် ကျွန်တော်နှင့် အ...ားချင်းပင် မထိအောင် ရှောင်နေခဲ့သည်။ လုံးဝ အနမ်းမခံဘဲ နေခဲ့သည်ကို သတိရမိ၏။

"ကျွန်တော် မသိခဲ့ရဘူး ကိုကြီး"

"အဲဒါကို ငါလည်း နားမလည်နိုင်ဘူး၊ သူ မင်းကို ဘာဖြစ်လို့ ဖွင့်မပြောခဲ့သလဲဆိုတာ၊ တစ်ခုတော့ ပြောတယ်



ကွ၊ မင်းကို ရောဂါကူးမှာ သူ စိုးရိမ်တယ်တဲ့"

မတို့ မိသားစုတွင် ဒုက္ခတွေ ဆက်တိုက်ဖြစ်ပေါ်လာသည်။ မ၏ အစ်ကိုကြီး ရှေ့တန်းမှာ ကျဆုံးသွားသည်။ မ,၏ ရောဂါအတွက် ငွေအကုန်အကျများသည်။

"ဒါကြောင့် သူ မင်းကိုရော မင်းအသိုင်းအဝိုင်းကိုပါ လုံးဝ အဆက်အသွယ် ဖြတ်ပစ်လိုက်တာပဲ၊ သူ အားငယ်တတ်တယ် ထင်ပါရဲ့ကွာ"

မှန်သည်။ တစ်ခါက ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ကျောင်းဝင်းထဲတွင် ထိုင်ကြရင်း 'မက ကိုယ့်ကျောင်းလည်း မဟုတ်ဘဲနဲ့ လာတာ မရှက်ဘူးလား' ဟု ကျွန်တော် စသည်။ အခြေအနေအရ သူ လုပ်သားကောလိပ် ပြောင်းသွားရသည်ကို သတိရပြီး သူ မျက်ရည်ဝဲလာခဲ့သည်။

"ကျွန်တော် နားမလည်နိုင်ဘူး ကိုကြီး၊ ကျွန်တော့်ကျတော့ ရောဂါကူးမှာစိုးတယ်တဲ့၊ ဟိုဆရာဝန်ကျတော့ကော"

"ဟိုက ဆရာဝန်ကိုးကွ၊ မင်းစဉ်းစားကြည့်လေ၊ ကျန်းမာရေး အခြေအနေအရကော၊ စီးပွားရေး အခြေအနေအရကော အဲဒီအချိန်မှာ ဘယ်သူ့ကို အားကိုးသင့်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ဒေါက်တာ သက်ဆိုင်ဆီသို့ ကျွန်တော် လုံးဝမသွားဘဲ နေလိုက်သည်။ မ,နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းများ ကျွန်တော် မတွေ့ချင်တော့။ ထူးခြားလာမည် မဟုတ်သော အကြောင်းများကို ထပ်မဖြစ်ချင်။ သူ့ကို ခွင့်လွှတ်ဖို့ ကိစ္စကိုလည်း ကျွန်တော် မသိ။ ကျွန်တော်သိသော တစ်ခုတည်းမှာ သူ့ကို လုံးဝမေ့ပစ်ရန် ကြိုးစားလိုခြင်းပင် ဖြစ်သည်။ အမှန်တကယ် ဖြစ်ပျက်ခဲ့သော ကိစ္စတစ်ခုကို မေ့ပစ်ရန် ကြိုးစားခြင်းသည်ပင် မဖြစ်နိုင်သောအရာ။

သူ့အကြောင်းနှင့် တိုက်ဆိုင်သည်တို့ကို ကြုံတွေ့ရတိုင်း သူ့ကို သတိရမိမြဲ။ တကယ့်တကယ်တော့ ကျွန်တော်ကိုယ်တိုင်ကပင် သူ့ကို သတိရရှိရမည့်အခါတွင် စိတ်ပါဝင်စားလာစမြဲပင်။

မည်သို့မျှ ချုပ်တည်းထားနိုင်းစွမ်း မရှိသောကြောင့် အလုပ်တစ်ခုကို လုပ်ဖြစ်လိုက်သည်။ စက္ကူအိတ် ခနက်ဖြင့် ထည့်၍ ဆယ်လိုတိပ်ဖြင့် အငသေကပ်ပိတ်ထားခဲ့သော အမှတ်တရပစ္စည်းများ။

ဘတ်စ်ကားလက်မှတ် (၁၄၈) စောင်။ ရုပ်ရှင်လက်မှတ် (၁၄) စောင်။ သူက ရှောင်နေသော ရက်များအတွင်း သူ့ကို ပေးမည်ဟု စိတ်ကူးပြီးမှ မပေးဖြစ်ခဲ့သောစာ။ လုပ်



မည်ဆိုပြီးမှ မလုပ်ဖြစ်ခဲ့သော ကိစ္စများ။ မနက်က ငါးမျှားတယ်၊ နေ့လယ်က ဖဲရိုက်၊ ညကျရင် အရက်သောက်မယ်။ ပို့စကတ်တစ်စောင်၊ သူ့ကို ပို့စကတ်ပေးခဲ့စဉ်က ဆင်တူတစ်စောင် ပိုဝယ်သည်။ သူ့ဆီကို ရေးပေးလိုက်သည့်အတိုင်း ရေးပြီး ကျွန်တော် တစ်စောင် သိမ်းထားခဲ့သည်။ ရွှေငှက်လိုအတောင်ပေါက်ရင်ဖြင့် နှစ်ခေါက်လောက် လာချင်သည်၊ မမတို့ဆီ 'ငှက်ကလေးနှစ်ကောင် ယှဉ်တွဲပျံသန်းနေပုံ။ ပြီးတော့ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော နှင်းဆီပန်းခြောက်ကလေး။

ဒီပစ္စည်းတွေကို အမှတ်တရ တရိုတသေ သိမ်းဆည်းထားသည်ကပင် ကျွန်တော့်စိတ်အနေအထားကို ဖော်ပြနေလေသလား။

ထိုပစ္စည်းကလေးများကို ကြည့်ရင်း ရင်ထဲက တလှိုက်လှိုက် ဖြစ်လာသည်။ ထူးဆန်းလှ၏။ ကျွန်တော်သည် ဒီနေ့ သူ့ကို ထူးထူးခြားခြား ပြင်းပြစွာ သတိရနေခဲ့လေသည်။

"ဧည့်သည်ရောက်နေတယ် သား"

ကျွန်တော် ရုတ်တရက် လန့်သွားသည်။ မေမေက လာပြောခြင်းသည်။ ဧည့်ခန်းကို ထွက်ခဲ့သည်။ ကုလားထိုင်တွင် ထိုင်နေသူ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဒေါက်တာ"

သူ ပြုံးပြသည်။

"ခင်ဗျားကို လာခေါ်တာ၊ အဝတ်အစားလဲဗျာ၊ သွားရအောင်"

ကျွန်တော် သူနှင့် လိုက်သွားရသည်။ သူကားစုတ်ကလေးဖြင့် ကျွန်တော့်ကို သူ့ဆေးခန်းသို့ ခေါ်သွားသည်။

"ခင်ဗျားဗျာ. . . တော်တော်ဆိုးတဲ့လူ၊ ကျွန်တော့်ဆီ ဘာဖြစ်လို့ မလာတာလဲ"

သူ မေးသည်။

"ကျွန်တော် မအားလို့ပါ"

"မအားလို့ ရမလားဗျ၊ ဒီထိုးဆေးကိုစ်ကုန်ဖို့က တစ်လုံးပဲ လိုတော့တာ၊ နောက်ဆုံး တစ်လုံးကျမှ ကပ်ပြီး မလာဘဲ နေရသလားဗျ"

❋ ❋ ❋

သူ ကျွန်တော့်ကို ဆေးထိုးပေးသည်။ ထို့နောက် ခုတင်ပေါ် တက်၍ လှဲခိုင်းသည်။ စမ်းသပ်သည်။

သူသည် ကျွန်တော့်မျက်လုံးကို ဖြဲကြည့်၏။ မျက်လုံးထဲတွင် ထင်ဟပ်နေသော အရိပ်များကို သူ မြင်လေသလား။



ပါးစပ်ဟခိုင်းသည်။ ကျွန်တော် ပြောချင်နေသော စကားများကို သူ ကြားပါမည်လား။

ရင်ပတ်ကို နားကြပ်ဖြင့် ထောက်သည်။ နှလုံးသားထဲက အကျွရာအကြောင်းကို သူ သိနိုင်ပါမည်လား။

"အိုကေ၊ ခင်ဗျား လုံးဝ ကောင်းနေပြီ"

သူကား ဆရာဝန်ပီသလေသည်။ ကျွန်တော်ကတော့ လူနာပီသပါရဲ့လား မသိ။ သူ့ကို မေးသည်။

"ကျွန်တော့်အတွက် စာရင်းရှိတယ် မဟုတ်လား ဒေါက်တာ၊ ဘယ်လောက်ကျသလဲ"

"ဘယ်လောက်မှ မကျဘူး"

"ဗျာ"

သူ ပြုံး၍. . .

"ဟုတ်တယ်လေ၊ ခင်ဗျားကို ကျွန်တော်ခင်လို့ မေတ္တာနဲ့ ကုပေးတာပါ"

"ဟာ. . . မဟုတ်တာ ဒေါက်တာရယ်"

ကျွန်တော် အင်္ကျီအိတ်ကို နှိုက်မည်ပြုသည်။ သူ ကျွန်တော့်လက်ကို ဖမ်းကိုင်လိုက်ပြီး. . .

"ကျုပ် အလကား ကုပေးတယ်ဗျာ၊ ပိုက်ဆံ မယူဘူးဗျာ၊ ခင်ဗျား ဘာပြောမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရယ်နေလိုက်သည်။ ထို့နောက် အနောက်အပြောင်သဘောဖြစ်သော စကားတစ်ခွန်းကို. . .

"ဒေါက်တာက မယူတာ အရေးမကြီးဘူး၊ ဒေါက်တာ့ဇနီးက ပြောနေဦးမယ်"

သူ့မျက်နှာ ချက်ချင်း တည်သွားသည်။ ခေါင်းကို ယမ်းသည်။ သက်ပြင်းချသံ ရောစွက်နေသော အသံဖြင့် ပြောသည်။

"ကျွန်တော့်မှာ အိမ်ထောင် မရှိပါဘူးဗျာ"

"ခင်ဗျာ"

ကျွန်တော် သူ့ကို အံ့သြခြင်းကြီးစွာ ငေးစိုက်ကြည့်နေလိုက်သည်။ သူက. .

"ထိုင်ပါဦးဗျာ၊ ကျွန်တော်တို့ စကားပြောရအောင်"

⊛ ⊛ ⊛

ကျွန်တော့်ကို လုံးဝ နေကောင်းပြီဟု သူ အဘယ်ကြောင့် ပြောခဲ့ပါသနည်း။ ကျွန်တော့်တစ်ကိုယ်လုံးတွင် အင်အားတွေ လုံးဝ ဆုတ်ယုတ်နေပြီဟု ထင်သည်။ ခုမှပင် ကျွန်တော်သည် လူနာအစစ် ဖြစ်ခဲ့ချေပြီ။ ဘာကယ်တော့ ဆရာဝန်စင်စစ်ဖြစ်သော သူကိုယ်တိုင်၏ စကားများထဲ၌ ရင်မောသံတွေ ပါနေသည်။

"ဟုတ်တယ် ကိုပေါ်ဦး၊ သူ့ အဆုတ်ရောဂါဖြစ်ခဲ့တာ



အမှန်ပါပဲ"

သူသည် နံရံတွင် ကပ်ထားသော ဆေးကြော်ငြာစာရွက်ထဲမှာ လူနှလုံးပုံကို ငေးစိုက်ကြည့်ရင်း ပြောသည်။

"သူနဲ့ ကျွန်တော်ဟာ ငယ်ငယ်က တစ်မြို့တည်းမှာ နေခဲ့ဖူးပါတယ်၊ သိပ်ရင်းရင်းနှီးနှီး မဟုတ်ပေမယ့် တစ်ကျောင်းတည်းဆိုတော့ သိကျွမ်းနေခဲ့တာပေါ့၊ သူ ဓာတ်မှန်ရိုက်ဖို့ ဆေးရုံကို လာတဲ့အချိန်မှာ ကျွန်တော်နဲ့ ပြန်ဆုံခဲ့တာပါ။ သူ ဆေးကုဖို့ ကိစ္စတွေအားလုံး ကျွန်တော် လိုက်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"

ဒေါက်တာသည် ကြည်နူးဖွယ်မဟုတ်သော အပြုံးကို ပြုံးလိုက်သည်။

"ကျွန်တော် သူ့ကို စိတ်ဝင်စားခဲ့ပါတယ်၊ သူငယ်ချင်းလည်း ဖြစ်၊ ရောဂါသည်လည်း ဖြစ်တဲ့အတွက် သူ့ကို သနားမိရာက မေတ္တာရှိခဲ့ပါတယ်၊ ဒါပေမယ့်. . ."

သူ ခဏနား၍. . .

"ဒါပေမယ့် သူ ကျွန်တော့်ကို လုံးဝ မတုံ့ပြန်ခဲ့ပါဘူး"

ကျွန်တော် သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ သူ့မျက်လုံးများသည် လူနာကို အားပေးတတ်သော မျက်လုံးများ မဟုတ်တော့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို လက်ထပ်ခွင့်တောင်းခဲ့ပါတယ်၊ သူက ခင်ဗျားနဲ့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကို ကျွန်တော့်ကို အကုန်ပြောပြခဲ့တယ်၊ ခင်ဗျားဓာတ်ပုံကိုလည်း ကျွန်တော့်ကို ပြပြီး သက်သေထူခဲ့တယ်၊ ပြီးတော့ သူ့တစ်သက်မှာ နောက်ထပ် ဘယ်သူ့ကိုမှ မစဉ်းစားတော့ဘူးလို့ ပြောတယ်၊ သူ့ရောဂါကို ကျွန်တော် ပျောက်အောင် ကုပေးပြီးတော့ သူ့ကို လက်ထပ်ချင်တယ်ဗျာ၊ ဒါပေမယ့်. . ."

သူ့အသံသည် တိမ်ဝင်သွား၏။ အမြင့်မားဆုံးသော စိတ်လှုပ်ရှားမှုဖြင့် ကျွန်တော်မေးသည်။

"ခု. . . သူ ဘယ်မှာလဲ"

"ခင်ဗျားလိုက်သွားလို့ မဖြစ်ပါဘူး"

သူ လှိုက်လှဲစွာ ပြောသည်။

"ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ သုံးလလောက်က သူ ဆုံးသွားရှာပါပြီ"

"ခင်ဗျာ"

ကျွန်တော် ငုန်းကနဲ ထရပ်လိုက်သည်။ ကျွန်တော့် တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်နေ၏။ သူ ကျွန်တော့်ပခုံးကို လှမ်းကိုင်သည်။ ဘာစကားမျှမပြောဖြစ်ကြဘဲ တစ်ယောက်နှင့် တစ်ယောက် စိုက်ကြည့်နေကြသည်။ သိနှင့်ပြီးသော သူ

BURMESE CLASSIC .com



နှင့် ခုမှသိရသောသူ မည်သူက ပို၍ ကြေကွဲနိုင်သနည်း။

ဆရာဝန်များတွင် မျက်ရည်ရှိသလော။

လူနာတွင် မျက်ရည်ရှိကြောင်း သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဘဝဆိုသည်မှာ စနစ်တကျ ဖွဲ့စည်းထားသော အရာ ဖြစ်ပါသလော၊ နှစ်ရှည်စီမံကိန်းကြီးတစ်ခုကဲ့သို့ တိကျသော အချက်အလက်များ ပေါင်းစည်း ပါဝင်နေပါသလော။ သို့တည်းမဟုတ် သူ ဖြစ်ချင်သလို ဖြစ်နေသောအရာပင်လော။

ကျွန်တော် မသိ၊ မသိချင်။ ကျွန်တော် သိနေသည်မှာ မကို ချစ်သည်။ မ ကို ကျွန်တော် လွမ်းရသည်။

ဒေါက်တာသက်ဆိုင်သည် ကိုကြီးကောင်းနေရာတွင် အစားဝင်ရောက်လာခြင်း။

အိုးစုတွင် တစ်ယောက်တည်းနေ၍ ကွမ်းယာဆိုင် ကလေးဖြင့် အသက်မွေးနေရရှာသော မဓါဖခင်ကြီးကို သွား ရောက်ပြုစုခြင်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းကလေးများတွေ့လျှင် ပလတ်စတစ်အိတ်ထဲတွင် တယုတယ ထည့်သွင်းသိမ်းဆည်းထားတတ်ခြင်း။

ထို့အတွက် ကျွန်တော့်ကို ဘယ်လိုပြောကြပါမည်နည်း။ ပြောချင်သလို ပြောကြပါစေ။

ကျွန်တော့်ကိုယ် ကျွန်တော် သိသည်။ ကျွန်တော့်တွင် အတော်ကြာအောင် ပျောက်ဆုံးနေသော ပင်ကိုစိတ်ကလေးများကို ပြန်လည် ရရှိသည်။ တွေဝေခြင်း၊ ပျော့ညံ့ခြင်းတို့ မရှိတော့။

ကျွန်တော့်မှာ လုပ်စရာတွေ အများကြီး ရှိနေသည်။

ကျောင်းပြန်တက်ရမည်။

အထဲမှာ ကျန်နေခဲ့သော သူငယ်ချင်းများကို ထောင်ဝင်စာ သွားတွေ့ရမည်။

မ,ကို လွမ်းရမည်။

ပြီးတော့. . .

မှတ်မိကြမည်လား မသိ၊ ကျွန်တော် အထဲက ထွက်လာခဲ့စဉ်က မြေနီကုန်းဈေးက အဒေါ် ဆီဝင်သည့်အကြောင်း၊ ကျွန်တော့်အား ငါးမူးစေ့ တစ်စေ့ကို သူတောင်းစားပေးသလို ပေးခဲ့သည့်အကြောင်း၊ မှတ်မှတ်ရရ ငါးမူးစေ့ အလေးစေ့ အပေါက်ကလေးဖောက်၍ ကြိုးဖြင့်သီပြီး ကလေးတွေ လည်



ပင်းမှာ ခမည်းပေးသည့်သဘော ဆွဲပေးတတ်ပြီး သုံးစရာမရှိမှ အပေါက်ကို ထုံးဖြင့်ပိတ်၍ ပြန်သုံးလိုက်ဟန်တူသော ငါးမူးစေ့။

ထိုပိုက်ဆံငါးမူးစေ့ကို ပြန်ပေးရမည်။ ရိုးရိုးပြန်ပေးလို့ မဖြစ်။ ငါးမူးစေ့အလေးစေ့တစ်စေ့ကို ရအောင်ရှာသည်။ ပြီးတော့ ရပ်ကွက်ထဲက တွင်ခုံကို သွားသည်။ ငါးမူးစေ့ အလေးစေ့ကလေးကို တွင်ဆရာ၏ လက်ထဲသို့ ထည့်လိုက်ပြီး ကျွန်တော် ပြောလိုက်သည်။

"ဒီငါးမူးစေ့ကို အပေါက်ကလေး တစ်ပေါက်ဖောက်ပေးစမ်းပါဗျာ"

မင်းလူ

ပြီးပါပြီ

BURMESE CLASSIC .com

www.burmeseclassic.com